# ဗုဒ္ဓဟောကြား လူကျင့်တရား

ရေးသားသူ

## ဘုန်းနွယ် (ရေစကြိုု)

အရှင်ဇေသိက (ဘုန်းနွယ်)
စာပေရောင်ခြည်ကျောင်း
အောင်မြေသာယာသူဌေးတိုက်
ရေစကြိုမြို့။

# မာတိကာ


| | |
|---|---|
| ၁။ ဗုဒ္ဓဟောကြား လူကျင့်တရား | ၃ |
| ၂။ သူ့သက်သတ်တာ ရှောင်ကြဉ်ပါ | ၇ |
| ၃။ မပေးဥစ္စာ ရှောင်ကြဉ်ပါ | ၁၂ |
| ၄။ ကာမမိစ္ဆာ ရှောင်ကြဉ်ပါ | ၁၆ |
| ၅။ စကားလိမ်ညာ ရှောင်ကြဉ်ပါ | ၂၁ |
| ၆။ ကုန်းတိုက်ပြောတာ ရှောင်ကြဉ်ပါ | ၂၅ |
| ၇။ ဆဲရေးတိုင်းထွာ ရှောင်ကြဉ်ပါ | ၃၀ |
| ၈။ ကျိုးမဲ့ပြောတာ ရှောင်ကြဉ်ပါ | ၃၅ |
| ၉။ ရမ္မက်ဘိဇ္ဈာ ရှောင်ကြဉ်ပါ | ၃၉ |
| ၁၀။ ဖျက်စိတ်ဝင်လာ ရှောင်ကြဉ်ပါ | ၄၃ |
| ၁၁။ ယူမှားမိစ္ဆာ ရှောင်ကြဉ်ပါ | ၄၇ |
| ၁၂။ မူးယစ်သေစာ ရှောင်ကြဉ်ပါ | ၅၁ |

# ဗုဒ္ဓဟောကြား လူကျင့်တရား

## ဘဝဖူလုံးရေးတရား လေးပါး

လူသားတို့သည် ဘဝဖြစ်စဉ်ကို စတင်စဉ်ကတည်းက လိုအင်တရား လေးပါးဖြင့် ရှင်သန်လှုပ်ရှားနေခဲ့ကြ၏။ ဤလိုအင်များမှာ–

၁။ စားသောက်ရေး ၊

၂။ ဝတ်ဆင်ရေး ၊

၃။ နေထိုင်ရေး ၊

၄။ စိတ်ဖြေရေး တို့ ဖြစ်သည်။

ဤလိုအင်တရားများမှာ လူသားဘဝအတွက် မရှိလျှင် မဖြစ်သော လိုအပ်ချက်များ ဖြစ်သည်။ ဤလိုအပ်ချက်များ ပြည့်စုံမှသာလျှင် လူ့ဘဝအတွက် ပြည့်စုံ ဖူလုံမည် ဖြစ်၏။ ထို့ကြောင့် ဤတရား လေးပါးကို ' ဘဝဖူလုံရေးတရား ' ဟု ခေါ်ဆိုနိုင်လေသည်။

သမိုင်းစဉ် တစ်လျှောက်၌ ပေါ်ပေါက်ခဲ့သော လူသားတို့သည် ဘဝဖူလုံရေး တရားတို့ကို အခြေခံထား၍ တိုးတက်ကြီးပွားအောင် ဆောင်ရွက်ခဲ့ကြ၏။ နည်းအမျိုးမျိုးဖြင့် ကြိုးပမ်းခဲ့ကြ၏။ ကြိုးပမ်းသည့် အလျောက်လည်း ဆင့်ကဲဖြစ်စဉ်အရ တိုးတက် ကြီးပွားလာခဲ့ကြသည်။ ဂူနေလူသားဘဝမှ မိုးပျံခိုက်ကြီးများကို တည်ဆောက်၍ နေနိုင်လာခဲ့ကြသည်မှာ လူသားတို့၏ စွမ်းပကားကြောင့်ပင် ဖြစ်ပေသည်။ ထို့ပြင်–

– စားသောက်မှုဆိုင်ရာ တိုးတက်မှုများ ၊

– ဝတ်ဆင်မှုဆိုင်ရာ တိုးတက်မှုများ ၊

– စိတ်ဖြေမှုဆိုင်ရာ တိုးတက်မှုများ–

လည်း အတိုင်းမသိ ဖြစ်ထွန်း ကျယ်ပွား၍ လာခဲ့လေသည်။ ဤသို့ တိုးတက် ဖြစ်ထွန်းလာခဲ့သည်မှာ လူတို့၏ ဉာဏစွမ်းရည် အလီလီကြောင့် ဖြစ်ပေသည်။

## တိုးတက်မှုအတွက် စွမ်းဆောင်ချက်များ

ယနေ့ လူသားတို့၏ တိုးတက်မှု အခြေအနေမျိုးကို ရရှိရန်အတွက် အတိတ်နှစ် ထောင်စုပေါင်း များစွာမှ စ၍ ကြိုးပမ်းခဲ့ကြရ၏။ လူသားတို့သည် တိုးတက်ရေးအတွက် ကမ္မခေါ် အလုပ်ဝါဒကို ပဓာနပြု၍ ကြိုးပမ်းခဲ့ကြရသည်။ ဘဝတစ်ခု ရှင်သန်နိုင်ရန်အတွက် အလုပ်ကံ နှစ်မျိုးဖြင့် စတင်၍ ဆောင်ရွက်ခဲ့ရသည်။ လူသားဘဝ၏ ပထမအချိန်က–

– စိတ်ဖြင့် တွေးကြံ၍လည်းကောင်း ၊

– ကိုယ်ဖြင့် ဆောင်ရွက်၍လည်းကောင်း–

ပြုလုပ်ခဲ့ကြရသည်။

ဖော်ပြပါ အလုပ်နှစ်မျိုးကို စိတ်အလုပ်နှင့် ရုပ်အလုပ်ဟူ၍ ခေါ်ဆိုရပေသည်။ ထိုအလုပ်ကံနှစ်မျိုးသည် လူသားတို့အား သဘာဝက ပေးသော မွေးရာပါ အလုပ်ကံများ ဖြစ်သောကြောင့် 'မူလကံ ' ဟု ခေါ်ဆိုရပေသည်။

လူသားတို့သည် ယဉ်ကျေးမှု တိုးတက်လာသော အခါ၌ ဘာသာစကားဟူ၍ လူမှုဆက်သွယ်ရေး အတတ်ပညာ တစ်မျိုးကို တီထွင်နိုင်ခဲ့သည်။ ဘာသာစကားသည် လူသားတို့၏ လိုအင်ဆန္ဒကို ဖော်ပြနိုင်သော ဝေါဟာရတို့ကို တီတွင်၍ စုစည်းထားသည်။ ဘာသာစကားသည်

လူတို့၏ လုပ်ငန်းဖြစ်မြောက်ရေး အတွက် အထောက်အကူ ပေးနိုင်သော လုပ်ငန်းတစ်ရပ် ဖြစ်လာသည်။ လူသားကမ္ဘာတွင် နှုတ်ဖြင့် ပြောဆိုသော နှုတ်အလုပ်ဟူ၍ ကံတစ်မျိုး ဖြစ်ပေါ် လာသည်။ ထိုနှုတ်အလုပ်ကံသည် ' ဆင့်ပွားကံ ' အမျိုးအစား ဖြစ်ပေသည်။

ထိုအခါမှ စ၍ လူသားတို့ နယ်ပယ်တွင် အလုပ်ကံသုံးမျိုး ဖြစ်ပေါ်လာခဲ့သည်။ ယင်းတို့မှာ–

၁။ အတွေးကံ ( မနောကံ ) ၊

၂ အပြောကံ ( ဝစီကံ ) ၊

၃။ အလုပ်ကံ ( ကာယကံ )–

တို့ ဖြစ်ပေသည်။

## ကံသုံးပါး လူသားကျင့်ဝတ်

လူသားတို့သည် သမိုင်းစဉ်တစ်လျှောက်တွင် ဖော်ပြပါ ကံသုံးပါးဖြင့်ပင် လုပ်ရှား ဆောင် ရွက်ခဲ့ကြသည်။ စား ဝတ် နေမှုကို ဖန်တီးခဲ့ကြသည်။ စိတ်ဖြေမှု အဝဝကို ဖော်ဆောင်ခဲ့ကြသည်။ လူနေမှု ဘဝပုံစံ အမျိုးမျိုးကိုလည်း ကံသုံးပါးဖြင့်ပင် သရုပ်ဖော်ခဲ့ကြလေသည်။

လူသားတို့သည် ဘဝဖူလုံရေး လေးပါးကို ဖြည့်ဆည်းရာ၌ ကံသုံးပါး ကျင့်ဝတ်ဖြင့် ဖော်ဆောင်ကြသည်။ ဖြည့်ဆည်းကြသည်။ ဤသို့ ဖြည့်ဆည်းရာ၌ ကံသုံးပါးကို အကောင်းကံ၊ မကောင်းကံဟူ၍ ခွဲခြားခြင်း မရှိပေ။ မိမိတို့ ဘဝဖူလုံရေး အတွက်ဆိုလျှင် အခြေအနေ ပေးသလို တွေးတော၊ ပြောဆို၊ လုပ်ကိုင်ကြသည်။ ဤသို့ ဆောင်ရွက်ကြသဖြင့် လူမှုရေး နယ်ပယ်တွင် မပြေလည်မှု များစွာနှင့် ရင်ဆိုင် ကြုံတွေ့ လာရသည်။ တစ်ဦးနှင့် တစ်ဦး ယုံကြည်မှု ကင်းမဲ့ကာ ပြဿနာများနှင့် တိုက်ဆုံလာကြရလေသည်။

ထိုအခါ လူသားအချင်းချင်း ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေနိုင်ရေးအတွက် ကျင့်ဝတ် စည်းကမ်းများကို ပြဋ္ဌာန်းပေးကြရသည်။ ကံသုံးပါး ကျင့်ဝတ်များကို အကောင်း အဆိုး ခွဲခြား ပေးကြရသည်။

– မကောင်းသော ကံကို မပြုလုပ်ရန် ၊

– ကောင်းသော ကံကို ပြုလုပ်ရန် –

ဟူသော စည်းမျဉ်းတို့ကို သတ်မှတ် ပေးရသည်။

– ကောင်းမှု ကံသည် ကောင်းကျိုးကို ဖြစ်စေ၏ဟု လည်းကောင်း ၊

– မကောင်းမှု ကံသည် မကောင်းကျိုးကို ဖြစ်စေ၏ဟု လည်းကောင်း –

အကျိုးဆက်တရားတို့ကို ဖော်ထုတ် ညွှန်ပြ ပေးရသည်။ ထိုအခါမှ စ၍ လူသားတို့၏ လောကတွင် လူကျင့်တရားဟူ၍ ပေါ်ပေါက်လာခဲ့ရလေသည်။

## လူကျင့်တရား သတ်မှတ်ချက်များ

လူကျင့်တရားအတွက် အခြေခံ စံကို သတ်မှတ်ရာ၌ အခြေအနေအရ ကွဲပြားတတ်ကြသည်။ ကာလ ဒေသ စသည်ကို အခြေပြု၍ သတ်မှတ်ချက်များ ရှိတတ်၏။ ရှေးဟောင်း အီဂျစ် လူမျိုးတို့သည်။ လူကျင့်တရားတို့ကို ဘီစီ ၃၀၀၀–ခန့်မှ စ၍ ထင်ရှားစွာ ပြဋ္ဌာန်းထားကြပြီ။

– လူ၏ အသက်ကို သတ်ခြင်း ၊

– သူတစ်ပါး ဥစ္စာကို ခိုးဝှက်ခြင်း ၊

– မဟုတ် မမှန်သော စကားကို ပြောဆိုခြင်း ၊

– လင်ရှိမယား၊ မယားရှိ လင်ကို မေထုန်ကျူးလွန်ခြင်း ၊

– သူတစ်ပါး ပြောသော စကားကို ချောင်း၍ နားထောင်ခြင်း ၊

– မမှန်သက်သေ လိုက်ခြင်း ၊
– ကုန်းတိုက်စကား ပြောခြင်း ၊
– လိမ်လည် ဖြားယောင်းခြင်း ၊
– နတ်နှင့် ဆိုင်သော ပစ္စည်းတို့ကို ခိုးခြင်း၊ ဖျက်ခြင်း ၊
– ဂူသင်္ချိုင်း ပစ္စည်းများကို ခိုးခြင်း၊ ဖျက်ခြင်း –

စသည်တို့မှာ အီဂျစ်တို့၏ မကောင်းမှု ပညတ်ချက်များ ဖြစ်ပေသည်။ ဤသတ်မှတ်ချက်တို့ကို ကြည့်လျှင် ဂူသင်္ချိုင်း ပစ္စည်းတို့ကို ခိုးယူမှုလည်း ပါဝင်နေရာ ပိရမစ်ခေတ်အတွင်း ပြဋ္ဌာန်းထားသော မကောင်းမှု စံများအဖြစ် သိရှိနိုင်ပါသည်။ ဤသတ်မှတ်ချက်တို့ကို ကြည့်လျှင် လူသားတိုင်းနှင့် ဆိုင်သော ကျင့်ဝတ်များ ပါရှိသကဲ့သို့ ဒေသနှင့် ဆိုင်သော ကျင့်ဝတ်များလည်း ပါဝင်နေလေသည်။

## ဗုဒ္ဓလက်ထက် လူကျင့်တရားများ

ဗုဒ္ဓဘုရား ပွင့်ထွန်းလာသော အခါ၌လည်း အိန္ဒိယနိုင်ငံ၌ လူကျင့်တရား ဆိုင်ရာ စံထားချက်များ ပေါ်ထွန်းလျက် ရှိနေခဲ့ပြီ။ ဗုဒ္ဓဘုရား မတိုင်မီက အိန္ဒိယဒေသကြီး၌ ဗြာဟ္မဏဂိုဏ်းနှင့် သမဏဂိုဏ်းဟူ၍ ဂိုဏ်းကြီးနှစ်ဂိုဏ်း ထွန်းကားလျက် ရှိ၏။ ဂိုဏ်းနှစ်ဂိုဏ်းလုံးက မိမိတို့ ဝါဒကို ခံယူသူတို့အတွက် လူကျင့်တရားများကို စံပြု၍ ပြဋ္ဌာန်းပေးထားကြသည်။

ဗြာဟ္မဏတို့၏ လူကျင့်တရားများထဲတွင် ‘ ယမ ’ ခေါ် စည်းမျဉ်းသီလ ငါးပါးရှိသည်။ ယင်းတို့မှာ–

၁။ ညှဉ်းဆဲ သတ်ဖြတ်ခြင်းမှ ရှောင်ကြဉ်ခြင်း ၊
၂။ မှန်သော စကားကို ပြောဆိုခြင်း ၊
၃။ ခိုးဝှက်ခြင်းမှ ရှောင်ကြဉ်ခြင်း ၊
၄။ မေထုန်အကျင့်မှ ရှောင်ကြဉ်ခြင်း ၊
၅။ အလွန်လောဘကြီးခြင်း၊ မာနကြီးခြင်းမှ ရှောင်ကြဉ်ခြင်း–

တို့ ဖြစ်ပေသည်။

သမဏဂိုဏ်းကလည်း မိမိတို့ ဝါဒကို သက်ဝင် ယုံကြည်သူတို့အတွက် လူကျင့်တရား ငါးပါးကို ပြဋ္ဌာန်းပေးထား၏။ ယင်းတို့မှာ–

၁။ သက်ရှိတို့အား နှိပ်စက်မှု မပြုရခြင်း ၊
၂။ မမှန်သော စကားကို မဆိုရခြင်း ၊
၃။ ခိုးဝှက်ခြင်းမှ ရှောင်ကြဉ်ရခြင်း ၊
၄။ မေထုန်မှု မပြုရခြင်း ၊
၅။ ရှိသမျှ အရာဝတ္ထုတို့ကို မတွယ်တာရခြင်း –

တို့ ဖြစ်ပေသည်။

## မေထုန်ကျင့်စဉ် အံမဝင်

အထက်ပါ ဂိုဏ်းကြီးတို့၏ ကျင့်စဉ်၌ “ မေထုန်မှုမှ ရှောင်ကြဉ်ရမည် ” ဟူ၍ ပြဋ္ဌာန်းချက်များ ရှိနေသည်။ ဗြာဟ္မဏဝါဒတွင် အမျိုးသားတစ်ယောက်သည် အသက် ၄၈–နှစ်အထိ မေထုန်မှုကို ရှောင်ကြဉ်ကြရသည်။ ဤပြဋ္ဌာန်းချက်မှာ တင်းမာလွန်းပေသည်။ အဗြဟ္မစရိယကျင့်စဉ်သည် လူသားတိုင်းနှင့် အံဝင်ဂွင်ကျ မဖြစ်ပေ။ လူ့ဘဝတွင် ၄၈–နှစ်လုံးလုံး မေထုန်ရှောင်ရေးမှာ အလွန် ခက်ခဲသော ကျင့်ဝတ် အမျိုးအစား ဖြစ်ပေသည်။

မှန်ပေသည်။ လူသားတို့ သဘာဝတွင် ဆယ်ကျော်သက် အရွယ်၌ ဟိုက်ပိုသားလမတ် (Hypothalamus)၏ လှုံ့ဆော်မှုအရ ပျိုရွယ်သူတို့ ဘဝကို ရရှိလာကြ၏။ ပျိုရွယ်သူတို့ စိတ်ခံစား

များ ကိန်းတည်လာကြ၏။ ပျိုရွယ်သူတို့ အာသာများ ပေါ်ပေါက်လာကြသည်။ ထိုကာမအာသာကို လူသားတိုင်း တော်လှန်နိုင်ကြသည် မဟုတ်ပေ။ ထိုအာသာဆန္ဒမှာ သဘာဝက ဖြစ်ပေါ်စေသော အလိုဆန္ဒလည်း ဖြစ်၏။ မျိုးဆက်ပြန့်ပွားမှုအတွက် သဘာဝ၏ ဆွဲဆောင်မှု အင်အားလည်း ဖြစ်နေပေသည်။

ထို့ကြောင့် ဗုဒ္ဓဘုရားသည် မိမိ၏ လူ့ကျင့်စဉ်တွင် မေထုန်ရှောင်ရေး ကျင့်ဝတ်ကို အသုံးအပြုဘဲ မေထုန်မဖောက်ပြားရေး ကျင့်စဉ်ကို ပြဋ္ဌာန်း၍ ဟောကြားတော်မူခဲ့ပေသည်။ မေထုန်ရှောင် ကျင့်စဉ်ကိုမူ အခါအားလျော်စွာ ရက်သတ်မှတ်၍ ရှောင်ကြဉ်ရသော ဥပုသ်သီလ အဖြစ် ပြဋ္ဌာန်းထားလေသည်။

## ဗုဒ္ဓဟောကြား လူကျင့်တရား

ဗုဒ္ဓဘုရားသည် လူ့ကျင့်ဝတ်တရားတို့ကို ပြဋ္ဌာန်းညွှန်းဆိုရာ၌ လူသားတိုင်း လိုက်နာနိုင်သော ကျင့်ဝတ်တရားတို့ကို ဖော်ဆောင်ပေးသည်။ လူသားကျင့်ဝတ်သည် လူသားတိုင်းကို အကျိုးပြုစေရမည်။ လူသားကို ပဓာနပြု၍လည်း ဟောကြားထားလေသည်။

၁၅–ရာစု ခေတ်သစ်ကမ္ဘာတွင် မနုဿဝါဒခေါ် လူသားဝါဒ ( Humanism ) ဟူသော ဝါဒသစ်ကို ကြွေးကြော်လာခဲ့ကြ၏။ လူသားဝါဒ ဆိုသည်မှာ လူသားတို့၏ အကျိုးစီးပွားကို ဖော်ဆောင်သော ဝါဒဖြစ်ကြောင်း အဓိပ္ပာယ် ဖွင့်ဆိုကြ၏။ လိုရင်းကို ဆိုလျှင် လူသားတို့ ကိုယ်ချမ်းသာ၊ စိတ်ချမ်းသာ ရှိမှုကို ဖော်ဆောင်သော လူသားအကျိုးပြုဝါဒ ဖြစ်ပေသည်။

ဗုဒ္ဓဘုရားသည် လူသားအကျိုးပြုဝါဒကို ဘီစီ ၆–ရာစုကပင် ဟောပြခဲ့ပြီ။ လူသားအကျိုးပြု ကျင့်ဝတ်တို့ကို ဖော်ပြခဲ့ပြီ။ ဗုဒ္ဓဘုရား၏ လူကျင့်တရား ကံသုံးပါးတွင် အောက်ပါ အစုဝင်တို့ဖြင့် ဖွဲ့စည်းထားပါသည်။

၁။ အလုပ်ကံ ( ကာယကံ ) အစုတွင်–

(က) သူတစ်ပါး အသက်ကို မသတ်ခြင်း ၊

(ခ) မပေးသော ဥစ္စာကို မယူခြင်း ၊

(ဂ) ကာမဂုဏ်ကိစ္စတို့၌ မဖောက်ပြန်ခြင်း တို့ ပါဝင်သည်။

၂။ အပြောကံ ( ဝစီကံ ) အစုတွင် –

(က) လိမ်လည်၍ မပြောခြင်း ၊

(ခ) ကုန်းတိုက်စကား မပြောခြင်း ၊

(ဂ) ကြမ်းတမ်းစွာ မပြောခြင်း ၊

(ဃ) အကျိုးမဲ့စကား မပြောခြင်း တို့ ပါဝင်သည်။

၃။ အတွေးကံ ( မနောကံ ) အစုတွင်–

(က) သူတစ်ပါး စီးပွားကို မတရား ယူရန် မကြံခြင်း ၊

(ခ) သူတစ်ပါး အကျိုးစီးပွားကို ဖျက်ဆီးရန် မကြံခြင်း ၊

(ဂ) အယူအမြင် မှန်ကန်ခြင်း တို့ ပါဝင်သည်။

အထက်ပါ တရား၁၀–ပါးကို ဗုဒ္ဓဘုရားက လူတို့၏ အကျင့် (စရိုက်) ကောင်းတရားဟူ၍ မိန့်ကြားထားပါသည်။

ထို့ပြင် သေရည် မသောက်ရေး (မူးယစ်ပစ္စည်း မသုံးစွဲရေး) ကျင့်စဉ်သည်လည်း ဗုဒ္ဓဘုရား၏ အရေးပါသောကျင့်ဝတ် ဖြစ်ပါသည်။ ဤကျင့်ဝတ်သည် လူသားတိုင်း ကျင့်ရှောင်ရမည့် နိစ္စ ကျင့်ဝတ်လည်း ဖြစ်ပါသည်။ ဤ ၁၁–ပါးသော လူကျင့်တရားတို့၏ အဓိပ္ပာယ်ကို အကျယ်ဖွင့်၍ ကြည့်သင့်ကြပါသေးသည်။

# သူ့သက်သတ်တာ ရှောင်ကြဉ်ပါ

ဗုဒ္ဓဘုရားသည် လူသားတို့ အတွက် ကံသုံးပါး ကျင့်စဉ်ကို အောက်ပါအတိုင်း စီစဉ်၍ ဟောကြားခဲ့ပါသည်။

"ကာယဒုစရိုက်ကို ရှောင်ကြဉ်ခြင်းဖြင့် ကိုယ်ကို စောင့်စည်းရာ၏။ ဝစီဒုစရိုက်ကို ရှောင်ကြဉ်ခြင်းဖြင့် နှုတ်ကို စောင့်စည်းရာ၏။ မနောဒုစရိုက်ကို ရှောင်ကြဉ်ခြင်းဖြင့် စိတ်ကို စောင့်စည်းရာ၏။ "–

ဟု ဓမ္မပဒ၊ သူကရပေတဝတ္ထု၌ ဟောကြားထားပါသည်။

သူတစ်ပါး အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ရသော ကျင့်စဉ်ကို ကာယကံ အုပ်စု၌ ပါဝင် ဖွဲ့စည်းထားပါသည်။ အသက်ကို သတ်ခြင်းသည် ကိုယ်ကာယဖြင့် ဆောင်ရွက်ရ၏။ ကိုယ်ဖြင့် လုံ့လပြုမှသာလျှင် သတ္တဝါ၏ အသက်ဇီဝကို ခြွေချလို့ ရပေသည်။

ဤတွင် သူတစ်ပါး အသက်ဟု ဆိုရာ၌ လူအချင်းချင်းနှင့် လည်းကောင်း၊ တိရစ္ဆာန်များနှင့် လည်းကောင်း အကျုံးဝင်ပေသည်။

## သက်ရှိမှန်သမျှ ကြောက်တတ်ကြ

ရှေးဟောင်း အီဂျစ်ယဉ်ကျေးမှု၌ လူ၏ အသက်ကို မသတ်ရန် ပြဋ္ဌာန်းပေးထား၏။ အခြား တိရစ္ဆာန်တို့ကိုမူ အလိုရှိသလို သတ်ခွင့်ပြုထားသည်ဟု ယူဆနိုင်ပါသည်။

ဤနေရာ၌ လူသားတို့၏ တွေးခေါ် မြော်မြင်မှုဖြင့် သုံးသပ်သင့်ပါသည်။ လူသားသည် အခြားသော သက်ရှိသတ္တဝါများထက် ဉာဏ်ရည် ဖွံ့ဖြိုးကြပါသည်။ အရာရာတွင် ဉာဏ်ဖြင့် အသုံးချလျက် ဘဝရပ်တည်မှုကို ဖန်တီး ဖော်ဆောင်နေကြပါသည်။ တိရစ္ဆာန်တို့ကဲ့သို့ ဉာဏ်ရည်မဲ့စွာ နေထိုင်သူများ မဟုတ်ကြပါ။

- ကြွက်သည် ကြောင်လိုက်သောကြောင့် ပြေးနေ၏။
- ကြောင်သည် ခွေးလိုက်သောကြောင့် ပြေးနေ၏။
- သမင်သည် ခြင်္သေ့လိုက်သောကြောင့် ပြေးနေ၏။
- နွားသည် ကျားလိုက်သောကြောင့် ပြေးနေ၏။

ဤဖြစ်စဉ်သည် တိရစ္ဆာန်တို့၏ သဘာဝဖြစ်စဉ်များတည်း။ တိရစ္ဆာန်တို့၏ ကျင့်စဉ်များ ဟုလည်း ဆိုနိုင်သည်။ တိရစ္ဆာန်တို့၌ ညာဏသနားမှု မရှိသကဲ့သို့ ကောင်းမှု၊ မကောင်းမှုဟူသော ကျင့်ဝတ်သိက္ခာများလည်း မရှိချေ။

လူသားသည် ဉာဏ်ကို အသုံးချသူ ဖြစ်သကဲ့သို့ ကောင်းမှု၊ မကောင်းမှုကို သတ်မှတ်ရာ၌ လည်း ဉာဏ်ဖြင့် ဆင်ခြင်စဉ်းစား၍ သတ်မှတ်ကြရသည်။ စာနာထောက်ထားမှုဖြင့် ပြဋ္ဌာန်းပေး ကြရပါသည်။

ဓမ္မပဒ၊ ဒဏ္ဍဝဂ်၊ ဆဗ္ဗဂ္ဂိယဝတ္ထု၌–

"အလုံးစုံသော သတ္တဝါတို့သည် ဒဏ်ကို ထိတ်လန့်ကြကုန်၏။ အလုံးစုံသော သတ္တဝါတို့သည် သေခြင်းကို ကြောက်ရွံ့ကြကုန်၏။ မိမိကိုယ်ကို နှိုင်းယှဉ်စရာ ဥပမာ ပြု၍ သတ္တဝါတို့ကို မညှဉ်းဆဲရာ။ မသတ်ဖြတ်ရာ။ "–

ဟု ဟောကြားထားပါသည်။

## စာနာထောက်ထား လူသားပေတံ

ဤဒေသနာတော်သည် ဗုဒ္ဓဘုရား၏ စာနာထောက်ထားသော ဉာဏ်အမြင်ဖြင့် ဆင်ခြင်၍ ဟောကြားထားသော ဓမ္မဥပဒေ ဖြစ်သည်။ လူသားတို့သည် ဒုက္ခဝေဒနာကို ဖြစ်စေသော ဒဏ်ကို ကြောက်ရွံ့ကြသည်ချည်း ဖြစ်သည်။ သေခြင်းတရားကိုလည်း ကြောက်ရွံ့ကြသည်ချည်း ဖြစ်သည်။ ထို့အတူ တိရစ္ဆာန်များသည်လည်း နာကျင်မှု ဒုက္ခဝေဒနာကို ကြောက်ရွံ့ကြပါသည်။ သေဆုံးရမည့် ဘေးအန္တရာယ်ကိုလည်း ထိတ်လန့်ကြပါသည်။

ရန်သူလိုက်၍ ပြေးနေကြရသော ကြွက်၊ ကြောင်၊ သမင်၊ နွားတို့သည် နာကျင်မှုဒုက္ခ၊ သေဆုံးရမည့် အန္တရာယ်တို့ကို ကြောက်ရွံ့ကြသောကြောင့် စွမ်းအားရှိသရွေ့ ပြေးရှောင်နေကြခြင်း ဖြစ်ပါသည်။ ထို့အတူ အခြားသတ္တဝါတို့သည်လည်း မိမိတို့ ခံစားရမည့် ဘေးဒုက္ခကို ကြောက်ရွံ့ကြသည်သာ ဖြစ်ပေသည်။

ဤသို့ ဆင်ခြင်စဉ်းစားသော အသိစိတ်၊ စာနာထောက်ထားသော သဘောများမှာ လူသား၌သာ ရှိပါသည်။ စာနာထောက်ထားတတ်မှုသည် လူသားကျင့်ဝတ်ကို ဖော်ဆောင်ရာ၌ ပေတံလည်း ဖြစ်သည်။ ပြဒါးတိုင်လည်း ဖြစ်ပေသည်။

ဤသို့ စာနာသော စိတ်ထားဖြင့် ဆုံးဖြတ်မည်ဆိုလျှင် လူသားနှင့် တိရစ္ဆာန်ကို ခွဲခြားရန် မသင့်တော့ပေ။ လူကိုတော့ မသတ်ရဘဲ တိရစ္ဆာန်ကိုတော့ သေစေသည်ဆိုလျှင် လူသား၏ စာနာ ထောက်ထားတတ်သော စိတ်သဘောထားမှာ တန်ဖိုးမဲ့ရာ ရောက်ပေတော့မည်။

ထို့ကြောင့် ဗုဒ္ဓဘုရားက သတ်ဖြတ်မှုမှ ရှောင်ကြဉ်ရမည့် ကျင့်ဝတ်တွင် သတ္တဝါအားလုံးကို မသတ်ရန် ပြဋ္ဌာန်းတော်မူခြင်း ဖြစ်ပေသည်။ သို့မှသာ မျက်နှာကြီးငယ် မလိုက်သော ဓမ္မဥပဒေ အစစ် ဖြစ်ပေတော့မည်။

## အင်္ဂါငါးတန် သတ်ဖြတ်ကံ

လူသည် သတ်ဖြတ်မှု ကျင့်ဝတ်ကို ကျူးလွန်ရာ၌ အင်္ဂါငါးပါးဖြင့် သတ်မှတ်ထားပေသည်။ သတ္တဝါတစ်မျိုးကို သတ်ဖြတ်တော့မည်ဆိုလျှင် အခြေခံမူ ငါးချက်နှင့် ပြည့်စုံရပါမည်။

၁။ သတ္တဝါလည်း မှန်ခြင်း ၊

၂။ သတ္တဝါမှန်းလည်း သိခြင်း ၊

၃။ သေစေလိုသော စိတ်ရှိခြင်း ၊

၄။ သတ်မှုအတွက် လုံ့လပြုခြင်း ၊

၅။ ထိုလုံ့လကြောင့် သေဆုံးခြင်း ၊

ဤအင်္ဂါ ငါးပါးနှင့် ပြည့်စုံလျှင် သတ်ဖြတ်မှုကံလည်း အထမြောက်လေတော့သည်။ အင်္ဂါများအနက် တစ်ပါးပါး ချို့တည့်လျှင်လည်းကောင်း၊ သေစေလိုသော စိတ်မရှိခြင်း၊ လုံ့လပြုမှု မရှိခြင်း စသည်တို့၌ ကံမမြောက်ပေ။ ဥပမာ သွားရင်း လာရင်း ပိုးကောင်ငယ်များကို နင်းမိ၍ သေဆုံးရာ၌ သတ်ဖြတ်ကံ မထိုက်ချေ။

## အပြစ်ကြီးငယ် သိမှတ်ဖွယ်

သတ်ဖြတ်မှု ကံကို ပြုလုပ်ရာ၌ သတ္တဝါတို့၏ ကိုယ်ခန္ဓာ ကြီးငယ်မှုကို လိုက်၍လည်းကောင်း၊ အကျင့်သီလ ဂုဏ်သိက္ခာကို လိုက်၍လည်းကောင်း အပြစ်အကြီး အငယ် ကွဲပြားသည်ဟု သတ်မှတ်ပါသည်။

သတ္တဝါက ကြီးလျှင် လုံ့လ စိုက်ထုတ်မှု အားပြုရသောကြောင့် အပြစ်ပို၍ ကြီးပါသည်။ ဥပမာ ဆင်ကို သတ်ရလျှင် လုံ့လ စိုက်ထုတ်မှု များရသည်။ ခြင်ကို သတ်လျှင် လုံ့လပြုမှု အားနည်း

သည်။ ထို့ကြောင့် အပြစ်လည်း အကြီး အသေး ကွာခြားသည်ဟု ဆိုရပါသည်။

ထို့ပြင် အကျင့်သီလ ရှိသူ၊ ဂုဏ်သိက္ခာ ကြီးမားသူ၊ လောကအကျိုးကို ဆောင်ရွက်နေသူ စသော အကျိုးပြု ပုဂ္ဂိုလ်တို့ကို သတ်လျှင် ပို၍ အပြစ်ကြီးပါသည်။ တန်ဖိုးမဲ့သူ လူဗာလကို သတ်လျှင်ကား ဤမျှလောက် အပြစ်မကြီးဟု ဆိုနိုင်ပေသည်။

## ရောဂါပိုးကို သေစေခြင်း

ဤတွင် ရောဂါပိုးကို သေစေသော ဆေးဝါးကို မှီဝဲရာ၌ သတ်ဖြတ်မှုကံ မြောက်၊ မမြောက် ဟူသော အမေးပုစ္ဆာ ပြဿနာ ရှိလာပေသည်။ ယနေ့ လူသားများတွင် ရောဂါကို ဖြစ်စေနိုင်သော ပိုးများကို တွေ့ရှိနေကြရ၏။

- ငှက်ဖျားရောဂါသည် ပိုးကြောင့် ဖြစ်ရ၏။
- ကြက်၊ ငှက် တုပ်ကွေးရောဂါသည် ပိုးကြောင့် ဖြစ်ရ၏။
- ဝမ်းရောဂါသည် ပိုးကြောင့် ဖြစ်ရ၏။
- အဆုတ်ရောဂါသည် ပိုးကြောင့် ဖြစ်ရ၏။
- အေအိုင်ဒီအက်စ်ရောဂါသည် ပိုးကြောင့် ဖြစ်ရ၏။

ဤသို့ စသည်ဖြင့် ရောဂါကို ဖြစ်စေသော ပိုးများကို တွေ့ရှိနေကြရ၏။ လူတို့သည် ဤ ရောဂါတို့ကို ပျောက်ကင်းရန်အတွက် ရောဂါပိုးကို သေစေသော ဆေးဝါးများကို ရှာဖွေ နေကြရသည်။ အချို့ ရောဂါပိုးအတွက်လည်း ဆေးမတွေ့သေး။ အချို့ရောဂါတို့မှာ ဆေးတွေ့ သဖြင့် ရောဂါပိုးကို ဆေးဝါးဖြင့် သေစေနိုင်ခဲ့ကြသည်။ ကျန်းမာမှုကို ရယူနိုင်ခဲ့ကြသည်။ ဤသို့ ရယူသဖြင့် သတ်မှုကံ မြောက်ပါသလောဟု မေးခွန်းပြဿနာ ရှိလာပါသည်။

ရောဂါကို ဖြစ်စေသော ပိုးများသည် အလွန်သေးမှုန်သော သတ္တဝါများ ဖြစ်ပါသည်။ မှန်ဘီလူးဖြင့် ချဲ့ကြည့်မှသာ မြင်သိနိုင်ပေသည်။ ဗုဒ္ဓဘုရား လက်ထက်က ဤပိုးမှုန်များကို မသိမြင်ကြရသေးပေ။

အန်တိုနီလီယူဝင်ဟုတ် ( Antony Lewwenhock ) အမည်ရှိ ဟော်လန်နိုင်ငံသား တစ်ဦးသည် ပိုးများကို စတင် တွေ့ရှိသူ ဖြစ်၏။ ထိုမှ နောက်၌ ပိုးများသည် လူသားကို အန္တရာယ် ဖြစ်စေသော ပိုးများဖြစ်ကြောင်း အဆင့်ဆင့် စမ်းသပ်ရာမှ သိရှိလာရသည်။ ထိုရောဂါ ဖြစ်ပွား စေသော ပိုးများကို သေစေရန် ဆေးဝါးတို့ကို ရှာဖွေ ဖော်ထုတ်၍ ကုသပေးကြရ၏။

ရောဂါရှင်သည် ဆေးဝါးကို မှီဝဲရာ၌ သတ္တဝါကို သေစေလိုသော ဆန္ဒဖြင့် သုံးစွဲသည် မဟုတ်ပေ။ မိမိရောဂါ ပျောက်ကွာရေး အတွက်သာ ဆန္ဒရှိပေသည်။ ဤဆန္ဒသဘောထားဖြင့် မှီဝဲသောကြောင့် အင်္ဂါငါးရပ်တွင် သေစေလိုသော စိတ်ရှိမှု မပါဝင်တော့ပေ။ အင်္ဂါတစ်ရပ် ပျက် သွားသောကြောင့် သတ်မှုကံလည်း မမြောက်တော့ဟု ဆိုနိုင်ပါသည်။

ထို့အပြင် သတ်ဖြတ်မှုကံ အပြစ်အကြီး အငယ်ကို သတ်မှတ်ရာ၌ ခန္ဓာကိုယ် ကြီးမှု၊ ငယ်မှု နှင့်လည်း တိုင်းတာထားပါသည်။ ရောဂါပိုး ဆိုသည်မှာ ပကတိ မျက်စိဖြင့်လည်း မြင်နိုင်စွမ်း မရှိပေ။ အလွန် သေးမှုန်သဖြင့် သတ္တဝါဟူသော အဆင့်၌ မရေတွက်သင့်တော့ပါ။ လူကို ဒုက္ခ ဖြစ်စေသော ' ဘေးဆိုးမြူပွားများ ' ဟုသာ သတ်မှတ်သင့်ပါသည်။ ထို့ကြောင့် ရောဂါပိုးဟု ခေါ်ဆိုနေကြသော အန္တရာယ်မြူပွားတို့ကို ချေဖျက်ခြင်း၊ ကျေပျက်စေခြင်းဖြင့် သတ်မှုကံ မမြောက်ကြောင်း ထပ်လောင်း၍ ဆုံးဖြတ်သင့်ပါတော့သည်။

## ကံတူ အကျိုးပေး

မြန်မာတို့သည် ကံတူအကျိုးပေးဆိုသော စကားရပ်ကို ပြောကြားလေ့ ရှိကြပါသည်။ ဤ အဓိပ္ပာယ်မှာ မိမိတို့ ပြုလုပ်သော ကံအတိုင်း အကျိုးပေးတတ်သည်ဟု ခံယူပါသည်။

– သတ်မှုကံသည် အသတ်ခံရတတ်၏။
– ခိုးမှုကံသည် အခိုးခံရတတ်၏။
– လိမ်မှုကံသည် အလိမ်ခံရတတ်၏။–

ဟူသော အကျိုးတူ ခံစားရမှုများကို ဖြစ်ပေါ်စေပါသည်။

ခလေ့ထုံးတမ်း ဥပဒေအရလည်း မကောင်းမှုကို ပြုလုပ်သော သူမှာ မကောင်းကျိုးဖြစ်သော ထောင်တန်းကျခြင်းကို ခံယူရပါသည်။ ကြိုးပေးခြင်း ဒုက္ခကို ခံစားရပါသည်။

မကောင်းမှုကို ပြုလုပ်သူသည် သဘာဝဥပဒေအရလည်း အကျိုးတူ ဒုက္ခကို ခံစားရတတ်ပါသည်။ မျက်မှောက် ဘဝ၌ပင် အကျိုးတူ ဒုက္ခဖြင့် ပေးဆပ်သွားကြရသော သာဓကများစွာ ရှိပေသည်။

## အဇာတသတ်၏ သတ်မှုကံ

ဗုဒ္ဓစာပေကဏ္ဍတွင် ထင်ရှားသော အဇာတသတ်မင်းသည် ခမည်းတော် ဗိမ္ဗိသာရမင်းကြီးကို သတ်၍ နန်းရပ်ကို လုယူသိမ်းပိုက်ခဲ့သည်။ ဤမျှ ဆိုးရွားသော ကံကြီးကို ပြုလုပ်မိသောကြောင့် အဇာတသတ်ဘဝတွင် စိတ်မချမ်းမြေ့ ဖြစ်ရသည်။ အပြစ်ကြီးကို ပြေပျောက်စေရန် သံဃါယနာတင်ခြင်းစသော ကုသိုလ်တို့ဖြင့် ဖြေဖျောက်သည်။

သို့သော်လည်း အဇာတသတ်၏ သတ်ဖြတ်မှုမျိုးကို သူ၏ သားတော် ဥဒယဘဒ္ဒကလည်း အားကျလာသည်။ ထို့ကြောင့် ခမည်းတော် အဇာတသတ်မင်းကို သတ်၍ ထီးနန်းကို သိမ်းယူပြန်သည်။ အဇာတသတ်၏ သတ်မှုကံသည် မျက်မှောက် ဘဝ၌ပင် အကျိုးတူခံစားမှုနှင့် တွေ့ကြုံရလေသည်။ ထို့နောက်လည်း–

– ဥဒယဘဒ္ဒမင်းကို သားတော် အနုရုဒ္ဓါက သတ်၍ မင်းပြုသည်။
– အနုရုဒ္ဓါမင်းကိုလည်း သားတော် မုဏ္ဍက သတ်၍ မင်းပြုသည်။
– မုဏ္ဍမင်းကိုလည်း သားတော် နာဂဒါသက သတ်၍ မင်းပြုသည်။

ဤသို့ဖြင့် ကံတူအကျိုးပေး မင်းဆက် ပေါ်ထွက်ခဲ့ဖူးပေသည်။

## နရသူ၏ သတ်မှုကံ

မြန်မာရာဇဝင်တွင် နရသူမင်းသည်လည်း နာမည်ဆိုးဖြင့် ထင်ရှားသော မင်းတစ်ပါးဖြစ်သည်။ ခမည်းတော် အလောင်းစည်သူခေါ် မဏိစည်သူမင်းကြီး ကျန်းမာရေး ချို့ယွင်းနေစဉ် ရွှေဂူကြီးဘုရားအတွင်း၌ အဝတ်ဖြင့် ဖိ၍ လုပ်ကြံ သတ်ဖြတ်ခဲ့သည်။

အင်အားရှိသော နောင်တော်ကြီး မင်းရှင်စောကိုလည်း နန်းတင်မည်ဟု လမ်လည်၍ ခေါ်ယူကာ ပုဂံရောက်လျှင် အဆိပ်ခပ်၍ သတ်လိုက်ပြန်သည်။ မင်းအဖြစ်ကို ယူပြီးနောက်၌လည်း ခမည်းတော်ပေးသော ကြဘန်အမည်ရှိ သမီးကို သတ်သည်။ ကြဘန်၏သား ဥတ္တရသူနှင့် ဘထွေးစချီ မဟာဗိုလ်တို့ကိုလည်း သတ်ပြန်သည်။ ရဟန်းတော် တို့ကိုလည်း လူထွက်ခိုင်းသည်။ ပြည်သူအားလုံးက မုန်းတီးနေကြသည်။

နရသူမင်းကို အလုပ်အကျွေး ပြုနေသော ကုလားမင်းသမီးသည် နရသူ၏ အမူအကျင့်ကို သဘောမကျပေ။ နရသူသည် ကျင်ကြီး ကျင်ငယ် စွန့်ရာ၌လည်းကောင်း၊ မေထုန်သံဝါသ ပြုရာ၌ လည်းကောင်း ရေဆေး သုတ်သင်ခြင်း မပြုပေ။ ဤအမူအကျင့်ကို ကုလားမင်းသမီးက ရွံရှာသဖြင့် မချဉ်းကပ်ဘဲ နေလေသည်။

နရသူမင်းသည် မိမိ၏ အားနည်း ချွတ်ယွင်းချက်ကို မကြည့်ဘဲ မိမိထံ မချဉ်းကပ်ရကောင်းလားဟု အမျက်ထွက်ကာ ကုလားမင်းသမီးကို သန်လျက်ဖြင့် ခုတ်၍ သတ်ပစ်လိုက်လေသည်။

ဤသတင်းကို ကြားရသောအခါ ခမည်းတော် ကုလားမင်းကြီးသည် ကုလားရှစ်ယောက်ကို ပုဂံပြည်သို့ စေလွှတ်၍ နရသူမင်းကို လုပ်ကြံ သတ်ဖြတ်စေခဲ့သည်။ ကုလားများ သတ်သဖြင့် နရသူမင်းလည်း သေဆုံးခဲ့ရသည်။ ကုလားသတ်၍ ကျဆုံးသောကြောင့် နရသူမင်းကို ‘ကုလားကျ’ မင်းဟု ခေါ်တွင်ကြလေသည်။

နရသူသည် လူတွေကို သတ်၍ ထီးနန်းကို ရယူခဲ့သည်။ လူတွေကို သတ်၍ အာဏာတည်မြဲရေးကို ဆောင်ရွက်သည်။ ဤမကောင်းမှုကံသည် တမလွန်အထိ မနေဘဲ မျက်မှောက်ဘဝ၌ပင် ကုလားများ သတ်၍ ဘဝဇာတ်သိမ်းခဲ့ရသည်။ ရာဇဝင်စာမျက်နှာတို့၌လည်း အမည်းစက် ထင်ကာ မလှမပ ဖြစ်ခဲ့ရလေသည်။

ထို့ကြောင့် မကောင်းမှု အမှန်၊ မကောင်းကျိုးကို ဧကန်ဖြစ်စေသော သတ်မှုကံ စရိုက်ဆိုးတရားကို ရှောင်ရှားကြကုန်ရာ၏။ ။

# မပေးဥစ္စာ ရှောင်ကြဉ်ပါ

ဤကျင့်ဝတ်သည် သူတစ်ပါး မပေးသော ဥစ္စာကို ရယူခြင်းမှ ရှောင်ကြဉ်ရသော ကာယကံ ကျင့်ဝတ်တစ်ခု ဖြစ်ပါသည်။ ပဥ္စသီလခန်းတွင်လည်း ဒုတိယမြောက် ကျင့်ဝတ်အဖြစ် ပါရှိပေသည်။

ပဥ္စသီလခန်းတွင် အဒိန္နာဒါနကံဟု ခေါ်ဆိုထားပါသည်။ ဤကံ၏ အဓိပ္ပာယ်ကို ဖွင့်ဆိုရာ၌ " အရှင်သည် ကိုယ်နှုတ်ဖြင့် မပေးအပ်သော သူ့ဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်ပါ၏။ " ဟု ဖွင့်ဆို ဖော်ပြကြ၏။ ဤဖွင့်ဆိုချက်အရ ခိုးခြင်းကို " တိတ်တဆိတ် ယူခြင်း " ဟု နားလည် နေကြသည်။ တစ်နည်းအားဖြင့် " ပိုင်ရှင် မသိအောင် ခိုးခြင်း " ဟု နားလည်နေကြသည်။

မြန်မာအဘိဓာန်ကျမ်း၌လည်း ဤအဓိပ္ပာယ်အတိုင်း ဖွင့်ဆိုထားပါသည်။ သို့ရာတွင် ခိုးခြင်း ပုဒ်ကို " သူမပေးသော ဥစ္စာကို ယူခြင်း " ဟုလည်း ဖွင့်ဆိုထားချက် ရှိပေသည်။ ဤဖွင့်ဆိုချက်သည် လူသားကျင့်ဝတ်ကို ဖော်ဆောင်ရာ၌ လိုအပ်သော အဓိပ္ပာယ်နှင့် ထပ်တူကျနေပါသည်။

မပေးသော ဥစ္စာကို ရယူသည် ဆိုရာ၌ ပိုင်ရှင် မသိအောင် ရယူခြင်းသာ မဟုတ်ပေ။ ပိုင်ရှင် မကျေနပ်ဘဲ ရယူခြင်းသည်လည်း ထိုကံနှင့် အကျုံးဝင်လျက် ရှိပေသည်။

## ခိုးခြင်းအဓိပ္ပာယ် အသွယ်သွယ်

ဤအဓိပ္ပာယ် ဖွင့်ဆိုချက်များအရ ခိုးခြင်း၏ အနက်သည် များစွာ ကျယ်ပွားလာပေသည်။ ဗုဒ္ဓစာပေတို့၌ ခိုးခြင်းအမှုကို ၂၅–ပါးမျှ ဖော်ပြထား၏။ ထိုအထဲတွင် အောက်ပါ ခိုးခြင်းများ ပါဝင်ပေသည်။

- မိမိကိုယ်တိုင် ခိုးယူခြင်း ၊
- သူတစ်ပါးကို ခိုးယူစေခြင်း ၊
- မတရား အမှုဆင်၍ ရယူခြင်း ၊
- ငြင်းကွယ်၍ ရယူခြင်း ၊
- အလေး တင်း တောင်း ချိန်ခွင် ခြင်ခွက်လိမ်ဖြင့် ခိုးယူခြင်း ၊
- ပစ္စည်းအတုကို အစစ်ပြော၍ ရောင်းခြင်း ၊
- အခြား လိမ်နည်း အမျိုးမျိုးဖြင့် ရယူခြင်း ၊
- လက်နက် လူ ပစ္စည်းအင်အား တစ်ခုခုဖြင့် ရယူခြင်း ၊
- အကြပ်ကိုင်၍ ငွေညှစ်ယူခြင်း ၊
- လာဘ်တောင်းခြင်း၊ လာဘ်စားခြင်း ၊
- အာဏာဖြင့် ငွေခွဲခြင်း၊ ငွေတောင်းခံခြင်း ၊
- အဓမ္မနည်းဖြင့် ကုန်ပစ္စည်းကို ဝယ်ယူစေခြင်း ၊
- လက်မှတ် အတုဖြင့် လိမ်၍ ရယူခြင်း ၊
- အနုကြမ်းစီး၍ ရယူခြင်း ၊
- ဓားပြတိုက်၍ ရယူခြင်း ၊
- ယုံကြည်အောင် ဆွဲဆောင်၍ ရယူခြင်း ၊

မတရားသော နည်းလမ်းဖြင့် ရယူမှု မှန်သမျှတို့မှာ မပေးသော ဥစ္စာကို ရယူသော မကောင်းမှုကံနှင့် ပတ်သက်နေပေသည်။

## အင်္ဂါငါးတန် ခိုးမှုကံ

သူတစ်ပါး ပစ္စည်းကို မတရား ရယူရာ၌ အင်္ဂါငါးချက်ဖြင့် သတ်မှတ်ထားပါသည်။

၁။ သူတစ်ပါး၏ ဥစ္စာဖြစ်ခြင်း ၊

၂။ သူတစ်ပါး၏ ဥစ္စာဟု သိခြင်း ၊

၃။ ရယူလိုသော စိတ်ရှိခြင်း ၊

၄။ ရယူမှုအတွက် ကိုယ်မှု နှုတ်မှု တစ်ခုခုကို ပြုခြင်း ၊

၅။ ရယူခြင်း ၊

ဖော်ပြပါ အင်္ဂါငါးရပ်နှင့် ပြည်စုံလျှင် မတရားယူမှုကံ၊ ဝါ– ခိုးမှုကံ မြောက်သည်ဟု ဆုံးဖြတ်နိုင် ပါတော့သည်။

## ခိုးသူဘဝ ဝဋ်ဒုက္ခ

ဤခိုးမှုကံသည် လူသားလောက၌ အဖြစ်များသော ကံအမျိုးအစား ဖြစ်သည်။ ခိုးမှုဖြင့် အသက်မွေးသူ၊ သို့မဟုတ် မတရား ရယူမှုဖြင့် အသက်မွေးသူတို့လည်း ရှိနေတတ်ကြသည်။ ဤသို့ အသက်မွေးသူများမှာ တစ်ပါးသူ၏ ပစ္စည်းဥစ္စာကို မတရား ရယူနိုင်ရန် ကြံဖန်ရပါသည်။ နည်းအမျိုးမျိုးဖြင့် ဖန်တီးကြရပါသည်။ ဤနည်းများဖြင့် ဘဝရပ်တည် နေထိုင်ကြပါသည်။

ဤကဲ့သို့ မတရားသော နည်းများဖြင့် စီးပွားရှာထားသော သူတို့မှာ မိမိတို့ စိတ်ကိုလည်း လုံခြုံမှု မရှိနိုင်တော့ပါ။ ကိုယ့်လိပ်ပြာကို မလုံခြုံမှုက တရစပ် နှိပ်စက်နေမည် ဖြစ်သည်။ ထို့အပြင် မတရားမှုဖြင့် ရယူထားသော ပစ္စည်းဥစ္စာများမှာ အစဉ်အမြဲ တည်နေသည်ဟု မရှိကြပေ။ နည်းတစ်မျိုးမျိုးဖြင့် ပျက်စီး ယိုယွင်းတတ်လေသည်။

မတရားသော နည်းဖြင့် ကြီးပွားနေသူတို့မှာ လူ့ပတ်ဝန်းကျင်၌လည်း တင့်တယ်ဝင့်ကြွား နိုင်ခြင်း မရှိပါ။ ပတ်ဝန်းကျင်၏ ထေ့ငေါ့မှု၊ ရှုတ်ချမှုနှင့် ရင်ဆိုင်ကြရပါသည်။ ပတ်ဝန်းကျင်က နှစ်နှစ်ကာကာ ပေါင်းသင်းသူ မရှိဘဲ အထီးကျန်ဘဝမျိုးနှင့် ရင်ဆိုင်ရပါသည်။

ဤခိုးမှုကံကို ပြုလုပ်သူသည်–

၁။ တဖြည်းဖြည်း မွဲတေလာခြင်း ၊

၂။ ဆင်းရဲ ပင်ပန်းလာခြင်း ၊

၃။ ငတ်မွတ် ခေါင်းပါးလာခြင်း ၊

၄။ လိုသလို မဖြစ်နိုင်တော့ခြင်း ၊

၅။ စီးပွားရှာ၍ စီးပွား မဖြစ်တော့ခြင်း ၊

၆။ ရန်သူမျိုး ငါးပါးနှင့် တွေ့ကြုံရခြင်း–

ဟူသော ဆိုးကျိုးများကို ရရှိ ခံစားကြရလေသည်။

## မြို့သားလူလည်နှင့် တောသားမုဆိုး

ဤနေရာ၌ မြို့သားလူလည်နှင့် တောသားမုဆိုးတို့၏ ပုံဝတ္ထုကလေးသည် လိမ်လည် လှည့်ဖြား၍ စီးပွားရှာသူတို့၏ တစ်နပ်စား ဉာဏ်ကို ကြံကြံဖန်ဖန် တွေ့ရှိရ၏။

တောသားမုဆိုး တစ်ယောက်သည် သမင်ကြီး တစ်ကောင်နှင့် သမင်ငယ် တစ်ကောင်တို့ကို ရောင်းချရန် မြို့သို့ ယူဆောင်လာသည်။ လမ်းခရီး၌ မြို့သားလူလည်နှင့် တွေ့ရာ “ သမင် တစ်ကောင်ကို ဘယ်လောက်လဲ၊ ”ဟု မေးသည်။

မုဆိုးက “ သမင်ကြီးက ၅၊ သမင်က ၁ ပါ၊ ”ဟု ပြောသည်။

မြို့သားသည် သမင်ငယ်ကို ၁–ပေး၍ ဝယ်ယူသွားသည်။ အတန်ကြာမျှ ယူသွားပြီးနောက်

ပြန်လာပြီးလျှင် “ ကျွန်တော် သမင်ကလေးကို ၁ ပေးပြီး ဝယ်ခဲ့တယ်၊ အခု သမင်လေးကို ၁ိနဲ့ တန်ဖိုးထားပြီး ပြန်ပေးခဲ့မယ်၊ စုစုပေါင်း ၂ ပေါ့၊ သမင်ကြီးကိုပဲ ယူတော့မယ်၊ ”ဟု ပြောသည်။

တောသားမုဆိုးလည်း မိမိလက်တွင် ငွေသား ၁ နှင့် ၁တန် သမင်ငယ်ကို ပြန်ရသဖြင့် ၂ တန် သမင်ကြီးကို ပေးလိုက်သည်။ မြို့သားလူလည်သည် ၂တန် သမင်းကြီးကို ဆွဲယူ၍ သုတ်သုတ် ထွက်သွားသည်။

ဤလိမ်လည်မှုတွင် တောသားမုဆိုးသည် ရုတ်တရက်ဖြစ်၍ မျက်စိလည်ကာ သမင်ကြီးကို ပေးလိုက်ခြင်း ဖြစ်၏။ ပြန်၍ စဉ်းစားလိုက်သောအခါ ငွေ၁ ဖြင့် သမင်ကြီးကို ပေးလိုက်ရသည်ဟု သိလာမည်။ မြို့သားသည် မိမိကို လိမ်သွားပြီဟု သိလာမည်။

မြို့သားသည် မုဆိုးကို လိမ်လည်၍ စီးပွားရှာမိသည်။ ဤလိမ်လည်မှုကြောင့် မိမိလိပ်ပြာ မလုံဖြစ်ကာ နောင်တလည်း ရနေနိုင်၏။ မည်သို့ရှိစေ၊ မုဆိုးကိုကား မတွေ့အောင် ရှောင်ရှား နေရတော့မည်။ မုဆိုးကလည်း မြို့သားကို တွေ့ရလျှင် အသေသတ်၍ အမိုက်ဇာတ်ခင်းမည်လား မပြောတတ်ချေ။

## ဘုရင်မင်းခေါင်နှင့် လက်ဆောင်တော်

ရှေးသူတော်ကောင်း သူမြတ်လောင်းတို့သည် မိမိအတွက် ရပိုင်ခွင့် ပစ္စည်းများကိုပင် တရားသလော၊ မတရားသလော၊ ယူသင့်သလောဟု စစ်ကြောပြီးမှ ရယူလေ့ ရှိကြ၏။ မိမိမယူ ထိုက်သော ပစ္စည်းကို ရယူခြင်း မရှိကြချေ။

ဘုရင်မင်းခေါင်ကြီး လက်ထက်တွင် မြင်းမူရွာက သူဌေးတစ်ယောက်သည် ရောဂါ သည်းထန်နေသဖြင့် ပစ္စည်းဥစ္စာတို့ကို သားမြေးတို့အား ဝေငှပေးသည်။ ရွှေ ၁၀–ပတ်နှင့် ငွေ ပိဿာ ၁၀၀၀–တန်သော ပတ္တမြားတစ်လုံးကို မင်းအတွက် ခွဲခြားထားသည်။ ထိုသူဌေးသေလျှင် ပစ္စည်းတို့ကို ဘုရင်မင်းခေါင်အား လာရောက် ဆက်သကြ၏။ ဘုရင်က “ ဘာအတွက် ပစ္စည်း တွေလဲ ”ဟု မေးသည်။ ဆက်သသူတို့က “ မြင်းမူသူဌေး၏ အမွေဖြစ်သည်၊ ”ဟု လျှောက်ကြ၏။

ထိုအခါ “ အမွေဆိုလျှင် သူ့သားမြေးတွေကို ပေးလိုက်၊ ငါနှင့် မဆိုင်၊ ”ဟု ငြင်းလေသည်။

“ အရှင်မင်းမြတ်အတွက် အမွေပေးခြင်း မဟုတ်ပါ၊ သူဌေးကြီး မသေမီကပင် လက်ဆောင် တော် ဆက်သဖို့ သီးသန့် ထားခဲ့သော လက်ဆောင်တော် ဖြစ်ပါသည်၊ ”ဟု လျှောက်တင်မှ လက်ခံ သိမ်းပိုက်တော်မူလေသည်။

## စည်သူကျော်ထင်နှင့် ရွှေငါးပိဿာ

သက္ကရာဇ် ၉၁၃–ခုတွင် စည်သူကျော်ထင်သည် နရပတိအမည်ဖြင့် အင်းဝရွှေနန်းကို သိမ်း၍ မင်းပြုသည်။ ထိုမင်းသည် နံနက်အချိန်၌ ဥဒေတယံကို အခေါက် ၁၀၀၀၊ ညအချိန်၌ အပေတယံကို အခေါက် ၁၀၀၀–ရွတ်သည်။

တစ်နေ့သောအခါ စစ်ကိုင်းအရပ်မှ မိန်းမငယ် တစ်ယောက်သည် ရက်ကန်းစင်တူးရာတွင် ရွှေငါးပိဿာ ရသည်။ မိန်းမငယ်သည် ရွှေအိုးကို ယူလာပြီး စည်သူကျော်ထင်အား ဆက်သသည်။ မင်းသည် ဥဒေတယံကို ရွတ်နေသဖြင့် မှူးမတ်တို့က “ တစ်ဝက်ကို အရာတော်အဖြစ် ထားခဲ့၊ တစ်ဝက်ကို ယူသွား၊ ”ဟု ပြန်ပေးလိုက်သည်။

ထိုနောက် ရွှေအိုးကို နရပတိမင်းအား ဆက်သကြသည်။ နရပတိမင်းက အကျိုးအကြောင်း ကို မေးရာ အဖြစ်မှန်ကို လျှောက်တင်ကြ၏။ မင်းတရားက “ မှူးတော် မတ်တော်တို့၊ အစ်ကိုတို့ဟာ မြို့တော်ပတ်လည်မှာ တစ်နေ့ကို တွင်း ၁၀၀၀–တူးသော်လည်း ရွှေအိုးကို ရမှာ မဟုတ်ဘူး၊ ရှေးမင်းတို့လည်း မိမိတို့ နိုင်ငံတွင်းက ရွှေအိုး ရွှေတောင့်တို့ကို ဆင်းရဲသားတို့ ရရှိလျှင် မသိမ်းယူကြပါ၊ ယခုလည်း ရွှေအိုးကို တစ်ဝက် မသိမ်းယူသင့်ဘူး၊ အားလုံးကို မိန်းမငယ်အား

ခေါ်၍ အပ်စေ၊ ”ဟု အမိန့်ရှိသဖြင့် ပြန်လည် ပေးအပ်လိုက်ရလေသည်။

## အင်္ဂလိပ်တို့၏ လုယူမှု

အင်္ဂလိပ်တို့သည် အခြားနိုင်ငံတို့ကို ကျူးကျော် သိမ်းပိုက်ကာ ပစ္စည်းဥစ္စာတို့ကို အဓမ္မနည်းဖြင့် ရယူခဲ့ကြသည်။ အင်အားသုံး၍ လုယူမှုကို ပသယှာဝဟာရ ခိုးယူနည်းဟု ခိုးခြင်း ၂၅–ပါးတွင် ဖော်ပြထားပါသည်။ အင်္ဂလိပ်တို့သည် အကြောင်းအမျိုးမျိုး ပြ၍ မြန်မာဘုရင်ကို ဖမ်းဆီးသွားကြသည်။ မြန်မာနိုင်ငံတော်ကို သိမ်းပိုက်ခဲ့ကြသည်။ နိုင်ငံတော်ကို သိမ်းပိုက်စဉ်က နန်းတွင်းရှိ အဖိုးတန် ရတနာပစ္စည်းများကို ခိုးမှုကြီး ကာနယ်စလေဒင်က သိမ်းယူသွားခဲ့သည်။ နိုင်ငံကျော် ငမောက်ပတ္တမြားကြီး အပါအဝင် အတွင်းပစ္စည်းများကို ပေးအပ်လိုက်ရ၏။ တန်ဖိုးအားဖြင့် ကုဋေ ၁၀၀၀၀–ကျော်မျှ ရှိမည်ဟု ခန့်မှန်းထားကြသည်။ ငမောက်ကျောက်ကြီးမှာ ယနေ့တိုင် ကမ္ဘာပေါ်၌ တိမ်မြုပ်ပျောက်ကွယ်လျက် ရှိနေလေသည်။

ကမ္ဘာ့သမိုင်းစဉ် တစ်လျှောက်တွင် –

– အားရှိသူက အားမဲ့သူကို အနိုင်ကျင့်၍ ရယူခြင်း ၊

– အာဏာရှိသူက အာဏာမဲ့သူကို အနိုင်ကျင့်၍ ရယူခြင်း ၊

– နိုင်ငံကြီးက နိုင်ငံငယ်ကို အနိုင်ကျင့်၍ ရယူခြင်း–

စသည်ဖြင့် ကြီးနိုင်ငယ်ညှဉ်း ရယူခြင်းများ ရှိခဲ့ပေသည်။ ဤဖြစ်စဉ်များသည် တိရစ္ဆာန်ဓလေ့ကို အတုယူသော ပြုမူမှုများသာ ဖြစ်၏။ လူသားချင်း ညာတာမှု၊ စာနာမှု ကင်းမဲ့ရာမှ ပေါ်ပေါက်ရသော အကြီးစား လုယက်ခိုးယူမှုကြီးများ ဖြစ်လေသည်။

## စစ်ကိုင်းဘက်က ရှင်ပျက်အကြံ

သတိုးမင်းဖျား လက်ထက်တွင် စစ်ကိုင်းဘက်က ရှင်ပျက်တစ်ယောက်သည် မုန့်သည်မက အပ်နှံထားသော ငွေကို လက်ခံထားခဲ့၏။ ရှင်ပျက်သည် အပ်နှံထားသော ငွေကို အပိုင်ယူလိုသဖြင့် ငွေအပ်နှံခြင်း မရှိပါဟု ငြင်းဆိုသည်။

မုန့်သည်မလည်း ထိုအကြောင်းကို သတိုးမင်းဖျားထံ လျှောက်တင်သည်။ မင်းတရားသည် ရဟန်းပျက်ကို ခေါ်၍ စစ်မေးသည်။ ရဟန်းပျက်လည်း မကွယ်ဝှက်ဝံ့တော့ဘဲ ငွေကို မင်းတရားထံ ဆက်သရသည်။ မင်းတရားက “ ရဟန်းဖြစ်ပါလျက် သည်လို ကျင့်ရာသလော၊ ”ဟုဆိုကာ လက်တော်ဖြင့် ကွပ်မျက်ပြီးလျှင် နန်းကြမ်းပြင်ကို ဖွင့်၍ ပစ်ချလိုက်လေသည်။

ခိုးဝှက်ခြင်းသည် မကောင်းမှု ဖြစ်သကဲ့သို့ မကောင်းကျိုးကို ဖြစ်စေသော ဒုစရိုက်ကာယကံ ဖြစ်ပါသည်။ မျက်မှောက်ဘဝ၌ပင် ဆိုးကျိုးတရားကို ခံစားရနိုင်ပါသည်။

ထို့ကြောင့် မကောင်းမှု အမှန်၊ မကောင်းကျိုးကို ဧကန်ဖြစ်စေသော ခိုးမှုကံ စရိုက်ဆိုး တရားကို ရှောင်ရှားကြကုန်ရာ၏။　 ။

# ကာမမိစ္ဆာ ရှောင်ကြဉ်ပါ

ကာမဂုဏ်အစု မေထုန်မှု၌ မှားယွင်းစွာ မပြုလုပ်ရခြင်းသည်လည်း လူသားတို့ ကျင့်ရန် ကာယကံတစ်ပါး ဖြစ်ပါသည်။

အမျိုးသားသည် လည်းကောင်း၊ အမျိုးသမီးသည် လည်းကောင်း မိမိ မခံစားထိုက်သော မေထုန်မှုကို ခိုးယူခံစားခြင်း မပြုရန် တားမြစ်ထားသော လူသားစည်းမျဉ်းတစ်ခု ဖြစ်ပါသည်။ ဤကျင့်ဝတ်မှာ လူသားတို့၏ ယဉ်ကျေးမှု တိုးတက်လာပြီးမှ ဖန်တီး ဖော်ဆောင်ရသော ကျင့်ဝတ်ဟု ဆိုရပါမည်။

## မေထုန်နှင့်စ လူ့ဘဝ

လူသားဘဝသည် မေထုန်နှင့် စပ်၍ ရယူခဲ့ရပါသည်။ မေထုန်နှင့် မစလျှင်လည်း ဘဝဟူ၍ ဖြစ်ပေါ် မလာနိုင်ပါ။ လူ့သမိုင်း၏ မျိုးဆက်သစ် ဖြစ်စဉ်ကို မေထုန်မှုဖြင့် ရင်းနှီးခဲ့ကြရပေသည်။

လူ့သမိုင်း၏ အိုဟောင်း ရင့်ညောင်းသော ကာလကို ပြန်ပြောင်းကြည့်လျှင် မေထုန်မှု အမှားကံကို ပြဋ္ဌာန်းရန် အကြောင်း မရှိခဲ့ပေ။ အဘယ့်ကြောင့်ဆိုသော် ရှေးခေတ်ဦးက မေထုန်ပိုင်စနစ် မရှိသေးသောကြောင့်တည်း။

မှန်ပါသည်။ ရှေးဟောင်းခေတ် လူသားတို့သည် မေထုန်ခံစားမှုအတွက် ပုဂ္ဂလိကပိုင် စနစ် မရှိခဲ့ပေ။

- ယောကျ်ားတိုင်းသည် မိန်းမတိုင်းနှင့် လည်းကောင်း ၊
- မိန်းတိုင်းသည် ယောကျ်ားတိုင်းနှင့် လည်းကောင်း–

သွားလာ မှီဝဲပိုင်ခွင့် ရှိပေသည်။

မြောက်ကျွန်းသူ မြောက်ကျွန်းသားတို့သည်လည်း မေထုန်ပိုင်စနစ် မရှိကြပေ။ ယောကျ်ားသည် မိမိမေထုန်မှု အလိုရှိသော မိန်းမကို စိန်းစိန်း ကြည့်လိုက်ရသည်။ ဤသို့ ကြည့်လိုက်လျှင် မိမိကို အလိုရှိနေပြီဟု မိန်းမက သိရှိ နားလည်သွား၏။ ထိုနောက် နှစ်ဦးသဘောတူလျှင် တောထဲသို့ သွား၍ သစ်ပင်အောက်၌ သစ်ရွက်တို့ကို အကာအကွယ် ပြုပြီးလျှင် မေထုန်မှု ရသကို ခံစားကြ၏။ သားမျိုးပေးခြင်း၊ သားမျိုးယူခြင်း အမှုတို့ကို ဆောင်ရွက်ကြ၏။ ဤဖြစ်စဉ် မှတ်တမ်းကို မဟာဝင်ကျမ်း၌ ဖတ်ရှုရဖူးပေသည်။

## လင်မယားအဖြစ် လူ့စနစ်

မေထုန်မှုကို အများပိုင်စနစ်ဖြင့် လူ့ခေတ်ကြီးကို စတင်ခဲ့ရာ ထောင်စုနှစ်များစွာ ကြာမြင့်ခဲ့သည်။ ဤစနစ်သည် တိရစ္ဆာန်တို့နှင့် ခြားနားခြင်း မရှိပေ။ တိရစ္ဆာန်တို့သည်လည်း မေထုန်ပိုင်စနစ် မရှိဘဲ မျိုးတူချင်း ခံစားနေကြသည်။

- တိရစ္ဆာန် အထီးတိုင်းသည် တိရစ္ဆာန် အမတိုင်းနှင့် လည်းကောင်း ၊
- တိရစ္ဆာန် အမတိုင်းသည် တိရစ္ဆာန် အထီးတိုင်းနှင့်လည်းကောင်း–

ခံစား မှီဝဲနေကြသည်။ ဤသို့ မှီဝဲပြီးနောက် ရရှိလာသော မျိုးဆက်သစ် သားကောင်တို့၏ တာဝန်ကိုမူ မိခင် တိရစ္ဆာန်မကပင်လျှင် တာဝန်ယူရသည်။ ပုံစံအားဖြင့်ဆိုလျှင် ခွေးထီးသည် ခွေးမနှင့် မေထုန်မှီဝဲ၏။ ရရှိလာသော သားမျိုးဆက်ကိုမူ ခွေးထီးက ဘာတာဝန်မျှ မယူပေ။ ခွေးမမှာသာ ခွေးတစ်အုပ်လုံးကို ကျွေးမွေးရသော ဒုက္ခ၊ ထိန်းသိမ်း စောင့်ရှောက်ရသော ဒုက္ခ စသည်ဖြင့် ဒုက္ခများစွာ ရင်ဆိုင်ရလေသည်။

လူသားတို့၏ သမိုင်းအစ လူနေမှုဘဝတွင်လည်း ခွေးနေမှု ဖြစ်စဉ်ကဲ့သို့ ခြားနားခြင်း မရှိပေ။ မိန်းမတိုင်းသည် ယောကျ်ားတိုင်းနှင့် မှီဝဲ ပေါင်းသင်းနေရသည်။ ရရှိလာသော သားမျိုးဆက်ကိုမူ မိန်းမကသာ တာဝန်ယူနေရသည်။ ယောကျ်ားတို့သည် ခွေးထီးကဲ့သို တာဝန်မဲ့ နေကြလေသည်။

မိန်းမတို့သည် သားမျိုးဆက်ကို ရရှိပြီဆိုလျှင် အလွန် ဒုက္ခရောက်ကြရသည်။ သားတွဲလဲဖြင့် ဝမ်းစာ ရှာကြရသည်။ သားတစ်ယောက်ဆိုလျှင် တော်သေးသည်။ သားမျိုးဆက် နီးသော မိန်းမ များမှာ ပို၍ ဒုက္ခရောက်ကြရသည်။ ဝမ်းဗိုက်ထဲက တစ်ယောက်၊ ကျောပိုးက တစ်ယောက်၊ လက်ဆွဲက တစ်ယောက်ဆိုလျှင် သားမျိုးဆက် သုံးယောက်နှင့် ဘယ်လို လုပ်ကြတော့မည်နည်း။

ဤကဲ့သို့ မိန်းမဘဝ ဒုက္ခကို အဓိက ဖြေရှင်းရန်အတွက် ခွေးနေမှု ဘဝမျိုးမှ လမ်းခွဲကြရ တော့သည်။ ဤသည်မှာ မေထုန်မှုကို ပုဂ္ဂလိကပိုင်စနစ်သို့ ပြောင်းလဲပေးရခြင်း ဖြစ်ပေသည်။

– ယောကျ်ားသည် မိမိနှစ်သက်သော မိန်းမနှင့် လည်းကောင်း ၊
– မိန်းမသည် မိမိနှစ်သက်သော ယောကျ်ားနှင့် လည်းကောင်း–

အတူနေကြရသည်။ မေထုန်ပိုင်စနစ်၊ ဝါ– လင်မယားစနစ်ကို ဖော်ဆောင်လိုက်ခြင်းပေတည်း။ ဤလင်မယားစနစ်ကြောင့် မိန်းဘဝ ဖူလုံမှုကို ရရှိသွားခဲ့ရပါသည်။

ယောကျ်ားတွေ ဘက်ကလည်း –

– မိမိမယား အပေါ်၌ ချစ်ခင်မှု ၊
– သားသမီး အပေါ်၌ တွယ်တာမှု ၊
– မိသားစု အပေါ်၌ တာဝန်ယူလိုမှု –

ဟူသော စိတ်ဓာတ်များ ဖြစ်ပေါ်လာခဲ့လေသည်။

## လင်မယားစနစ် ခေတ်သစ်ကျင့်စဉ်

လူသားတို့သည် လင်မယားစနစ်ကို ဖော်ဆောင်ပြီးသည့်နောက် စိတ်ပိုင်းဆိုင်ရာ ပြောင်းလဲ မှုများ ဖြစ်ပေါ်လာခဲ့သည်။ လင်မယားနှစ်ဦးတို့သည် အချင်းချင်း ချစ်ခင်လာကြသည်။ တွယ်တာ တပ်မက်လာကြသည်။ သံယောဇဉ် ကြီးမားလာကြသည်။ ဤစိတ်ဓာတ်များ ကြီးမားလာသည့် အလျောက် တစ်ဦးကို တစ်ဦး ဖောက်ပြား ပြောင်းလဲသွားမည်ကို စိုးရိမ်ကြ၏။ မယားက လင် ဖောက်ပြန်မှာကို စိုးရိမ်၏။ လင်ကလည်း မယားဖောက်ပြန်မှာကို စိုးရိမ်၏။ ဤသို့ တစ်ဦးနှင့် တစ်ဦး သစ္စာရှိစေလိုသော စိတ်ဓာတ်ကြောင့်ပင် မေထုန် မဖောက်ပြားမှု ကျင့်ဝတ်ကို ပြဋ္ဌာန်း ပေးရခြင်း ဖြစ်ပေသည်။

ရှေးဟောင်း အီဂျစ်ယဉ်ကျေးမှု ကျင့်စဉ်တွင် “ လင်ရှိ မယား၊ မယားရှိ လင်ကို မေထုန် မကျူးလွန်ရန်၊ ” ဟူသော ကျင့်ဝတ်ကို ပြဋ္ဌာန်းပေးထားသည်။ ဤကျင့်ဝတ်မှာ လင်မယားစနစ် မပြိုကွဲရေးကို ကျားကန်ပေးထားသော လူသားကျင့်ဝတ်ပင် ဖြစ်ပေသည်။

နောက်ပိုင်းတွင် လင်မယားစနစ်သည် ကမ္ဘာသားအားလုံး လက်ခံသောစနစ် ဖြစ်လာ၏။ လင်းမယားစနစ်ဖြင့် မိသားစုဘဝကို ထူထောင်လာကြသည်။ သားမျိုးဆက်သစ်တို့ကို မွေးထုတ် လာကြသည်။ မေထုန်ပိုင် လင်မယားစနစ်သည် ကမ္ဘာပေါ်၌ ရိုးရာ လူနေမှုတစ်ရပ် ဖြစ်နေ လေသည်။

## ပလာတို၏ မေထုန်ဘုံစနစ်

မေထုန်ပိုင်စနစ်ဖြင့် တည်ထောင်လာခဲ့သော မိသားစုဘဝကို ချေဖျက်ပစ်လိုသူတို့လည်း ပေါ်ပေါက်လာခဲ့သည်။ ထိုအထဲတွင် ပလာတို ( Plato ) သည် ရှေ့တန်းက ပါဝင်ပေသည်။

ပလာတိုသည် ဘီစီ ၄၂၇–၃၄၇ အကြား ပေါ်ပေါက်ခဲ့သူ ဖြစ်သည်။

ပလာတိုသည် သူဖြစ်ချင်သော နိုင်ငံတစ်ခုကို မျှော်မှန်း၍ ' သမ္မတနိုင်ငံကျမ်း ' ကို ရေးသားခဲ့သည်။ သူ၏ နိုင်ငံတွင် ပုဂ္ဂလိကပိုင်ပစ္စည်း မရှိ။ ပုဂ္ဂလိက အိမ်ထောင်ရေးလည်း မရှိပေ။ ယောကျ်ားတိုင်းသည် မိန်းမတိုင်းနှင့်လည်းကောင်း၊ မိန်းမတိုင်းသည် ယောကျ်ားတိုင်းနှင့် လည်းကောင်း ပိုင်ဆိုင် ခံစားခွင့် ရှိရမည်ဟု ဆိုသည်။ မွေးလာသော ကလေးကို နိုင်ငံတော်က ထိန်းသိမ်း ပျိုးထောင်ပေးရမည် စသည်ဖြင့် စိတ်ကူးယဉ် နိုင်ငံတော်ကို တည်ထောင်ပြခဲ့သည်။

ပလာတိုသည် သူ၏ သဘောတရားများကို ကျောင်းဖွင့်၍ သင်ကြား ပြသပေးခဲ့သည်။

လင်မယားစနစ်သည် ကမ္ဘာတွင် လိုအပ်သဖြင့် ပေါ်ပေါက်လာခဲ့ရသည်။ ပလာတိုကမူ ခေတ်နောက်ပြန်ကာ မေထုန်ဘုံစနစ်ကို ပြန်လည် အသက်သွင်းလိုသူ ဖြစ်သည်။ သူ၏ ဘုံစနစ်သည် မအောင်မြင်သကဲ့သို့ သမ္မတနိုင်ငံကျမ်းသည်လည်း အိပ်မက်ခန်းသာ ဖြစ်ခဲ့ရလေသည်။

## ဗုဒ္ဓ၏ ကာမမှု စည်းမျဉ်းများ

ဗုဒ္ဓဘုရား လက်ထက်တွင်လည်း ကာမမှု၌ မှားယွင်းစွာ ကျူးလွန်မှုကို တားမြစ်ထားပါသည်။ ဗုဒ္ဓ၏ ကာမမှု စည်းမျဉ်းများတွင် ခေတ်ဟောင်းက စည်းမျဉ်းများထက် ကျယ်ပြန့်ပေသည်။ အမျိုးသားများသည် လင်ရှိမယားကိုသာ မဟုတ်။ မသွားလာအပ်သော မိန်းမပေါင်း ၂၀–မျှကို ရှောင်ကြဉ်ကြရသည်။

အမျိုးသားများ ရှောင်ကြဉ်ကြရမည့် မိန်းမ ၂၀–တို့ကိုလည်း စာရင်းနှင့်တကွ ဖော်ပြထားသည်။ ထိုစာရင်းမှာ ရှေးခေတ် အိန္ဒိယနိုင်ငံ၏ ဓလေ့ထုံးစံအရ စာရင်းပြုထားခြင်း ဖြစ်ပါသည်။ အချို့မိန်းမများမှာ အခြားသော နိုင်ငံဓလေ့နှင့် သက်ဆိုင်ခြင်း မရှိပေ။

သို့သော်လည်း အားလုံးကို ခြုံ၍ လေ့လာလျှင် ယောကျ်ားသည် မိမိ မပိုင်ဆိုင်သေးသော မိန်းမ၏ မေထုန်ကို မကျူးလွန်ရဟု အဓိပ္ပာယ် ထွက်ပါသည်။ မှန်ပါသည်။ မေထုန်ပိုင် လင်မယားစနစ်ကို ဖော်ဆောင်ထားရာ၌ လင်မယားအဖြစ် အသိအမှတ် ပြုပြီးမှသာလျှင် ကာမဂုဏ်ခံစားမှုကို ပြုသင့်ကြလေသည်။

ဘုရားရှင် လက်ထက်တွင် ပြည့်တန်ဆာမများလည်း ရှိနေပါသည်။ ပြည့်တန်ဆာများကို ငှားရမ်း၍ စိတ်ဖြေရာတွင် ခေတ္တ အချိန်ပိုင်းမယားအဖြစ် အသိအမှတ် ပြုပါသည်။ ကာမမိစ္ဆာကံ မထိုက်ဟု ဆိုပါသည်။

မည်သို့ရှိစေ။ ပြည့်တန်ဆာမများကိုလည်း ရှောင်ရှားနိုင်လျှင် ကောင်းပါသည်။ ယနေ့ခေတ်တွင် ပို၍ ရှောင်ကြဉ်သင့်ပေသည်။ ၁၉၈၀–ပြည့်လွန် နှစ်များမှ စ၍ ကမ္ဘာတွင် ပြန့်ပွားလာသော အေအိုင်ဒီအက်စ်ရောဂါဆိုးကြီးသည် လိင်ခံစားမှုမှ အများဆုံး ကူးစက်ခံကြရသည်။ အိပ်ချ်အိုင်ဗွီပိုးရှိသော ပြည့်တန်ဆာမများနှင့် ခံစားမိသူတို့သည် ရောဂါကူးစက် ခံရပြီး သေဆုံးကုန်ကြသည် မဟုတ်ပါလော။

## မေထုန်မှား ယောကျ်ားအဓိက

မေထုန်မှောက်မှားမှုသည် အများအားဖြင့် ယောကျ်ားများက အဓိကကျပါသည်။ ယောကျ်ားတို့ဘက်က စေ့ဆော်မှု မရှိလျှင် ကံမြောက်ရန် ခဲယဉ်းပေသည်။ မိန်းမတို့ဘက်က အဓမ္မကျူးလွန်မှုမှာ ရှိနိုင်သော်လည်း ရှားပါးလှသည်။ အဓမ္မအမှုဖြင့် ကျူးလွန်ရာ၌ ယောကျ်ားများကသာ ပြုကျင့်နိုင်ကြသည်။ တရုတ်ပြည်မှ ကမ္ဘာကျော် နန်ကင်းမုဒိန်းမှုကြီးသည် အမျိုးသမီးရာပေါင်းများစွာတို့ကို ကျူးကျော်ရေး စစ်တပ်ကြီးက အနိုင်ကျင့်ကာ အဓမ္မနည်းဖြင့် လုယူကြသော မေထုန်မှုခင်းကြီးများ ဖြစ်လေသည်။

အမျိုးသမီးများသည် အားနွဲ့သူများ ဖြစ်၏။ အမျိုးသားများက တရားမစောင့်ဘဲ အဓမ္မကျင့်ကြံလျှင် ခံရမည်သာ ဖြစ်သည်။ ထို့ကြောင့် အဓမ္မ မေထုန်မှုကို ဘာသာရေး စည်းမျဉ်းဖြင့် လည်းကောင်း၊ လူမှုရေး ဥပဒေဖြင့် လည်းကောင်း၊ ပိတ်ပင်ထားရခြင်း ဖြစ်ပေသည်။ ဤသို့ ပိတ်ပင်ထားမှသာလျှင် အမျိုးသမီးတို့သည် လူမှုလွတ်လပ်ခွင့်ကို ရရှိနိုင်ကြမည်။ လွတ်လပ်စွာ သွားလာ ရောင်းဝယ်နိုင်ကြမည်။ အမျိုးသမီးတို့၏ လုပ်အားဖြင့် နိုင်ငံ့စည်းပွားလည်း တိုးတက်ကြီးပွားလာနိုင်လေသည်။

ဘုရားရှင် လက်ထက်က ဝဇ္ဇီတိုင်းသူ အမျိုးသမီးတို့သည် လွတ်လပ်ခွင့်ကို ရရှိနေကြသည်။ ဘုရားရှင်က ရှင်အာနန္ဒာအား မေးမြန်းသည်။

"ချစ်သား အာနန္ဒာ– ဝဇ္ဇီမင်းတို့သည် အမျိုးသမီးကြီး၊ အမျိုးသမီးငယ်တို့ကို အတင်းဆွဲငင်၍ မသိမ်းပိုက်ဘဲ ရှိကြ၏လော၊"

"မသိမ်းပိုက်ကြပါ အရှင်ဘုရား၊" ဟု လျှောက်သည်။

"ဤသို့ နိုင်ထက်စီးနင်း မပြုမူကြလျှင် ဝဇ္ဇီမင်းတို့သည် ကြီးပွားကြလိမ့်မည်၊" ဟု ဘုရားက အမိန့်ရှိလေသည်။

## ကာမမှုတွက် အသက်သေသူ

မြန်မာတို့ နှုတ်ဖျားတွင် "ကြိုက် မရှက်၊ ငိုက် မရှက်၊ ငတ် မရှက်" ဟု မရှက်သုံးပါးကို ပြောကြားလျက် ရှိကြပါသည်။ ဤတွင် ကြိုက်မရှက်ဆိုသည်မှာ ကာမဂုဏ် မေထုန်မှုအတွက် မရှက်သူကို ဆိုလိုပါသည်။ ကာမဂုဏ် နှိပ်စက်၍ အကြိုက်ဖက်လာပြီးဆိုလျှင် အမှား အမှန်ကို ဝေဖန်ပိုင်းခြားနိုင်ခြင်း မရှိတော့ပေ။ အကြိုက်အတွက် အမိုက်ဖက်လာလေတော့သည်။

သက္ကရာဇ် ၅၃၃–ခုနှစ်တွင် ပုဂံပြည်၌ မင်းယဉ်နရသိင်္ခ နန်းတက်သည်။ ညီတော် နရပတိစည်သူကို အိမ်ရှေ့စံအရာ ပေးထား၏။

တစ်နေ့သ၌ နရသိင်္ခသည် အိမ်ရှေ့မိဖုရား ဝေဠုဝတီကို မြင်လိုက်ရာ တိမ်းညွတ်တပ်မက်သွားသည်။ ကြိုက်မရှက်သော စိတ်က ထိပ်တက်လာတော့သည်။ ထို့ကြောင့် ညီတော်ကို စစ်တိုက်ရန် ငဆောင်ချမ်းအရပ်သို့ လိမ်၍ စေလွှတ်လိုက်သည်။

ညီတော်သည် စစ်ထွက်သွားရာ ချက်ချင်းပင် ဝေဠုဝတီကို သိမ်းပိုက်လိုက်သည်။ ထိုအကြောင်းကို မြင်းခံတော် ငပြည့်က မြင်းဖြင့် လိုက်၍ လျှောက်သည်။

အိမ်ရှေ့မင်း နရပတိစည်သူသည် ဒေါသကြီးစွာ ဖြစ်၍ နောင်တော် မင်းတရားကို လုပ်ကြံသတ်ဖြတ်ပေးရန် အမတ် ဗိုလ်အောင်စွာကို တာဝန်ပေးသည်။ ဗိုလ်အောင်စွာသည် ပုဂံပြည်သို့ ပြန်လာကာ မင်းယဉ်နရသိင်္ခကို ရေအိမ်ထက်၌ ကွပ်မျက်နိုင်ခဲ့သည်။ မင်းယဉ်နရသိင်္ခသည် ကာမဂုဏ် ရမ္မက်အတွက် အသက်သေခဲ့ရလေသည်။

## မေထုန်လူဆိုး ဒီမဲလိုး

ဟံသာဝတီခေတ် ဘုရင့်နောင် လက်ထက်တွင် ပေါ်တူဂီလူမျိုး ဒီမဲလိုးဆိုသူကို သူကောင်းပြုထားသည်။ ဒီမဲလိုးသည် ဘုရင်ပေးသော အခွင့်အရေးကို အလွဲသုံးစား ပြုကာ ဟံသာဝတီသားတို့ကို အနိုင်ကျင့်လေ့ ရှိသည်။

ဘုရင့်နောင် လက်ထက်တွင် ဒီမဲလိုးသည် မင်္ဂလာဆောင် တစ်ခုသို့ ဝင်ရောက်၍ သတို့သားကို သတ်ပြီး သတို့သမီးကို သိမ်းပိုက်သည်။ သတို့သမီးသည် ဘာသာခြားသော နိုင်ငံခြားသား၏ ရင်ခွင်ကို မဝင်လိုသောကြောင့် မိမိကိုယ်ကို ကြိုးဆွဲချ၍ သတ်သေခဲ့လေသည်။

ဘုရင့်နောင် မရှိသောအခါ သတို့သမီး၏ ဖခင်သည် ဒီမဲလိုး၏ မတရား ပြုမှုကို မြို့သူမြို့သားတို့ကို တိုင်ကြားပြီး အပြစ်ရှိသူကို အပြစ်ပေးပါရန် ကြွေးကြော်လေသည်။ မြို့သူ မြို့သား

တို့သည် ဒီမဲလိုး၏ အိမ်သို့ ချီတက်ကြပြီး ဒီမဲလိုးအား ခဲများဖြင့် ပေါက်သတ်ကြသည်။ သေဆုံးလျှင် အလောင်းကို အစိတ်စိတ် ပိုင်းဖြတ်ကာ ပဲခူးမြို့ လမ်းများပေါ်တွင် ကြဲဖြန့်ထားကြသည်။ ဒီမဲလိုး၏ အိမ်ကိုလည်း ဝိုင်းဝန်း ဖျက်ဆီးကြပြီး မတရား ရယူထားသော ပစ္စည်းများကို ဖျက်ဆီးပစ်ကြလေသည်။

ကာမဂုဏ် မှားယွင်းမှု ကံကို ကျူးလွန်သူတို့သည် ယခုဘဝ၌ပင် လူမုန်းများခြင်း၊ ရန်သူများခြင်း ဖြစ်ကြရသည်။ နောက်ဆုံးတွင် ကာမဂုဏ် ရမ္မက်အတွက် အသက်ပင် သေဆုံးကြရလေသည်။

ထို့ကြောင့် မကောင်းမှု အမုန်၊ မကောင်းကျိုးကို ဇာကန်ဖြစ်စေသော ကာမမိစ္ဆာကံ စရိုက်ဆိုးတရားကို ရှောင်ရှားကြကုန်ရာ၏။ ။

# စကားလိမ်ညာ ရှောင်ကြဉ်ပါ

စကားကို လိမ်ညာ၍ မပြောဆိုရခြင်းသည်လည်း လူသား၏ ကျင့်ဝတ်တစ်ပါး ဖြစ်ပါသည်။ ဤကျင့်ဝတ်သည် နှုတ်ဖြင့် ပြုမူသော ဝစီကံ အမျိုးအစား ဖြစ်သည်။ ဤဝစီကံသည် အထက်က ဆိုခဲ့သည့်အတိုင်း ဆင့်ပွားကံ အမျိုးအစား ဖြစ်သည်။ ဘာသာစကား ဖြစ်ပေါ်လာပြီးမှ ပေါ်ပေါက်လာသောကံ ဖြစ်သည်။

ဝစီကံ အုပ်စုဝင် ကံများသည် နောက်မှ ပေါ်ပေါက်လာသော်လည်း သူ၏ စွမ်းအားသည် ထက်မြက်လှသည်။ ထို့ကြောင့် ဘုရားရှင်သည် နှုတ်နှင့် ပတ်သက်၍ စောင့်စည်းရမည့် အချက်များကို မကြာခဏ ဟောကြားလေ့ ရှိသည်။

မင်္ဂလသုတ်၌ မင်္ဂလာ ၃၈–ပါးတွင် ကောင်းသောစကားကို ပြောဆိုခြင်း မင်္ဂလာကို ထည့်သွင်း ဟောကြားထားပါသည်။ ဤကောင်းသော စကားမင်္ဂလာသည် မည်သည့်စကားမျိုး ဖြစ်သနည်း။

## စကားအရာ အင်္ဂါလေးတန်

ဘုရားရှင်သည် သဂါထာဝဂ္ဂသံယုတ်၊ သုဘာသိတသုတ်၌ အောက်ပါအတိုင်း ဟောကြားထားပါသည်။

" ရဟန်းတို့– အင်္ဂါလေးပါးနှင့် ပြည်စုံသော စကားသည် ကောင်းစွာဆိုအပ်သော စကားမည်၏။ မကောင်းသဖြင့် ဆိုအပ်သော စကားမမည်။ အပြစ်လည်း မရှိ။ ပညာရှိတို့လည်း မကဲ့ရဲ့အပ်။ အဘယ်လေးပါးတို့နည်း။ –

၁။ ကောင်းစွာ ဆိုအပ်သော စကားကိုသာလျှင် ဆို၏။ မကောင်းသဖြင့် ဆိုအပ်သော စကားကို မဆို။

၂။ တရားနှင့် ညီသော စကားကိုသာလျှင် ဆို၏။ တရားနှင့် မညီသော စကားကို မဆို။

၃။ ချစ်ခင်ဖွယ် စကားကိုသာလျှင် ဆို၏။ မချစ်ခင်သော စကားကို မဆို။

၄။ မှန်သော စကားကိုသာလျှင် ဆို၏။ မမှန်သော စကားကို မဆို။ –

ရဟန်းတို့– အင်္ဂါလေးပါးတို့နှင့် ပြည့်စုံသော စကားသည် ကောင်းစွာ ဆိုအပ်သော စကား မည်၏။ "

၁။ ကောင်းစွာ ဆိုအပ်သော စကားဆိုသည်မှာ ချစ်ခင်နေသူ အချင်းချင်း စိတ်ဝမ်းကွဲအောင် ကုန်းတိုက်သော စကားကို မပြောဆိုဘဲ ကွဲပြားနေသူကို ညီညွတ်အောင် ၊ ညီညွတ်နေသူကို ပိုမိုစည်းလုံးအောင် ပြောဆိုခြင်း ဖြစ်သည်။

၂။ တရားနှင့်ညီသော စကားဆိုသည်မှာ အကျိုးမဲ့ ဖြစ်စေသည့် စကားအဖျင်းကို မပြောဘဲ အကျိုးရှိစေသော၊ သဘာဝအမှန်ဖြစ်သော စကားတို့ကို ပြောဆိုခြင်း ဖြစ်သည်။

၃။ ချစ်ခင်ဖွယ်သောစကား ဆိုသည်မှာ ကြမ်းတမ်းစွာ ဆဲရေး တိုင်းထွာ၍ ပြောခြင်း၊ သူတစ်ပါး မကြိုက်သော စကားကို ပြောခြင်းစသော စကားမျိုးကို ရှောင်ရှား၍ သူတစ်ပါး နှစ်လိုဖွယ် စကားကို ပြောဆိုခြင်း ဖြစ်ပါသည်။

၄။ မှန်သောစကား ဆိုသည်မှာ ဝစီကံမှု နှုတ်အစု၌ ပါဝင်သော မမှန်သည်ကို မပြောဆိုဘဲ မှန်သော သစ္စာစကားကိုသာ ဆိုရခြင်း ဖြစ်သည်။

အထက်ပါ အင်္ဂါလေးတန် စကားမှန်ကို ကြည့်လျှင် ဝစီကံ အစုအဖွဲ့ဝင် လေးပါးကိုပင် ကောက်ယူနိုင်ကြောင်း သိသာပါသည်။

## ဝစီမှောက်မှား မုသားစာပေ

ဤတွင် မုသာဝါဒကံဖြစ်သော လိမ်ညာမှုသည် နှုတ်ဖြင့် ပြောဆိုမှုနှင့်သာ သက်ဆိုင်သည် မဟုတ်ပေ။ စာဖြင့် ရေးသားမှုလည်း အကျုံးဝင်ပေသည်။ စာဆိုသည်မှာ ' ဝါစာ ' ဟူသော ဝေါဟာရမှ ဝါပုဒ်ကို ဖြတ်၍ သုံးစွဲထားသော စကားဖြစ်၏။ ဝါစာဝေါဟာရသည် ' စကား ' ဟူ၍ အနက်ထွက်သည်။ စာဆိုသည်မှာ ဝါစာအစုအဝေးကို သင်္ကေတအက္ခရာတို့ဖြင့် မှတ်သားထားခြင်း ဖြစ်သည်။ ထို့ကြောင့် စာပေဖြင့် မှတ်တမ်းတင်ထားသော အကြောင်းအရာတို့ကိုလည်း ဝစီကံ အစုအဖွဲ့၌ ထည့်သွင်းရခြင်း ဖြစ်ပေသည်။

စာဖြင့် ရေးသား၍ လိမ်ညာရာ၌လည်း မုသာဝါဒကံ ထိုက်ပေသည်။ လူတို့သည် လိမ်ညာမှုကံကို ပြုလုပ်ရာ၌–

– ကျမ်းစာဖြင့် လိမ်ညာခြင်း ၊

– ပေးစာဖြင့် လိမ်ညာခြင်း ၊

– နှုတ်စကားဖြင့် လိမ်ညာခြင်း –

စသည်ဖြင့် ကျယ်ပွားလှပေသည်။

## ကျမ်းစာဖြင့် လိမ်ညာခြင်း

အနော်ရထာမင်း နန်းတက်စတွင် ပုဂံပြည် သမထီးအရပ်၌ သီတင်းသုံးသော အရည်းကြီး သုံးကျိပ် ရှိသည်။ သူတို့၏ တပည့်များလည်း ၆၀၀၀၀–မျှ ရှိလေသည်။

အရည်းကြီးတို့သည် မိမိတို့ အလိုရှိသလို ကျမ်းစာများ ပြုစု၍ ပြည်သူတို့ကို လှည့်စား ဖြားယောင်းကြသည်။ အရည်းကြီးတို့က သူ့အသက်ကို သတ်သော သူတို့သည် ဤပရိတ်ကို ရွတ်လျှင် အကုသိုလ်ကံမှ လွတ်မြောက်နိုင်သည်ဟူ၍ အဓမ္မကို ဓမ္မဖြစ်အောင် လိမ်လည်၍ ဟောကြား ကြသည်။ ထို့ပြင် လူတို့အထံမှ ပန်းဦး (မေထုန်ဦး) ကို အလှူခံကာ လိမ်ညာ၍ မှီဝဲနေကြလေသည်။

## ပေးစာဖြင့် လိမ်ညာခြင်း

ကုန်းဘောင်ဆက် နောက်ဆုံးမင်း လက်ထက်တွင် မြန်မာ့ထီးနန်း အရေးကို နောက်မွေ ခဲ့သော ဝန်ကြီးတစ်ဦး ရှိသည်။ သူကား ကင်းဝန်မင်းကြီး ဦးကောင်း ဖြစ်သည်။ ဦးကောင်းသည် မင်းတုန်းမင်း၏ ထီးနန်းအရိုက်အရာကို သီပေါမင်းသားလေး ရရှိအောင် အကြံတ်အနယ် ကြိုးစား ပေးခဲ့သည်။ သီပေါမင်းသားကား ထီးနန်းအလယ်တွင် မျက်နှာငယ်သော အမြိတ်အစွန်သားတော် ဖြစ်သည်။ အားငယ်သော သားတော်ကို ထီးနန်းတင်လိုက်ခြင်းဖြင့် မိမိကြိုးဆွဲရာ ရနိုင်မည်ဟု ထင်မြင်မိသည်။ နောက်ပိုင်းတွင် မိမိထင်မြင်ချက်အတိုင်း ဖြစ်မလာခဲ့ချေ။

ထိုအခါ ဦးကောင်းသည် မင်းပြောင်းမင်းလွဲ ဖြစ်လိုစိတ် ရှိလာပြန်သည်။ ထိုအချိန်တွင် အင်အားရှိသော မင်းသားကြီးများမှာ သီပေါကို နန်းတင်ပြီးစက အသတ်ခံကြရသဖြင့် နန်းတွင်း၌ ရွေးချယ်စရာ မရှိတော့ချေ။

ထိုအချိန်တွင် ညောင်ရမ်းမင်းသားနှင့် ညောင်အုပ်မင်းသားတို့သည် အိန္ဒိယနိုင်ငံ၌ ရှိနေကြသေး၏။ သူတို့သည် သီပေါင်းမင်းကို နန်းတင်စဉ်က အဖမ်းမခံဘဲ အင်္ဂလိပ်ပိုင် နယ်မြေ သို့ ထွက်ပြေး သွားခဲ့ကြသည်။

ဦးကောင်းသည် အိန္ဒိယရှိ ညောင်ရမ်းမင်းသား အထံသို့ လျှို့ဝှက် ဆက်သွယ်သည်။ ပစ္စည်းဥစ္စာတို့ကို ပေးပို့သည်။ စာကို စာတိုက်မှ တစ်ဆင့် ပေးပို့သည်။ ဦးကောင်းက ပေးပို့သော စာထဲတွင်–

“ ပစ္စည်းများကို ထုခွဲ စရိတ်ပြု၍ အထက်မြန်မာနိုင်ငံကို ကြိုပါ၊
အလွယ်ဖြင့် ရပါစေမည်။ ”–
ဟု ပါရှိလေသည်။

ဤစာသည် ညောင်ရမ်းမင်းသားထံသို့ မရောက်ဘဲ အင်္ဂလိပ်အစိုးရ လက်ထဲသို့ ရောက်ရှိသွားသည်။ ထိုအခါ အင်္ဂလိပ်တို့သည် ညောင်ရမ်းမင်းသားက ရေသည့်ဟန်ဖြင့်–

“ သင့်တော်သော အချိန်တွင် အထက်မြန်မာနိုင်ငံကို ကြိုပါမည်။ ”–
ဟု ကင်းဝန်မင်းကြီးထံ အကြောင်းပြန်စာ ရေးပို့ခဲ့သည်။

အင်္ဂလိပ်တို့သည် ကင်းဝန်ထံသို့ ပေးစာဖြင့် လိမ်ညာခဲ့လေပြီ။ ကင်းဝန်ကား တကယ်ပင် ညောင်ရမ်းမင်းသား၏ ပြန်စာဟု အထင်ရှိလေသည်။

ဤသို့ဖြင့် အင်္ဂလိပ်တို့သည် အထက်မြန်မာနိုင်ငံကို စစ်ပြုရန် သင်္ဘောများဖြင့် ချီတက်လာတော့သည်။ စစ်ချီလာချိန်တွင် စကားပြန် ဦးဘသန်းဆိုသူကို မင်းသားအသွင် ဝတ်ဆင်စေပြီး သင်္ဘောဦးတွင် ညောင်ရမ်းမင်းသားဟန်ဖြင့် လိုက်ပါစေခဲ့သည်။

( ထိုအချိန်တွင် ညောင်ရမ်းမင်းသားကြီး မရှိတော့ပြီ။ မင်းသားသည် ၁၂၄၇–ခု၊ နယုန်လကပင်ကာလကတ္တားမြို့၌ အနိစ္စရောက်ခဲ့သည်။ ဤသတင်းကို ကင်းဝန်မင်းလည်း မသိရှိခဲ့ပေ။ )

အင်္ဂလိပ်တို့ ဆန်တက်လာသောအခါ ကင်းဝန်၏ စိတ်တွင် အင်္ဂလိပ်တို့ အကူအညီဖြင့် ညောင်ရမ်းမင်းသားကြီး ချီလာပြီဟု ယုံကြည်သည်။ ထို့ကြောင့်ပင် မြင်းခြံအထက် မြစ်စဉ်လမ်းရှိ အင်းဝ၊ စစ်ကိုင်း၊ သပြေတန်းခံတပ်တို့မှ မြန်မာစစ်သည်တို့ကို အင်္ဂလိပ်တို့အား ခုခံခြင်း မပြုရန် အမိန့်ထုတ်ဆင့်လိုက်လေသည်။

ဤသို့ဖြင့် အင်္ဂလိပ်တို့သည် နိုင်ငံတော် လိမ်လည်မှုကြီးကို ဖန်တီးကာ သက္ကရာဇ် ၁၂၄၇–ခု၊ တန်ဆောင်မုန်းလတွင် မြန်မာဘုရင် သီပေါမင်းကို အိန္ဒိယနိုင်ငံသို့ ဖမ်းဆီး ခေါ်ဆောင်သွားလေတော့သည်။

## နှုတ်စကားဖြင့် လိမ်ညာခြင်း

တကောင်းပြည်မှ ပန်းပဲဆရာ ငတင့်တော်၏ သားဖြစ်သူ ငတင့်တယ်သည် ခွန်အားစွမ်းပကား ကြီးမားလှသည်။ ဆင်ပြောင်၏ အစွယ်ကိုပင် နှုတ်ချိုးနိုင်သည်ဟု ကျော်ကြားသည်။ ထိုသတင်းကို တကောင်းမင်းက သိရှိရာ မိမိထီးနန်းကို လုယူမည်ဟု အထင်ရှိသောကြောင့် လိုက်လံ သတ်ဖြတ်စေသည်။ ငတင့်တယ်လည်း သေဘေးနှင့် ဝေးရာသို့ ပြေး၍ တောအုပ်တစ်ခု၌ နေရသည်။

တကောင်းမင်းသည် ငတင့်တယ်၏ နှမကို မိဖုရား မြှောက်သည်။ ထိုနောက် ငတင့်တယ်သည် ခွန်အားဗလနှင့် ပြည့်စုံသူ ဖြစ်၍ မြို့ကွပ်ခန့်မည်ဟု ပြောကာ မိဖုရားကို ခေါ်ယူစေသည်။ မိဖုရားလည်း ဘုရင့်စကားကို ယုံကြည်သောကြောင့် ခေါ်ယူခဲ့သည်။

ငတင့်တယ်လည်း နှမကို မိဖုရား မြှောက်ထားသောကြောင့် အပြစ်မဲ့ပြီဟု ထင်မှတ်ကာ တကောင်းပြည်သို့ လိုက်လာ၏။ ရောက်လျှင် စကားပင်မှာ ချည်နှောင်၍ မီးရှို့သတ်တော့သည်။ မိဖုရားလည်း ငါ့ကြောင့် ငါ့မောင် သေရသည်ဟုဆိုကာ မီးတွင်းသို့ ဆင်း၍ အသေခံပြန်သည်။ တကောင်းမင်း၏ စကားကို ယုံကြည်မိသဖြင့် မောင်နှမ နှစ်ယောက်လုံး သေဆုံးကြရသည်။ တကောင်းမင်း၏ လိမ်မှုကံသည် အထမြောက်သည်ဟု ဆိုရမည်။

လိမ်ညာမှု အင်္ဂါရပ်တွင်–

၁။ မဟုတ်မမှန်သော အကြောင်း ဖြစ်ခြင်း ၊

၂။ မဟုတ်မမှန် ပြောလိုစိတ် ရှိခြင်း ၊

၃။ ပြောလည်း ပြောခြင်း ၊

၄။ လိမ်လည် ခံရသူက ယုံခြင်း –

ဟူ၍ လေးပါးရှိသည်။ တကောင်းမင်း၏ မုသားစကားကို တေင့်တယ် တကယ်ယုံသဖြင့် ကံကုန်ခဲ့ရသည် မဟုတ်ပါလော။

## မုသားမပါ လင်္ကာမချော

နှုတ်မှုကံ စရိုက်ဆိုးအဖြစ် စာရင်းဝင်သော မကောင်းမှုမှာ မိမိက လိမ်ညာလိုက်သဖြင့် လူတစ်ဖက်သား ဒုက္ခရောက်စေသော လိမ်ညာမှုမျိုးကို ခေါ်ပါသည်။ ဤသို့ မဟုတ်ဘဲ သာမန် လိမ်ညာမှုမျိုးမှာ ကံမြောက်သည်ဟု မဆိုရပါ။

– မိမိဥစ္စာ မပေးလို၊ မချေးလို၍ ပြောသော မုသားစကား ၊

– ပြောင်လှောင် ပြက်ရယ်ပြောသော မုသားစကား ၊

– ခိုးသားဓားပြ လုယက်မှာစိုး၍ ပြောသော မုသားစကား ၊

– သားသမီးတို့ကို လှည့်စားသော မိဘ၏ မုသားစကား ၊

– သူတစ်ပါး ချမ်းသာစေရန် လှည့်စား၍ ပြောသော မုသားစကား –

စသည်တို့မှာ မုသားမမြောက် ကံမလောက်ချေ။ လူတို့သည် မိမိတို့ အကျိုးစီးပွားကို မထိခိုက်စေရန် အသေးစား မုသားများကို အသုံးပြု၍ ပြောကြားလေ့ ရှိကြပါသည်။ ဤမုသားစကား အသေးအမွှား များအတွက် “ မုသားမပါ လင်္ကာမချော ” ဟူသော ဆိုရိုးစကားကို ဖြစ်စေခဲ့ပါသည်။

မုသားမပါ လင်္ကာမချောဆိုသော စကားအရ သူတစ်ပါး ချမ်းသာစေရန် ဥပါယ်တံမျဉ်ဖြင့် ပြောကြားသော ဇာတ်လမ်းလည်း ခပ်ဆန်းဆန်း ရှိခဲ့ဖူးပါသည်။

## ဘုရင်လှူဒါန်းသည့် ဆွမ်းအလှူတော်

သက္ကရာဇ် ၇၁၄–ခုနှစ်တွင် နန်းတက်သော ငါးစီးရှင်ကျော်စွာမင်းသည် စားတော်ခေါ်ကာ နီးတွင် ရှင်ယောင်တစ်ဦးက ဆွမ်းရပ်လာသည်။ ဘုရင်သည် လက်ဆေးပြီးမှ မိမိမစားတော့ဘဲ မနောလင်ပန်းဖြင့် ပြင်ထားသော စားတော်အားလုံးကို သပိတ်ထဲသို့ လောင်းလှူလိုက်သည်။

ဘုရင်သည် မိမိလှူဒါန်းသော ပုဂ္ဂိုလ်မှာ ဈာန်ရှင်ရဟန္တာဟု အထင်ရှိသဖြင့် အမတ်တစ်ဦး ကို လိုက်၍ ကြည့်စေသည်။ အမတ်လည်း ရဟန်းယောင် နောက်သို့ လိုက်ကြည့်သည်။ မြို့ပြင် ရောက်လျှင် ဆွမ်းသပိတ်ကို မယားက ဆီး၍ ယူသည်။ ရဟန်းတုလည်း လူဝတ်လဲကာ ပွဲတော် စာကို စားသုံးကြတော့သည်။

အမတ်သည် နန်းတော်သို့ ပြန်ရောက်လျှင် “ အရှင်မင်းမြတ် လှူဒါန်းလိုက်သော ရဟန်းသည် ကျွန်တော်မျိုး ကြည့်နေစဉ် မြို့အပြင်၌ ပျောက်ကွယ်သွားပါသည်၊ ” ဟု ဥပါယ်တံမျဉ် ဖြင့် လျှောက်တင်သည်။ ငါးစီးရှင် ဘုရင်လည်း “ ငါထင်သည့်အတိုင်း ဈာန်ရှင်ရဟန္တာ မှန်ပေပြီ၊ ” ဟု လက်ရှုံး လက်မောင်းတန်းကာ ဝမ်းသာအားရ ပြောလေသည်။

ဤကဲ့သို့ လျှောက်ထားသော ဥပါယ်တံမျဉ် စကားသည် မုသားကံ မထင်ရှားဘဲ အကျိုးကောင်းတရားကိုပင် ဖြစ်ပွားစေခဲ့ပါသည်။ သို့ဖြစ်ရာ မုသားစကား ပြောသော်ငြားလည်း စိတ်ထားမူလ ပဓာနဟု ဆိုရပါမည်။

အရည်းကြီးတို့၏ လှည့်ဖြားကျမ်းစာ၊ အင်္ဂလိပ်တို့၏ မုသားပေးစာ၊ တကောင်းမင်း၏ စကားလိမ်ညာမှုတို့သည် တစ်ဖက်သားကို အကျိုးပျက်စီးစေ၏။ သေကျေစေခဲ့၏။ ဤကဲ့သို အကျိုးပျက်စီးစေသော လိမ်ညာမှုကိုသာ မုသားကံဟူ၍ မှတ်ယူကြပါမည်။

ထို့ကြောင့် မကောင်းမှု အမှန်၊ မကောင်းကျိုးကို ဧကန်ဖြစ်စေသော မုသားကံ စရိုက်ဆိုး တရားကို ရှောင်ရှားကြကုန်ရာ၏။ ။

# ကုန်းတိုက်ပြောတာ ရှောင်ကြဉ်ပါ

ညီညွတ်နေသော လူနှစ်ဦးတို့၏ ချစ်ကြည်ရင်းနှီးမှုကို ပြက်ပြားစေရန် သွေးခွဲသောစကား ပြောကြားခြင်းကို ကုန်းတိုက်စကားဟု ခေါ်ဆိုပါသည်။ ကုန်းတိုက်စကား ပြောကြားခြင်းမှ ရှောင်ကြဉ်ရခြင်းသည်လည်း လူသားကျင့်ဝတ်တစ်ပါး ဖြစ်သည်။ ဤမကောင်းမှုသည်လည်း နှုတ်ပြောကံ (ဝစီကံ) အစု၌ ပါဝင်ပေသည်။

လူတို့သည် ကုန်းတိုက်စကားကို ပြောဆိုရာ၌ အခြေခံအကြောင်းနှစ်ရပ် ရှိသည်။ တစ်ခုမှာ သူတစ်ပါးတို့၏ ချစ်ကြည်နေမှုကို မကျေနပ်သဖြင့် တစ်ယောက်အပြစ်ကို တစ်ယောက်ပြောကာ သွေးခွဲလို၍ ကုန်းတိုက်ခြင်း၊ တစ်ခုမှာ မိမိအပေါ်၌ ချစ်ခင်လာစေလို၍ ကုန်းတိုက်ခြင်းတို့ ဖြစ်ပါသည်။

အချို့လူတို့သည် အထက်ပါ အကြောင်းနှစ်ရပ်နှင့် မဆိုင်ဘဲ ကုန်းတိုက်စကား ပြောကြားတတ်သူလည်း ရှိပါသေးသည်။ ဤပုဂ္ဂိုလ်မျိုးမှာ ကုန်းစကားကို ဝါသနာပါသဖြင့် ပြောဆိုလေ့ ရှိကြခြင်းပင် ဖြစ်သည်။ မိမိစကားကြောင့် သူတစ်ပါး စိတ်ဝမ်းကွဲသွားမှာကိုလည်း ဂရုမစိုက်။ ပင်ကိုယ်ဝါသနာအရ လူချင်း တွေ့ဆုံလျှင် "မင့်ကို ဘယ်သူက ဘယ်လို ပြောနေတယ်၊ ညည်းကို ဘယ်ကောင်မက ဘယ်လို ပြောနေတာပဲ၊ " စသည်ဖြင့် ရှေ့နောက် မစဉ်းစားဘဲ ပြောကြားတတ်သူတို့ ရှိပါသည်။ သူတို့သည် ဝါသနာအရ ကုန်းစကားကို ပြောကြားခြင်းဟု ဆိုရပါမည်။ ဤကဲ့သို့ ကုန်းဝါသနာရှင် ရှေ့၌ အပြောမှားမိလျှင် အမုန်းများနှင့် ရင်ဆိုင်ရမည် ဖြစ်ပေသည်။

## ကုန်းစကားတတ် အသတ်ခံစေ

ရှေးအခါက တိုင်းပြည်တစ်ပြည်၌ ခိုးသူ၊ စုန်း၊ ကုန်းတိုက်တတ်သူဟူ၍ လူသုံးယောက်ရှိသည်ကို ဖမ်းဆီး၍ မင်းအား ဆက်ကြသည်။ မင်းလည်း သင်းတို့ကို သတ်လျှင် ငါ့မှာ မကောင်းမှု ဖြစ်တော့မည်ဟု ဆင်ခြင်လျက် ဖောင်လုပ်၍ လူသုံးယောက်လုံးကို မြစ်ထဲသို့ မျှောလိုက်သည်။

ဖောင်သည် အခြားပြည် တစ်ပြည်၌ တင်လေသော် ထိုပြည့်ရှင် မင်းက လူသုံးယောက်တို့ကို မေးစစ်လေဟု ဆို၏။ မေးစစ်ကြလျှင် လူသုံးယောက်တို့သည် မိမိတို့ အကြောင်းကို အမှန်အတိုင်း ပြောပြကြသည်။

မင်းသည် ခိုးသူကား သင်း– စားစရာ မရှိ၍ ခိုးခြင်းဖြစ်သည်ဟု ခိုးသူကို ငွေတိုက်စိုးနှင်းထည့်လေ၏။ စုန်းကိုကား သင်း– အသားစားချင်သောကြောင့် စုန်းပြုသည်ဟု သားကင်ထည့်လေ၏။ ကုန်းတိုက်တတ်သော သူကိုကား ကုန်းတိုက်တတ်သူမည်သည် မည်သို့ ထည့်စရာမရှိဟုဆို၍ သတ်လေ၏။ (လောကပညတ္တိ၊ ၁၁၂)

## အင်္ဂါငါးတန် ကုန်းတိုက်ကံ

ကုန်းတိုက်မှု ကံကို ကျူးလွန်ရာ၌ အခြေခံအင်္ဂါ ငါးချက်ကို ဖော်ပြထားပါသည်။ ယင်းတို့မှာ–

၁။ ချစ်ကြည်သူနှစ်ဦး ရှိခြင်း ၊

၂။ စိတ်ဝမ်းကွဲစေလိုသော စိတ်ရှိခြင်း ၊

၃။ ကွဲပြားအောင် လုံ့လပြုခြင်း ၊

၄။ သွေးခွဲစကားကို ယုံကြည်ကြခြင်း ၊

၅။ ယုံကြည်သဖြင့် ကွဲပြားခြင်း–
ဟူ၍ ဖြစ်ပေသည်။

ဤအင်္ဂါငါးရပ်ကို ပြည့်စုံစွာ ဆောင်ရွက်၍ စိတ်ဝမ်းကွဲစေသဖြင့် ဝေသာလီပြည်ကြီး ပျက်စီးခဲ့ရဖူးလေသည်။

## ပုဏ္ဏားဏ်ဉာဏ် သွေးခွဲရန်

ရာဇဂြိုဟ်ပြည်မှ အဇာတသတ်မင်းသည် ဝေသာလီပြည်ကို တိုက်ခိုက် သိမ်းပိုက်လိုကြောင်း ဝဿကာရပုဏ္ဏားအား တိုင်ပင်စကား ပြောကြား၏။ ထိုအခါ ဝဿကာရက ဤသို့ အကြံပေးသည်။ ဗိုလ်ပါပရိသတ်တို့ အလယ်၌ ဝေသာလီပြည်ကို တိုက်ခိုက်လိုကြောင်း မိန့်ကြားတော်မူပါ၊ ထိုအခါ ကျွန်ုပ်က မတိုက်ခိုက်သင့်ကြောင်း ကန့်ကွက်ပါမည်။ အရှင်မင်းမြတ်က ကန့်ကွက်ရပါမည်လားဟု ကျွန်ုပ်ကို ခေါင်းတုံးရိတ်၍ မြို့တော်မှ နှင်ထုတ်တော်မူပါ။ ကျွန်ုပ်သည် အရှင်မင်းမြတ်က နှင်ထုတ်သဖြင့် တိုင်းပြည်မှ ထွက်ခွာသွားပါမည်။ ဝေသာလီပြည် ရောက်လျှင် အချင်းချင်း သွေးကွဲအောင် ကုန်းတိုက်စကား ပြောကြားပါမည်။ သူတို့ စိတ်ဝမ်းကွဲမှ ဝင်ရောက်တိုက်ခိုက်လျှင် လွယ်ကူစွာ အောင်မြင်နိုင်ပါမည်။ ယခုအချိန်တွင် ဝေသာလီပြည်ရှိ လိစ္ဆဝီမင်းတို့သည် သွေးစည်း ညီညွတ်နေသောကြောင့် တိုက်ခိုက်ရန် ခက်ခဲပါသည်။ ထို့ကြောင့် ကျွန်ုပ် အကြံပေးသည့်အတိုင်း ဆောင်ရွက်ပါရန် ပုဏ္ဏားက လျှောက်တင်သည်။

အဇာတသတ်မင်းလည်း ပုဏ္ဏားလျှောက်တင်သည့်အတိုင်း စိတ်ဝမ်းကွဲဟန် ပြု၍ ဝဿကာရပုဏ္ဏားကို ရာဇဂြိုဟ်ပြည်မှ နှင်ထုတ်လိုက်လေသည်။

လိစ္ဆဝီမင်းတို့သည် ဝဿကာရပုဏ္ဏား ရာဇဂြိုဟ်ပြည်မှ ထွက်လာကြောင်း သတင်းကြားသိသဖြင့် "ဝဿကာရပုဏ္ဏားဟာ ကောက်ကျစ် စဉ်းလဲတတ်သူ ဖြစ်သည်၊ ငါတို့ နယ်ဘက်ကို ကူးသန်းခွင့် မပေးနှင့်၊ "ဟု တားမြစ်ကြ၏။

အချို့သော လိစ္ဆဝီမင်းတို့ကမူ "ငါတို့ပြည်ကို စစ်မတိုက်လို၍ စိတ်ဝမ်းကွဲကာ နှင်ထုတ်ခံရသူ ဖြစ်ပါသည်၊ ပုဏ္ဏားကြီးကို လာခွင့်ပြုသင့်ပါသည်၊ "ဟု ဆို၍ လက်ခံလိုက်ကြသည်။

လိစ္ဆဝီမင်းတို့သည် ဝဿကာရပုဏ္ဏားကို တရားသူကြီး အမတ်အဖြစ် ခန့်အပ်တာဝန်ပေးထားလိုက်ကြလေသည်။

## ပုဏ္ဏားမိုက်၏ ကုန်းတိုက်နည်း

တစ်နေ့သ၌ ဝဿကာရပုဏ္ဏားသည် လိစ္ဆဝီမင်း တစ်ယောက်ကို တိတ်ဆိတ်ရာသို့ ခေါ်၍ "လူငယ်တွေ လယ်ထွန်ကြပါရဲ့လား၊ "စသည်ဖြင့် အရေးမပါသော စကားတို့ကို ပြော၍ ပြန်လွှတ်လိုက်သည်။ အခြားလိစ္ဆဝီမင်းက "ဘာပြောလိုက်သနည်း၊ "ဟု မေးရာ အမှန်အတိုင်း ပြောပြ၏။ ဤအမေးလောက်အတွက် တိတ်ဆိတ်ရာသို့ ခေါ်မသွားဟု ယူဆသည်။ လိမ်လွှဲပြောသည်ဟု အထင်လွဲကာ စိတ်ဝမ်းကွဲသွားကြသည်။

အခြားတစ်နေ့၌လည်း လိစ္ဆဝီမင်းတစ်ယောက်ကို တိတ်ဆိတ်ရာ ခေါ်၍ ပြောပြန်သည်။ "ဒီနေ့ ဘာဟင်းတွေနှင့် ပွဲတော်တည်ခဲ့သနည်း၊ "ဟု မေး၍ ပြန်လွှတ်လိုက်ပြန်သည်။ ထိုမင်းကိုလည်း အခြား လိစ္ဆဝီမင်းက မေးပြန်ရာ အမှန်အတိုင်း ပြောသော်လည်း မယုံကြည် ပြန်ပေ။ သူတို့နှစ်ဦးလည်း စိတ်ဝမ်းကွဲသွားကြပြန်သည်။

နောက်ပိုင်းတွင် တိုက်ရိုက်ပင် ကုန်းတိုက်စကား ပြောတော့သည်။ လိစ္ဆဝီမင်းတစ်ယောက်ကို "အရှင်မင်းသားဟာ သိပ်ဆင်းရဲနေတယ်လို့ အခြားမင်းသား တစ်ပါးက ပြောနေပါသည်၊ "ဟု ကုန်းတိုက်၏။ အခြားမင်းသား တစ်ပါးကိုလည်း "အရှင်မင်းသားက သတ္တိကြောင်တဲ့ မင်းသားလို့ ပြောနေပါသည်၊ "ဟု ပြောကာ ကုန်းတိုက်ပြန်သည်။ ဤသို့ စသည်ဖြင့် စိတ်ဝမ်း

ကွဲအောင် ကုန်းတိုက်လာခဲ့ရာ လိစ္ဆဝီမင်းတို့လည်း သွေးကွဲကုန်ကြလေတော့သည်။

ထိုအခါ လိစ္ဆဝီမင်းတို့သည် စည်းဝေးရန်အတွက် စည်တီး၍ ဖိတ်ကြားသည်။ မည်သို့ပင် စည်တီးပါသော်လည်း အစည်းအဝေးသို့ တက်ရောက်သူ နည်းပါးနေတော့သည်။

အချို့လိစ္ဆဝီမင်းတို့က " ချမ်းသာသောမင်းတွေ အစည်းအဝေး တက်ကြပါ၊ ငါတို့လို ဆင်းရဲသား မင်းသားတွေ မတက်နိုင်ပါ၊ "ဟု ဆိုကြ၏။ အချို့ကလည်း " သတ္တိရှိသူတွေ တက်ကြပါ၊ ငါတို့က သူရဲဘော ကြောင်သူတွေ ဖြစ်သည်၊ အစည်းအဝေးကို မတက်ရောက်နိုင်ပါ၊ " ဟု ဆိုကြသည်။ ဝေသာလီပြည်သားတို့ ညီညွတ်မှု မရှိကြတော့။ နွားကွဲသဖြင့် ကျားဆွဲချေတော့မည်။

ထိုအချိန်တွင် ကုန်းအမတ်ကြီး ဝဿကာရသည် အဇာတသတ်မင်း အထံသို့ စစ်ချီလာပါရန် လျှို့ဝှက်သတင်းစကားဖြင့် လျှောက်ကြားလိုက်သည်။ အဇာတသတ်မင်းလည်း ဝေသာလီပြည်သို့ လာရောက်တိုက်ခိုက်ရာ အလွယ်ဖြင့် အနိုင်ရခဲ့လေသည်။

## မင်းရဲဒိဗ္ဗ ရေချသေစေ

ကုန်းတိုက်စကားဆိုသည် နှုတ်ဖြင့် ပြောဆိုရုံသာ မဟုတ်။ ပေးစာဖြင့် ရေး၍ ကုန်းတိုက်ခြင်းလည်း ပါဝင်ပေသည်။ ဤကဲ့သို့ ပေးစာဖြင့် ကုန်းတိုက်သော ဇာတ်လမ်းလည်း မှတ်တမ်းအဖြစ် တည်ရှိနေလေသည်။

မြန်မာရာဇဝင်တွင် အနောက်ဘက်လွန်မင်းသည် နိုင်ငံတော် စည်းလုံးရေးကို အထူး ဆောင်ရွက်သော မင်းတစ်ပါးဖြစ်သည်။ မိမိနှင့်အတူ ညီတော်သတိုးဓမ္မရာဇာဘွဲ့ခံ မင်းသတိုးနှင့် မင်းရဲကျော်စွာတို့ကိုလည်း ပါဝင်ဆောင်ရွက်စေသည်။

မင်းတရားသည် စည်းလုံးရေး လုပ်ငန်းကို ဆောင်ရွက်ရင်း ပဲခူးချောင်း အနောက်ဘက်၌ စံတော်မူခိုက် သားတော်မင်းရဲဒိဗ္ဗက လုပ်ကြံသဖြင့် အနိစ္စရောက်ရသည်။ မင်းရဲဒိဗ္ဗသည် သဘောတူသူတို့နှင့် တိုင်ပင်ကာ မင်းအဖြစ်ကို ရယူလိုက်သည်။ ထိုအချိန်တွင် အင်အားရှိသော ဘထွေးတော် မင်းသတိုးနှင့် မင်းရဲကျော်စွာတို့သည် အရှေ့ဘက် တစ်လွှား၌ စည်းလုံးရေးစစ်ကို ဆင်နွှဲနေကြ၏။

မင်းရဲဒိဗ္ဗသည် မင်းသတိုးတို့ ညီနောင်ထံ ကုန်းတိုက်သဝဏ်စာ ရေး၍ ပေးပို့သည်။ မင်းသတိုးထံ ပေးသော စာတွင်–

" ညီတော် မင်းရဲကျော်စွာသည်။ မင်းသတိုးကို လုပ်ကြံမည်ဟု ကြံစည်နေကြောင်း သတင်းကြားရသည်။ မင်းရဲကျော်စွာ မေ့လျော့ချိန်တွင် လုပ်ကြံပါ။ " –

ဟု ပါရှိသည်။ မင်းရဲကျော်စွာထံ ပေးသောစာတွင်လည်း –

" မင်းသတိုးသည် မင်းရဲကျော်စွာကို လုပ်ကြံမည်ဟု ကြံစည်နေကြောင်း သတင်းကြား ရသည်။ မင်းသတိုး သတိမေ့လျော့ချိန်တွင် ဖမ်းဆီး၍ လုပ်ကြံပါ။ " –

ဟု ပါရှိပေသည်။ ဤသဝဏ်စာတို့ကို အနောက်ဘက်လွန်မင်းတရားက ပေးပို့လေဟန် လိမ်လည်၍ ရေးသားထားသည်။ ညီနောင်မင်းနှစ်ပါးတို့ အထင်မှားကာ သတ်ဖြတ်ကုန်လျှင် ထီးနန်းရန်သူများကို ဖြေရှင်းပြီးသား ဖြစ်မည်ဟု ဉာဏ်ဆင်၍ ပေးပို့လိုက်ခြင်း ဖြစ်သည်။

သို့သော်လည်း မင်းသတိုးတို့သည် မိမိတို့ နည်းဟန်ဖြင့် နောင်တော်မင်းတရား လုပ်ကြံခံ ရကြောင်း သိနေနှင့်ကြ၏။ ကုန်းတိုက်စာကို သွားရောက်အပ်နှံသော သံတမန်တို့ ရောက်လျှင် စစ်မေးသည်။ သံတို့ကလည်း " ကျွန်ုပ်တို့မှာ စေသည့်ကျွန် ထွန်သည့်နွားဖြစ်၍ လာရပါသည်" ဟု ပြောကာ အဖြစ်မှန်ကို လျှောက်တင်ကြသည်။

မင်းသတိုးတို့ ညီနောင်သည် အင်းဝသို့ ပြန်၍ စစ်ချီလာကြသည်။ နောက်ပိုင်းတွင် မင်းသတိုးသည် မြန်မာ့ထီးနန်းကို အုပ်ချုပ်နိုင်ခဲ့သည်။ မင်းရဲဒိဗ္ဗသည် အခြေအနေမဲ့သဖြင့် ရခိုင် ဘက်သို့ ထွက်ပြေးမည် ပြုရာ မှူးမတ်တို့က ဖမ်းဆီး၍ မင်းသတိုးထံ ဆက်ကြသည်။ မင်းသတိုး

သည် မသင့်သော အကြံကို ကြံစည်ခဲ့သော မင်းရဲဒိဗ္ဗအား ရေချ၍ အဆုံးစီရင်လိုက်လေသည်။

## စိုးမင်းကြီး၏ ချစ်ကြည်ရေး

ကုန်းတိုက်ခြင်းသည် ချစ်ကြည်မှုကို ပျက်ပြားစေပြီး ငြိမ်းချမ်းရေးကို ထိခိုက်စေပါသည်။ စိတ်ဝမ်းကွဲပြီဆိုလျှင် ပြန်လည်စည်းလုံးရန် ခက်ခဲလှပါသည်။ မြန်မာ့သမိုင်းတွင် စိတ်ဝမ်းကွဲမှုကို ပြန်လည်စည်းလုံးပေးသော ငြိမ်းချမ်းရေး မိခင်တစ်ဦး ထင်ရှားစွာ ပေါ်ထွက်ခဲ့ဖူးပါသည်။ သူကား စစ်ကိုင်း၊ ပင်းယခေတ်တွင် ပေါ်ပေါက်ခဲ့သော စိုးမင်းကိုယ်တော်ကြီးပေတည်း။

ပင်းယခေတ်ကို တည်ထောင်သော တစ်စီးရှင်မင်းကြီးမှာ တောင်နန်းစံနှင့် မြောက်နန်းစံ ဟူ၍ မိဖုရားကြီးနှစ်ပါး ရှိသည်။ နန်းဓလေ့အရ နန်းမွေကို တောင်နန်းစံ၏ သားမျိုးဆက်တို့က ရရှိကြမည်။ သီဟသူမင်းသည် မြောက်နန်းစံ ရတနာပုံ၏ သားကိုလည်း မင်းဖြစ်စေချင်သည်။ ထို့ကြောင့် မိမိအသက်ရှင်စဉ်ကပင် မြောက်နန်းစံမိဖုရား၏ သားတော် အသင်္ခယာစောယွမ်းကို မြစ်၏ မြောက်ဘက် စစ်ကိုင်းဘက်တွင် နန်းတည်၍ မင်းပြုစေသည်။

သီဟသူ မရှိသောအခါ မြောက်ဘက် စစ်ကိုင်းက တစ်မင်း၊ တောင်ဘက် ပင်းယက တစ်မင်းပြုကာ မင်းပြိုင်ပြု၍ နန်းစံနေခဲ့ကြသည်။ မင်းနှစ်ပါးတို့သည် ခေတ်အဆက်ဆက်၌ သင့်မြတ်မှု မရှိခဲ့ကြ။ တောင်ဘက်မင်းတို့သည် မြောက်ဘက်မင်းတို့ကို သေကြောင်းကြံနေခဲ့ကြလေသည်။

ဤသို့ဖြင့် မသင့်မမြတ် ဖြစ်နေခဲ့ရာ စစ်ကိုင်းမင်းဆက်လည်း အပြောင်းအလဲများ ဖြစ်ပေါ်ခဲ့၏။ ပင်းယဘက်ကလည်း အပြောင်းအလဲများ ဖြစ်ပေါ်ခဲ့သည်။ သို့သော်လည်း နှစ်ဘက်မင်းတို့ သင့်မြတ်ခြင်း မရှိခဲ့ကြပေ။

ထိုအချိန်တွင် အသင်္ခယာစောယွမ်း၏ သမီးတော်ကြီး စိုးမင်းကြီးသည် နှစ်ဘက်မင်းတို့ သင့်မြတ်ချစ်ကြည်မှုကို အလိုရှိသဖြင့် သဝဏ်စာကို ရေးသား၍ တောင်ဘက်မင်း ကျော်စွာငယ်ထံ ပေးပို့ခဲ့သည်။

> "မောင်တော်– ဘကြီးတော်တို့ လက်ထက်ကတည်းက ခမည်းတော် စစ်ကိုင်းမင်းနှင့် မသင့်မတင့် ကွဲပြားနေကြရာ ယနေ့တိုင် ဖြစ်ပါသည်။ ငါတို့ သားချင်း မြေးချင်းတို့မှာ ရှေးနည်းအတုကို မလိုက်နာသင့်ပါ။ သင့်တင့်ညီညွတ်စွာ နေသင့်ကြပါသည်။ "

ပင်းယ ကျော်စွာငယ်မင်းသည် စိုးမင်းကြီး၏ သဝဏ်စာကို ကြည့်၍ ဝမ်းသာပီတိဖြစ်ကာ "ရှေးက ရှိင်းပျကြသည်မှာ ရှိပါစေတော့။ ယခု ငါ့နှမနှင့် ငါတို့ ချစ်ကြည်စွာ ဆက်သွယ်ကြပါမည်၊ ငါတို့ ကောင်းမှုပြုရာသို့ လာ၍ သာဓုခေါ်ပါလှည့်၊ "ဟု ဖိတ်ခေါ်လိုက်သည်။

ထိုအချိန်တွင် ကျော်စွာငယ်မင်း၏ ညီတော် အိမ်ရှေ့စံ သီဟသူမင်းသားက တုရင်တောင်ခြေ၌ ကျောင်းတော် ဆောက်ထားပါသည်။ ထိုကျောင်းတော် ရေစက်ချပွဲသို့ စိုးမင်းကြီးကိုယ်တိုင် သွားရောက်ကာ သာဓုအနုမောဒနာ ခေါ်ဆိုခဲ့သည်။ ချစ်ကြည်မှုကို ရယူခဲ့သည်။

စိုးမင်းကြီးသည် မောင်တော်တို့ နယ်မြေ၌လည်း ချစ်ကြည်မှု အထိမ်းအမှတ်အဖြစ် ကျောင်းတော်ကြီးကို ဆောက်လုပ် လှူဒါန်းပါသည်။ ချစ်ကြည်မှု ခိုင်မြဲစေရန် မိမိသမီးတော် ရှင်စောကြီးကိုလည်း ကျော်စွာငယ်မင်းအား ဆက်သလိုက်၏။ ကျော်စွာငယ်မင်းသည်လည်း သမီးတော်ကြီးကို မိဖုရားအရာ ထား၍ မြှောက်စားခဲ့လေသည်။

စိုးမင်းကြီးသည် စစ်ကိုင်းမင်းဆက်တွင် အကြီးကျယ်ဆုံး မင်းသမီး ဖြစ်သကဲ့သို့ ကြီးကျယ်သော ချစ်ကြည်ရေးတာဝန်ကိုလည်း ဆောင်ရွက်နိုင်ခဲ့သူ ငြိမ်းချမ်းရေးမိခင်တစ်ဦး ဖြစ်လေသည်။

လူတို့သည် ချစ်ခင်နေသူ နှစ်ဦးကို မုန်းစေရန် မပြောရသကဲ့သို့ မုန်းနေသူ နှစ်ဦးကို ချစ်ခင်စေရန် ပြောကြားအပ်ပါသည်။ စိုးမင်းကြီးကဲ့သို့ စိတ်ဓာတ်မျိုး လူတိုင်းမှာ ရှိသင့်ကြပါသည်။

ဝေသာကာရ၏ ကုန်းတိုက်စကားကြောင့် ဝေသာလီပြည်သားတို့ ဒုက္ခရောက်ကြရပါသည်။ မင်းရဲဒိဗ္ဗသည် မိမိကုန်းစကားကြောင့် ရေချ၍ အသတ်ခံရသည်။ ယခု မျက်မှောက်ဘဝ၌ပင် မရဏအကျိုးတရားကို ခံစားရလေသည်။

ထို့ကြောင့် မကောင်းမှု အမှန်၊ မကောင်းကျိုးကို ဧကန်ဖြစ်စေသော ကုန်းတိုက်ကံ စရိုက်ဆိုးတရားကို ရှောင်ရှားကြကုန်ရာ၏။　။

# ဆဲရေးတိုင်းထွာ ရှောင်ကြဉ်ပါ

လူသားအချင်းချင်း ဆဲရေးတိုင်းထွာပြီးလျှင် မကျေနပ် မနှစ်သက်သော စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ရသော ကျင့်ဝတ်သည်လည်း လူသား၏ ကျင့်ဝတ်တစ်ပါး ဖြစ်သည်။

ဤကျင့်ဝတ်သည် လူမှုဆက်ဆံရေး နယ်ပယ်၌ အရေးပါသော ကျင့်ဝတ်ဖြစ်သည်။ လူသည် ချိုသာသော စကားကိုသာ ကြားချင်သည်။ ချိုသာသော ပြောဆိုမှုကိုသာ အလိုရှိကြသည်။ နားထဲတွင် ထိုးကျင့်သော ကြမ်းတမ်းသည့် စကားသံကို နားမခံသာကြပေ။ ကြမ်းတမ်းသော စကားကို လွှသွားနှင့် တူသည်ဟု ဥပမာပြုထားကြသည်။

## ဆဲရေးခြင်းအပြား ၁၀–ပါး

ကြမ်းတမ်းသော စကားကိုပင် ဆဲရေးခြင်းဟု ဆိုရသည်။ ဆဲရေးခြင်း ဆိုသည်မှာ အခြားလူ မကျေနပ်စေသော စကားဖြင့် ပြောဆိုခြင်း ဖြစ်ပါသည်။ ဝိနည်းဒေသနာ၌ ဆဲရေးခြင်း အပြားကို ၁၀–ပါးမျှ ဖော်ပြထား၏။

၁။ အမျိုးဇာတ်နှင့် စပ်၍ ဆဲရေးခြင်း ၊
၂။ နာမည်နှင့် စပ်၍ ဆဲရေးခြင်း ၊
၃။ အနွယ်နှင့် စပ်၍ ဆဲရေးဖြင်း ၊
၄။ အလုပ်အကိုင်နှင့် စပ်၍ ဆဲရေးခြင်း ၊
၅။ အတတ်ပညာနှင့် စပ်၍ ဆဲရေးခြင်း ၊
၆။ အနာရောဂါနှင့် စပ်၍ ဆဲရေးခြင်း ၊
၇။ ပုံသဏ္ဌာန်နှင့် စပ်၍ ဆဲရေးခြင်း ၊
၈။ ကိလေသာနှင့် စပ်၍ ဆဲရေးခြင်း ၊
၉။ အကျင့်ပျက်မှုနှင့် စပ်၍ ဆဲရေးခြင်း ၊
၁၀။ မေထုန်နှင့် စပ်၍ ဆဲရေးခြင်း ၊

ဆဲရေးခြင်း ၁၀–ပါးကို အနက်ထုတ်ကြည့်လျှင် သူတစ်ပါး နားမချမ်းသာစေရန် နည်းမျိုးစုံဖြင့် ပြောကြားမှုကို ဆိုလိုပါသည်။

ဤ၌ ကြမ်းတမ်းသော စကား၏ အဓိပ္ပာယ်ကို အမျိုးမျိုး အနက်ဖွင့်တတ်ကြပါသည်။ စကားကြမ်းသော်လည်း စေတနာ မကြမ်းလျှင် ကြမ်းတမ်းမှု မမည်ကြောင်း ပြောဆိုကြပါသည်။ ကောင်းစေလိုသော စေတနာဖြင့် ကြမ်းတမ်းစွာ ပြောဆိုမှုမျိုးကို ဆိုလိုပါသည်။ စကားမကြမ်းသော်လည်း ဆိုရှားသော အကျိုးကို ဖြစ်စေလျှင် ကြမ်းတမ်းသော စကားဟု ဆိုနိုင်ကြောင်း ကောက်ယူကြပါသည်။

## စကားချိုသာ သတ္တဝါအကြိုက်

နားဝင်ချိုသော စကားကိုကား သတ္တဝါတိုင်းလိုလိုပင် ကြိုက်နှစ်သက်သည်ဟု ဆိုနိုင်ပါသည်။ အိမ်၌ မွေးထားသော ခွေးသည်ပင်လျှင် ဤသဘောတရားကို နားလည်ခံစားတတ်ပါသည်။ ခွေးအကြိုက်ကို လိုက်၍ မြူဆွယ်စကား ပြောကြားလျှင် အမြီးနန့်၍ ခစားကာ ကျေနပ်ကြောင်း ပြသသည်။ မကျေနပ်၍ ငေါက်ငမ်းလိုက်လျှင် အမြီးကုပ်ကာ ထွက်ခွာသွားတတ်လေသည်။

ထို့အတူ လူနှင့် ရင်းနှီးနေသော နွား၊ ကျွဲ၊ မြင်း၊ ဆင်၊ ကြက်စသည်တို့သည်လည်း ချိုသာသော စကားနှင့် ငေါက်ငမ်းသော စကားတို့ကို နားလည်ကြပါသည်။ ချိုသာစကားကို နှစ်သက်၍

ငေါက်ငမ်းစကားကို ကြောက်လန့်ကြသည်။

သဂါထာဝဂ္ဂသံယုတ်၊ သုဘာသိတသုတ်၌–

"အကြင်စကားသည် နှစ်လိုဖွယ် ဖြစ်၏။ ထိုစကားကိုသာ ဆိုရာ၏။ သူတစ်ပါးတို့အား ဆိုသည်ရှိသော် မနှစ်မြို့ဖွယ် ယုတ်မာသော စကားတို့ကို မယူမူ၍ ချစ်ဖွယ်သော စကားကိုသာ ဆိုရာ၏။ "–

ဟု ဟောပြထားပါသည်။

လောကနီတိကျမ်း၊ မိတ်ဆွေကဏ္ဍ၌လည်း–

"နှုတ်ချိုသော စကားရှိသူသည် အဆွေခင်ပွန်း ပေါများ၏။ ကြမ်းကြုတ်သော စကား ရှိသူသည် အဆွေခင်ပွန်း နည်း၏။ အေးမြသော လမင်းနှင့် ပူပြင်းသော နေမင်းကို ဥပမာပြု၍ မှတ်ရူရာ၏။ "–

ဟု ရေးသားထားပါသည်။

မြန်မာတို့၏ ဆိုရိုးစကားများတွင်လည်း–

– နှုတ်ချို သျှိုတစ်ပါး ၊

– နှုတ်ကောင်းလျှင် ပြည်စိုး ၊

– နှုတ်ကြောင့် သေ၊ လက်ကြောင့် ကြေ ၊

– ချစ်စေလို ခံတွင်း လက်လေးသစ်၊ မုန်းစေလို ခံတွင်း လက်လေးသစ်–

စသော စကားများမှာ ကြမ်းတမ်းသော စကားနှင့် ချိုသာသော စကားတို့၏ အကျိုးဆက်ကို ဖော်ပြသော ဆိုရိုးစကားများ ဖြစ်ပေသည်။

## ဆဲရေးသူနှင့် တွေ့ကြုံလျှင်

လူသားသည် ပတ်ဝန်းကျင်နှင့် ဆက်ဆံမှုကို ပြုလုပ်နေကြရ၏။ ပတ်ဝန်းကျင်တွင် လူအမျိုးမျိုး စရိုက်အသွယ်သွယ် ရှိသည်။ ထိုအထဲတွင် ဒေါသစရိုက်ခေါ် အဖျက်စရိုက်ရှိသူတို့ကိုလည်း တွေ့ကြုံရတတ်ပါသည်။ အဖျက်စိတ်၊ အဖျက်စရိုက် ရှိသူသည် အရာရာကို အဖျက်စိတ်၊ အဖျက်အမြင်ဖြင့် ကြည့်တတ်သည်။ အဖျက်စိတ်ဖြင့် ပြုလုပ်တတ်သည်။ ပြောဆိုတတ်သည်။ ထိုပုဂ္ဂိုလ်မျိုး၏ နှုတ်ဖျားတွင် အဖျက်စကား၊ အပျက်စကားများသာ ကိန်းအောင်းနေတတ်၏။ ဤအပျက်စကား ဆိုသည်မှာ ကြမ်းတမ်းသော စကားပင် ဖြစ်သည်။ ဤကဲ့သို့ ကြမ်းတမ်းသော စကားကို ကြားရလျှင် လူ့သဘာဝအလိုက် မနှစ်ခြိုက်ရိုး အမှန်ဖြစ်သည်။ မနှစ်သက်သောကြောင့် ကြမ်းတမ်းသော စကားဖြင့် တုံ့ပြန်လိုက်လျှင် မပြေမလည်ဖြစ်ကာ ရန်မီးပွားရပေတော့သည်။

ရန်စကားကို ရန်စကားဖြင့် တုံ့ပြန်ခြင်းကို ဘုရားရှင် အလိုမရှိပေ။ ရန်စကားပြောသော ဆဲရေးသူနှင့် တွေ့ကြုံရလျှင် တုံ့ပြန်၍ ဆဲရေးခြင်း မပြုဘဲ သည်းခံ၍ နေနိုင်ရန် ဟောမိန့်ပါသည်။

"အမျက်ထွက်သော သူကို ပြန်၍ အမျက်မထွက်တတ်သူသည် အောင်နိုင်ခဲသော ရန်စစ်ကို အောင်နိုင်သည် မည်၏။ "–

ဟု နီတိကထာ ဒေသနာဖြင့် မိန့်မှာထားလေသည်။

## ပုဏ္ဏားဒေါသ ဗုဒ္ဓလက်မခံ

ဘုရားကိုယ်တိုင်လည်း ဆဲရေးသူ လူမိုက်များနှင့် တိုက်ရိုက် တွေ့ဆုံခဲ့ရဖူးပါသည်။ ထိုအထဲတွင် ဘာရဒွါဇပုဏ္ဏားနှင့် တွေ့ကြုံရာ၌ ဗုဒ္ဓဘုရား၏ ခံယူမှုနှင့် ကျင့်သုံးမှုကို တွေ့ရပါသည်။

ဘာရဒွါဇပုဏ္ဏားသည် ဘုရားကို မကျေနပ်သောကြောင့် ကျောင်းတော်သို့ ရောက်လာပြီးလျှင် ဘုရားအနီး ချဉ်းကပ်၍ ကြမ်းကြုတ်သော စကားတို့ဖြင့် ဆဲရေးလေသည်။ ဘုရားရှင်သည်

ပုဏ္ဏား၏ ဆဲရေးစကားကို ခွန်းတုံ့မပြန် နှုတ်လုံမထိုးဘဲ ငြိမ်သက်စွာ နားထောင်နေ၏။

ပုဏ္ဏားသည် အတန်ကြာမျှ ဆဲရေးခြိမ်းခြောက်ပြီးနောက် ငြိမ်သက်သွားလျှင် ဘုရားက ဤသို့ မေးပါသည်။

" ပုဏ္ဏား– သင့်ထံကို ဆွေမျိုးသားချင်းတွေ၊ ဧည့်သည် မိတ်ဆွေတွေ လာဖူးသလား၊ "

" လာပါသည်၊ ဧည့်သည်တွေ လာတာပေါ့၊ "

" ဧည့်သည်တွေ လာလျှင် စားဖွယ် သောက်ဖွယ်တွေနဲ့ ဧည့်ခံ ကျွေးမွေးသည် မဟုတ်လော၊ "

" ကျွေးပါသည်၊ အိမ်ရှင်တို့ ဝတ္တရားအတိုင်း ကျွေးမွေး ဧည့်ခံရတာပေါ့၊ "

" ပုဏ္ဏား– သင်ကျွေးမွေးသည့် စားသောက်ဖွယ်တွေကို ဧည့်သည်တွေက မသုံးဆောင်လျှင် စားသောက်ဖွယ်တွေကို ဘယ်လိုလုပ်သနည်း၊ "

" သူတို့ မစားသောက်လျှင် စားသောက်ဖွယ်တွေကို ကျွန်ုပ်တို့ပဲ ပြန်သိမ်းရသည်၊ ကျွန်ုပ်တို့ပဲ လိုအပ်သလို အသုံးချရတာပေါ့၊ "

" ပုဏ္ဏား– ဒီနည်းအတိုင်းပေပဲ၊ သင်ဟာ မဆဲရေးထိုက်တဲ့ ငါ့ကို လာရောက် ဆဲရေးသည်။ သင်၏ ဆဲရေးမှုကို ငါတို့ မခံယူဘူး၊ သင်၏ ဆဲရေးခြင်းဟာ သင့်ထံကိုသာလျှင် ပြန်၍ ရောက်ရှိပေသည်၊ "

ဘုရားရှင်သည် ဘာရဒွါဇပုဏ္ဏားအား ဆက်လက်၍ ဟောပြလေရာ ဆဲရေးသော ပုဏ္ဏားသည် အမြင်မှန်ရကာ ဗုဒ္ဓ၏ တပည့်သာဝက အဖြစ်သို့ ရောက်ရှိခဲ့လေသည်။

## နှုတ်ထွက်ကြမ်းလှ ဓားမပမာ

လွှသွားကို စမ်းသပ်လျှင် အစွယ်များကြောင့် ကြမ်းတမ်း စူးရှလှ၏။ လွှသွားစကားမျိုးကို ပြောကြားသူသည် ဓားမနှင့် တူသည်ဟုလည်း ဘုရားရှင်က တင်စား၍ ဟောကြား ပြန်ပါသည်။

> " ဖြစ်လာသော ယောကျာ်း၏ ပါးစပ်၌ ဓားမနှင့် တူသော ကြမ်းကြုတ်လှသော စကားသံသည် ဖြစ်၏။ သူမိုက်သည် မကောင်းသဖြင့် ဆိုအပ်သော စကားတို့ကို ဆိုကာ ယင်းဓားမနှင့် တူသော ကြမ်းကြုတ်လှသော စကားဖြင့် မိမိကိုယ်ကို ဖြတ်၏။ "
>
> ( သဂါထာဝဂ္ဂသံယုတ်၊ တုရူဗြဟ္မသုတ်)

နှုတ်ထွက် စကားသံများသည် အများအားဖြင့် လျှာကို အသုံးပြု၍ ပြောကြားရပါသည်။ စကားအမျိုးမျိုးကို ပြောဆိုရာ၌ လျှာသည် အဓိကဖြစ်သည်။ မကောင်းသော စကားကို ပြောဆိုရာ၌လည်း လျှာကိုပင် အသုံးပြု၍ ပြောဆိုရသည်။ ထို့ကြောင့် မကောင်းသဖြင့် ပြောသော စကားကို လျှာဓားမဟု ခေါ်ဆိုရ၏။ ဓားမသည် အရာဝတ္ထုများကို ဖြတ်တောက်သကဲ့သို့ လျှာဓားမသည်လည်း မိမိကိုယ်ကို ဖြတ်တတ်လေ၏။ မြန်မာစကား၌ " နှုတ်ကြောင့်သေ " ဆိုသော ဆိုရိုးစကားမှာ လျှာဓားမဖြင့် ဖြတ်တောက်ခံရခြင်းကြောင့် သေဆုံးရမှုကို ဆိုလိုခြင်း ဖြစ်ပါသည်။

## လျှာဓားမကြောင့် သေရသူ

မြန်မာရာဇဝင်တွင် ထင်ရှားသော နရသီဟပတေ့မင်းသည် လျှာဓားမ၏ ဖြတ်တောက်မှုကြောင့် သေဆုံးရသော မင်းတစ်ပါး ဖြစ်သည်။

နရသီဟပတေ့မင်းမှာ သားတော်သုံးပါး ရှိသည်။ မိဖုရား စောနန်းက သားတော် ဥဇနာကို မွေးသည်။ မိဖုရား ရှင်ပါးက သားတော် ကျော်စွာကို မွေးသည်။ မိဖုရား ရှင်မောက်က သားတော် သီဟသူကို မွေးသည်။

မင်းသည် ဝက်ကောင်လုံးကင်ကို ပွဲတော်တည်လေ့ ရှိသည်။ ထိုအခါ ဥဇနာနှင့် ကျော်စွာ တို့အား ဝက်လက်သားကင်ကို ပေးသည်။ သီဟသူကိုမူ ဝက်ပေါင်သားကင်ကို ပေးသည်။ နေ့စဉ် ပေးနေသောအခါ မိဖုရား ရှင်မောက်သည် စားတော်ကဲကို ငွေ ၃၀–ပေး၍ " ငါ့သား သီဟသူကို

ဝက်လက်သားကင်ကို ပေးပါ၊ ကျော်စွာကို ဝက်ပေါင်သားကင် ပေးပါ၊ ”ဟု စေခိုင်းသည်။ စားတော်ကဲလည်း ရှင်မောက်ခိုင်းသလို ပြောင်းလဲ ပေးသည်။

ဤကိစ္စကို ဘုရင်သိလျှင် စားတော်ကဲကို အပြစ်ဒဏ်ပေးပြီး ရှင်မောက်ကိုလည်း “ဝက်လက်ခိုးမ ”ဟု လူပုံအလယ်၌ ရေရွတ်ကြိမ်းမောင်းသည်။ သီဟသူကိုလည်း “ ဝက်လက်ခိုးမသား ”ဟု ခေါ်လေတော့သည်။ ဤကိစ္စအတွက် သီဟသူ၏ စိတ်တွင် အလွန်နာကြည်းနေခဲ့လေသည်။

သက္ကရာဇ် ၆၄၆–ခုနှစ်တွင် နရသီဟပတေ့မင်းသည် တိုင်းပြည် မငြိမ်သက်မှုကြောင့် ပုသိမ်သို့ ထွက်ခွာသွားခဲ့ရသည်။ ပုသိမ်၌ ငါးလမျှ စံနေခဲ့ပြီးနောက် အညာသို့ ဆန်တက်လာခဲ့သည်။ ပြည်မြို့သို့ ရောက်လျှင် သားတော် သီဟသူက ဆန်တက်ခြင်း မပြုရန် တားမြစ်၏။ မင်းကြီးဖောင်တော်သို့ အဆိပ်ခပ်ထားသော စားတော်ကို ပို့ဆက်၍ စားစေရာ နရသီဟပတေ့မင်းလည်း အဆိပ်သင့်၍ သေဆုံးခဲ့ရလေသည်။

## မြဝတီဦးစ၏ လျှာစားမ

ကုန်းဘောင်ခေတ်အတွင် ထင်ရှားသော မြဝတီမင်းကြီး ဦးစသည်လည်း လျှာစားမကြောင့် ဒုက္ခရောက်ခဲ့ရပါသည်။ အကြောင်းကား ဤသို့တည်း။

ဦးစသည် ဖန်နန်းရှင် မင်းတရားနှင့် ညီတော် သာယာဝတီမင်းသားတို့ အရေးအခင်းဖြစ်စဉ်က ဖန်နန်းရှင်၏ သစ္စာခံ ဖြစ်ခဲ့သည်။ နောက်ပိုင်းတွင် နန်းမတော် မယ်နုနှင့် စလင်းစားမောင်အိုတို့က နန်းတွင်းရေးကို ချုပ်ကိုင်ထားကြသည်။ ထိုအခါ ဦးစသည် စလင်းစားတို့ဘက်က ရပ်တည်ခဲ့ပြန်သည်။

သာယာဝတီမင်းသားသည် စလင်းစားတို့၏ အမှုရှာကြံမှုကြောင့် နေပြည်တော်မှ ထွက်ခွာသွားရသည်။ ထိုအခါ မြဝတီမင်းကြီး ဦးစက လွှတ်တော်မှ အမိန့်ထုတ်ပြန်သည်။ အမိန့်ထုတ်ပြန်ချက်တွင် “ သာယာဝတီစား ငခင်အား ဖမ်းဆီးရန် ”ဟူ၍ မလေးမစား ရေးသား၍ ထုတ်ပြန်ခဲ့လေသည်။

အရေးတော် ပြီးပြေသဖြင့် သာယာဝတီမင်း နန်းတက်ရသောအခါ သာယာဝတီမင်းက ”ဝန်ကြီးငစနှင့် အပေါင်းပါ မျုးမတ်တို့သည်လည်း ငါတို့ ကျေးဇူးသစ္စာတော်ကို ထောက်ထားသင့်ပါလျက် ရန်သူအားပေး ပြုသည်၊ သင်းတို့တစ်စုကို ငါသတ်ထိုက်ပြီ၊ လွှတ်တော်အမိန့်ထုတ်ပြန်စဉ်ကလည်း “ သာယာဝတီစား ငခင်ငယ် ”ဟု ငါ့ကို မလေးမစား ရေးသားခေါ်ဝေါ်ခဲ့ဖူးပြီ၊ သင်း– သေသင့်ပြီ၊ သင်းကို ယခု မသတ်သေး၊ ငါ့ဘုန်းသမ္ဘာတော်ကို ကြည့်စေဦးမည်၊ ထောင်မှာ ထားလိုက်ကြ၊ ”ဟု အမိန့်တော် မှတ်သဖြင့် ထောင်သွင်း၍ အကျဉ်းချထားလိုက်ကြသည်။

ဦးစသည် အသတ်မခံရမီ ထောင်တွင်း၌ နှစ်နှစ်ကျော်မျှ အကျဉ်းခံနေခဲ့ရသည်။ ထိုစဉ်သဲအင်းသာသနာပိုင် ပျံလွန်သဖြင့် သာယာဝတီမင်းနှင့် အဖွဲ့သည် ကျောင်းတော်သို့ ကြွချီသည်။ ထိုအချိန်တွင် ဦးစနှင့် အကျဉ်းသားများမှာ မင်းလမ်းတစ်လျှောက်တွင် လမ်းပြင်နေကြရသည်။ အဖွဲ့တွင် ပါဝင်သော သမီးတော် စကြာဒေဝီ စုဖုရားကြီးသည် မြေသယ်နေသော ဦးစကို မြင်သွား၏။ စုဖုရားကြီးက ဦးစကို ခေါ်ပြီး မေးမြန်းရာ “ကျွန်တော်မျိုးမှာ အမျက်တော် ရှသဖြင့် အကျဉ်းသား ဘဝနှင့် နေခဲ့ရသည်မှာ နှစ်နှစ်ကျော်ပါပြီ၊ ထောင်တွင်းမှာ နေရတာ အလွန်ဒုက္ခကြီးလှပါသည်၊ ”ဟု လျှောက်ထားသည်။

စုဖုရားကြီးက “စစက ဘုန်းတော်ဘွဲ့တစ်ပုစ် ရေးပြီး ငရွှေသာကို ပေးလိုက်ပါ၊ အခွင့်သင့်ချိန်မှာ ခမည်းတော်ကို လျှောက်ပြီး အကျဉ်းက လွတ်အောင် ဆောင်ရွက်ပေးပါမည်၊ ”ဟု မှာကြား ထားခဲ့လေသည်။

ဦးစသည် အကျဉ်းထောင်သို့ ပြန်ရောက်လျှင် “ကုန်းဘောင်နေမင်း၊ ဘုန်းရောင်ဝေရှင်း”

အစချီ ဘုန်းတော်ဘွဲ့ကို ရေးသား၍ ငွေသောကို ပေးလိုက်၏။

သက္ကရာဇ် ၁၂၀၁–ခု၊ တန်ဆောင်မုန်းလတွင် အနောက်စမုတ် ရပ်သေးပွဲ၌ သာယာဝတီမင်းနှင့် သမီးတော် စကြာဒေဝီ စုဖုရားကြီးတို့ ပွဲရှုစားစဉ် ငွေသောက ဘုန်းတော်ဘွဲ့ သီချင်းကို သီဆိုသည်။

“ ဒီသီချင်းကို ဘယ်သူ ရေးဖွဲ့သလဲ၊ ”ဟု သာယာဝတီမင်းက မေးသည်။

သမီးတော်ကြီးက “ ထောင်ထဲမှာ အကျဉ်းချထားတဲ့ ဝန်ကြီးဟောင်းငစ ဖွဲ့ဆိုပါသည်၊ ယခုလဲ ထောင်တွင်းမှာ နှစ်နှစ်ကျော် ဒုက္ခရောက်နေပါသည်၊ နမြောဖို့ ကောင်းလှပါသည်၊ ”စသည်ဖြင့် လျှောက်ထားသည်။

သာယာဝတီမင်းသည် သမီးတော် စကြာဒေဝီ စုဖုရား၏ လျှောက်တင်ချက်ကြောင့် “ယခုပင် ထောင်က လွတ်ပါစေ၊ ”ဟု အမိန့်ရှိသဖြင့် ညတွင်းချင်းပင် ထောင်မှ လွှတ်ပေးလိုက်သည်။ စုဖုရား၏ ကျေးဇူးကြောင့် ဦးစမှာ သေဒဏ်ပင် မခံရတော့ဘဲ လွတ်ငြိမ်းခွင့် ရရှိခဲ့ပါသည်။

စကားကြမ်းအစ ဆဲရေးမှု၌ ပါဝင်သော နှုတ်မှုကံသည် မျက်မှောက်ဘဝ၌ပင် ဆိုးကျိုးတရားကို ခံစားသွားရသည်မှာ အထင်အရှားပင် ဖြစ်ပါသည်။

ထို့ကြောင့် မကောင်းမှု အမှန်၊ မကောင်းကျိုးကို ဧကန်ဖြစ်စေသော ဆဲမှုကံ စရိုက်ဆိုးတရားကို ရှောင်ရှားကြကုန်ရာ၏။　။

# ကျိုးမဲ့ပြောတာ ရှောင်ကြဉ်ပါ

လူသားတို့သည် စကားပြောဆိုရာ၌ အကျိုးမရှိ ပြိန်ဖျင်းသော စကား၊ စီးပွားချမ်းသာကို ပျက်စီးစေသော စကားမှ ရှောင်ကြဉ်ရခြင်းသည်လည်း လူသား၏ နှုတ်မှုဆိုင်ရာ ကျင့်ဝတ်တစ်ပါး ဖြစ်သည်။

လူတို့သည် အနှစ်မပါ မှတ်သားစရာ မဟုတ်သော ပရမ်းပတာ စကားများကို ပြောဆိုလေ့ ရှိကြ၏။ ဤသို့ ပြောဆိုခြင်းဖြင့် မိမိတို့အတွက် အကျိုးမရှိဘဲ အကျိုးပျက်စီးခြင်းကိုပင် ဖြစ်စေတတ်ပါသည်။ ထို့ကြောင့် စကားပြောရာ၌ အကျိုးမဲ့ စကားကို မပြောရန် ပြဋ္ဌာန်းပေးရခြင်း ဖြစ်ပေသည်။

## ကျိုးရှိတစ်ပုဒ် ကျိုးယုတ်တစ်ထောင်

လူတို့သည် မိမိတို့ တစ်နေ့တာ ပြောဆိုနေသော စကားများကို ပြန်လည် ဆန်းစစ်၍ ကြည့်နိုင်ပါသည်။ အကျိုးရှိသော စကားကို ဘယ်လောက် ပြောမိသနည်း။ အကျိုးမရှိသော စကားကို ဘယ်လောက် ပြောမိသနည်း။ လူတို့သည် အများအားဖြင့် အကျိုးမရှိသော စကားများ ဖြင့်သာ အချိန်ကုန်အောင် ပြောကြားနေတတ်ကြပါသည်။

ယနေ့ခေတ်တွင် လက်ဖက်ရည်ဆိုင်များ ခေတ်စားလျက် ရှိသည်။ လက်ဖက်ရည်ဆိုင်၌ ထိုင်ပြီးလျှင် ဝိုင်းဖွဲ့ကာ အကျိုးမဲ့ စကားတွေကို အချိန်ကြာမြင့်စွာ ပြောကြားနေကြသည်။

နိုင်ငံရပ်ခြား ဒေသများတွင် အလုပ်ချိန်ကို လေးစားကြသဖြင့် လက်ဖက်ရည်ဆိုင်ကို အချိန်ကုန် ခံ၍ မထိုင်နိုင်ကြပေ။ တစ်နာရီ အချိန်ပုပ်လျှင် ဝင်ငွေလည်း ထိခိုက်သွားကြရသည်။ နိုင်ငံရပ်ခြားတွင် အလုပ်ကို နာရီပိုင်းဖြင့်လည်း လုပ်ကိုင်ကြရသည် မဟုတ်လော။

အမေရိကန်နိုင်ငံရှိ ခရမ်းချဉ်သီးခြံ၌ အလုပ်လုပ်သော မြန်မာအလုပ်သမား တစ်ယောက် သည် တစ်နာရီလျှင် ဝင်ငွေ ကိုးဒေါ်လာ ရသည်ဟု မှတ်သားရပါသည်။ ထိုပုဂ္ဂိုလ်မျိုးသည် လက်ဖက်ရည်ဆိုင် သွားကာ တစ်နေ့လျှင် တစ်နာရီ ထိုင်မိလျှင် ဝင်ငွေ ဘယ်မျှ ထိခိုက်မည်ကို တွက်ချက် ကြည့်နိုင်ကြပါသည်။

ယနေ့ မြန်မာတို့သည် စကားဝိုင်း၌ အချိန်များစွာကို ဖြုန်းတီး ပစ်နေကြသည်။ အကျိုးမဲ့ စကားတို့ဖြင့် အချိန်ကုန်နေကြသည်။ ထိုအချိန်များသည် မိမိအတွက်လည်း အကျိုးမရှိ။ သူတစ်ပါး အတွက်လည်း အကျိုးမရှိ။ ခြုံ၍ သုံးသပ်လျှင် တိုင်းပြည်နှင့် လူမျိုးအတွက် ဆုတ်ယုတ်မှုကို ဖြစ်စေပါသည်။ နိုင်ငံတစ်ခု တိုးတက်မှုအတွက် အခြားပံ့ပိုးမှုများလည်း လိုအပ်ပါသည်။ သို့သော် လည်း လူတို့သည် အချိန်ကို မပုပ်စေဘဲ အလုပ်လုပ်မှုက ပဓာနကျသည်ဟု ဆိုနိုင်လေသည်။

ဘုရားရှင်ကလည်း စကားပြောခြင်းနှင့် ပတ်သက်၍ ဒေသနာတစ်ပုဒ်ကို ဟောထုတ် ထားပါသည်။

> "အကျိုးမရှိသော ပုဒ်များဖြင့် ပြောဆိုသော စကားသည် ပုဒ်ပေါင်း တစ်ထောင်မျှ ရှိသော်လည်း မမြတ်ပေ။ စကားတစ်ခွန်းကို ကြားနာရပြီးလျှင် ရာဂစသည် ငြိမ်း၏။ ထို ငြိမ်းချမ်းဖွယ်ရာ အနက်ပါသော စကားသည် တစ်ပုဒ်တည်းပင် ဖြစ်သော်လည်း မြတ်လှ ပေ၏။ " –

ဟု ဓမ္မပဒ၊ သဟဿဝဂ်၌ ဟောကြားထားပါသည်။

ဤဒေသနာကို အကျဉ်းချုပ်၍ အနှစ်ထုတ်လျှင် " ကျိုးရှိတစ်ပုဒ်ဆောင်၊ ကျိုးယုတ်တစ် ထောင်စွန့် " ဟူ၍ ဆိုရိုးစကားတစ်ခု ရရှိလာပါသည်။

## စကားခြောက်ခွန်း လူ၌ထွန်း

လူတို့ ပြောဆိုနေကြသော စကားရပ်တို့ကို မျိုးတူရာ အုပ်စုဖွဲ့ကြည့်လျှင် ခြောက်မျိုးမျှ ရရှိပါသည်။

၁။ မဟုတ်မမှန် အကျိုးမရှိ သူမနှစ်သက်သော စကား ၊

၂။ မဟုတ်မမှန် အကျိုးမရှိ သူနှစ်သက်သော စကား ၊

၃။ ဟုတ်မှန်၏ အကျိုးမရှိ သူမနှစ်သက်သော စကား ၊

၄။ ဟုတ်မှန်၏ အကျိုးမရှိ သူနှစ်သက်သော စကား ၊

၅။ ဟုတ်မှန်၏ အကျိုးရှိ၏ သူမနှစ်သက်သော စကား ၊

၆။ ဟုတ်မှန်၏ အကျိုးရှိ၏ သူနှစ်သက်သော စကား ၊

ဤစကား ခြောက်ခွန်းကို အနည်းငယ်စီ ချဲ့ဖွင့်၍ ရေးသားရပါမည်။

၁။ မဟုတ်မမှန် အကျိုးမရှိ သူမနှစ်သက်သော စကား

မခိုးပါဘဲ သူခိုးဟု စွပ်စွဲခံရမှုမျိုးသည် ဤအမှတ်တစ် စကားမျိုး ဖြစ်သည်။ ထို့အတူ လူကောင်းကို လူဆိုးဟုလည်းကောင်း၊ မကန်းသူကို အကန်းဟုလည်းကောင်း၊ ပစ္စည်းကို ငှားရမ်းပြီး ပြန်မပေးလိုသောကြောင့် မငှားပါဟု ငြင်းသူသည်လည်းကောင်း ဤစကားမျိုး၌ ပါဝင်သည်။

၂။ မဟုတ်မမှန် အကျိုးမရှိ သူနှစ်သက်သော စကား

ရွှေယုန်နှင့် ရွှေကျား သက်ငယ်ရိတ်သွားစသော အိပ်ရာဝင် ပုံပြင်များသည် ဤစကား အစု၌ ပါဝင်သည်။ သို့ရာတွင် ပုံပြင်ထဲက သုတရ၍ သင်ခန်းစာ ဖြစ်စေသော စကားတို့ကိုမူ ဤအစု၌ မထည့်သင့်ပါ။

ဤစကား အစုသည် လူမှုရေး နယ်ပယ်၌ အလွန်ကျယ်ဝန်းပါသည်။ မဟုတ်မမှန် အကျိုးမရှိဘဲ လူနှစ်သက်သည် ဆိုရာ၌ လူ၏ ယုံကြည်မှုနှင့်လည်း သက်ဆိုင်ပါသည်။ အဒေါ်ကြီး တစ်ယောက်သည် အစာအိမ်ရောဂါကြောင့် ဗိုက်နာနေသည်ကို နတ်ကတော်ထံ သွားမေး၏။ နတ်ကတော်ကလည်း မြင်းဖြူရှင်နတ်က ဝမ်းဗိုက်ကို မြင်းခွာဖြင့် ကန်ထားသောကြောင့်ဟု အဖြေပေးကာ ကန်တော့ပွဲ ထိုး၍ တိုးလျှိုး တောင်းပန်စေသည်။ သို့သော်လည်း ရောဂါမှာ ပျောက်ကွာခြင်း မရှိသဖြင့် ဆရာဝန်ထံ ရောက်မှ အဖြစ်မှန်ကို သိရလေသည်။ ဤဖြစ်ရပ်နှင့် အလားတူ ဖြစ်ရပ်များလည်း များစွာရှိပေသည်။

ဗေဒင်ဆရာလုပ်သူက ထီပေါက်မည်။ ချစ်သူနှင့် အဆင်ပြေမည်။ ရာထူးတိုးမည်။ စီးပွားရေး တိုတက်မည် စသည်ဖြင့် ဟောပြောလျှင် ကျေနပ် နှစ်သက်တတ်ကြသည်။ ဤနှစ်သက်မှုမှာ ယုံကြည်မှုကို အခြေခံ၍ နှစ်သက်ခြင်းသာ ဖြစ်ပါသည်။

၃။ ဟုတ်မှန်၏ အကျိုးမရှိ သူမနှစ်သက်သော စကား

ပျင်းသူကို ငပျင်းဟု ခေါ်၏။ ဉာဏ်ထိုင်းသူကို ငတုံးဟု ခေါ်၏။ မျက်စိမမြင်သူကို ငကန်းဟု ခေါ်၏။ စကားဆွံ့နေသူကို ငအဟု ခေါ်၏။ ဤသို့ စသည်ဖြင့် ခေါ်ဝေါ် ပြောဆိုခြင်းမျိုးသည် ဤစကားအစု၌ ပါဝင်သည်။ ဟုတ်မှန်ပါသော်လည်း အကျိုးမရှိသော မနှစ်သက်ဖွယ် စကားများ ဖြစ်ပေသည်။

၄။ ဟုတ်မှန်၏ အကျိုးမရှိ သူနှစ်သက်သော စကား

ရပ်ထဲ ရွာထဲက လူမှုရေး အဖြစ်အပျက် မျိုးစုံကို ဝိုင်းဖွဲ့၍ ပြောဆိုနေခြင်းများသည် ဤ စကားအစု၌ ပါဝင်ပေသည်။

လူတို့သည် ရပ်ရွာထဲက ဖြစ်ပျက်နေသော ချစ်ကြိုက်မှု ကိစ္စများ၊ လူမှုရေး ဖောက်ပြန်မှုများ၊ စီးပွားရေး ဖောက်ပြန်နေမှုများမှ စ၍ အထွေထွေ ဖြစ်ပျက်နေမှုများကို ပြောကြားလေ့ ရှိကြသည်။ တစ်ဦးနှင့် တစ်ဦး၊ တစ်ဖွဲ့နှင့် တစ်ဖွဲ့ ပြောဆိုမှုကို ကျေနပ်နှစ်သက်စွာ နားထောင်ကြသည်။ ဤစကားရပ်မျိုးသည် ဟုတ်မှန်၍ နှစ်သက်မှုကို ဖြစ်စေသော်လည်း ဘာအကျိုးတရားကိုမျှ မဖြစ်

ပေါ်စေနိုင်ချေ။

၅။ ဟုတ်မှန်၏ အကျိုးရှိ၏ သူမနှစ်သက်သော စကား

မိဘသည် သားသမီးတို့ကိုလည်းကောင်း၊ ဆရာသမားသည် တပည့်တို့ကိုလည်းကောင်း အကျိုးဖြစ်စေခြင်းငှာ ကြောင်းကျိုးပြ၍ သုံးမစကား ပြောကြားတတ်ကြ၏။ သို့ရာတွင် ငယ်ရွယ်သူတို့ စိတ်၌ နားမဝင်ချင်ကြ။ မနှစ်သက်တတ်ကြပေ။ စိတ်ဓာတ်ကြီးစိုးသော လူငယ်တို့ သဘာဝအတိုင်း အကောင်း မထင်တတ်ကြသေးသဖြင့် နားဝင်ချိုသာ မဖြစ်ရာကြပေ။ သို့ရာတွင် ကြီးပြင်းလာသော အခါ၌မူ အကောင်းထင်၍ အကောင်းမြင်လာတတ်ကြပါသည်။

ဘာသာရေး ကိစ္စများတွင်လည်းကောင်း၊ နိုင်ငံရေး ကိစ္စများတွင်လည်းကောင်း ဤနည်းအတူ အကောင်းမမြင်တတ်ကြပေ။ ယထာဘူတဉာဏ် အမြင်ဖြင့် ဆင်ခြင်မှု မရှိသူတို့သည် မိမိတို့ ဘာသာတရားက ဟောသောတရား မဟုတ်လျှင် မည်မျှပင် ဟုတ်မှန်၍ အကျိုးရှိသည်ဖြစ်စေ မနှစ်သက်နိုင်ကြပေ။ နိုင်ငံရေးနှင့် လူမှုရေး ကိစ္စများတွင်လည်း ကိုယ့်အသင်း၊ ကိုယ့်အဖွဲ့အစည်းက ပြောသောစကား မဟုတ်လျှင် မည်မျှပင် မှန်ကန်၍ အကျိုးရှိသည် ဖြစ်စေ ကန့်ကွက်ချင်ကြ၏။ မနှစ်သက်တတ်ကြပေ။

ပုဂ္ဂိုလ်ရေး အာဃာတဖြင့် မုန်းတီးနေလျှင်လည်း ဤသဘောထားမျိုးကို ဖြစ်စေပါသည်။ မိမိနှင့် မသင့်မြတ်သူက ပြောဆိုသော စကားကို မည်မျှပင် မှန်ကန်၍ အကျိုးပြုချက်များ ပါဝင်သည်ဖြစ်စေ၊ လက်မခံနိုင်ဘဲ အကြောင်းအမျိုးမျိုး ပြ၍ ပယ်ချတတ်ကြလေသည်။

ဤအမှတ်ငါး စကားသည် အများ မနှစ်သက်သော်လည်း ဟုတ်မှန်၍ အကျိုးပြု စကားများ ဖြစ်သောကြောင့် ပြောကြားသင့်ကြောင်း ဗုဒ္ဓဘုရားက ဟောကြားထားလေသည်။

၆။ ဟုတ်မှန်၏ အကျိုးရှိ၏ သူနှစ်သက်သော စကား

လောက၌ ကောင်းမှုသည် ရှိ၏။ ကောင်းမှု၏ အကျိုးဆက်သည်လည်း ရှိ၏။ မကောင်းမှုသည် ရှိ၏။ မကောင်းမှု၏ အကျိုးဆက်သည်လည်း ရှိ၏။ ယထာဘူတဉာဏ်အမြင်ဖြင့် ဆင်ခြင်တတ်သူတို့သည် ကောင်းမှု၊ မကောင်းမှုတို့၏ ဖြစ်ပေါ်မှုနှင့် အကျိုးဆက်တို့ကို ဆင်ခြင်လျက် "ဤတရားတို့သည် ဧကန် အမှန်တရားတွေပါလား၊ "ဟု ယုံကြည်နှစ်သက်စွာ လက်ခံကြသည်။

ဤစကားမျိုးကို ချစ်သူက ပြောသည်ဖြစ်စေ၊ မုန်းသူက ပြောသည်ဖြစ်စေ ပုဂ္ဂိုလ်ရေး အမြင်ဖြင့် မရှုကြည့်တော့ပေ။ အမှန်တရား၏ အကျိုးဆက်တို့ကို ပြောခြင်းဟု ယုံကြည်နှစ်သက်စွာ လက်ခံနိုင်လာလေသည်။

ဗုဒ္ဓဘုရားရှင် ပြဋ္ဌာန်းပေးထားသော လူသားကျင့်ဝတ်တို့ကိုလည်း ဤသို့ပင် သုံးသပ်၍ ဆုံးဖြတ်နိုင်ကြပါသည်။ ဘာသာရေး စွဲလမ်းမှု၊ လူမှုရေး စွဲလမ်းမှု၊ ဓလေ့ရိုးရာ စွဲလမ်းမှု၊ ပုဂ္ဂိုလ်ရေး စွဲလမ်းမှုစသော အစွဲစိတ်တို့ကို ပယ်ဖျောက်၍ လူသားဝါဒ လူသားအကျိုးပြု အမြင်ဖြင့် ဆုံးဖြတ်လျှင် ဗုဒ္ဓ၏ ကျင့်ဝတ်တရား ဟောစကားတို့သည် ဤဆဋ္ဌစကားနှင့် တသားတည်း ဖြစ်ကြောင်း ကောင်းစွာ သိရှိကြပေလိမ့်မည်။ ဗုဒ္ဓဘုရား ဟောကြားသော ဓမ္မအမြင် လူ့ကျင့်စဉ်တို့သည် သိပ္ပံနည်းကျ တင်ပြထားသည်ဟုလည်း ဆိုနိုင်သည်။ ထို့ကြောင့်လည်း ကမ္ဘာ့ထိပ်တင် သိပ္ပံပညာရှင် အဲလ်ဘတ် အိုင်းစတိုင်းက–

> " ခေတ်သစ် သိပ္ပံပညာ၏ လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးနိုင်သော ဘာသာတရား ရှိမည်ဆိုလျှင် ထိုဘာသာတရားသည် ဗုဒ္ဓဘာသာပင် ဖြစ်ပေလိမ့်မည်။ " –

ဟု မှတ်ချက်ပေးသွားခြင်း ဖြစ်လေသည်။

ယခုတင်ပြခဲ့သော စကားအုပ်စု ခြောက်မျိုးတို့တွင် အမှတ် ၁–မှ ၄–အထိ စကားတို့ကို မကောင်းသော စကားဟု သတ်မှတ်ပြီး အမှတ် ၅–နှင့် ၆–တို့ကို စကားကောင်းဟု သတ်မှတ် ဟောကြားပါသည်။

ဤစကား ခြောက်ခုကို အကျဉ်းပြု၍–
“ စကားခြောက်ခွန်း လူ၌ထွန်း လေးခွန်းကိုရှောင် နှစ်ခွန်းဆောင်၊ ”–
ဟူသော ဆောင်ပုဒ်ကဗျာဖြင့် မှတ်သားထားအပ်ပါ၏။

## အကျိုးမဲ့စကားအတွက် အသက်သေရသူ

သက္ကရာဇ် ၄၂၁–ခုနှစ်တွင် စောလူးမင်းသည် ပုဂံပြည်၌ မင်းပြုသည်။ တစ်နေ့သ၌ စောလူးမင်းသည် ပဲခူးစား ငရမန်နှင့် ကြွေအန်ကစားကြရာ ငရမန်က အနိုင်ရသည်။ ငရမန်က “ နိုင်ပြီ၊ ” ဟု ပြောကာ လက်ခမောင်း ခတ်လိုက်သည်။

စောလူးမင်းသည် ရှက်စိတ်ဝင်ကာ ဒေါသလည်း ထွက်လာသဖြင့် “ အန်တစ်ပွဲ နိုင်ရုံနှင့် ကိုယ်ရည်သွေး မနေနဲ့၊ သတ္တိရှိရင် ငါ့ကို ပုန်ကန်စမ်း၊ ” ဟု ထပြောသည်။ ငရမန်က “ တကယ် ပုန်ကန်ရမည်လား၊ ” ဟု မေးပြန်ရာ “ စကားကို နှစ်ခါ ပြင်မပြောဘူး၊ ” ဟု စောလူးမင်းက ပြောသည်။

ငရမန်လည်း အကြိုက်တွေ့သွားပြီး ပဲခူးသို့ ပြန်၍ လူသူ လက်နက်စုဆောင်းကာ ပုဂံပြည်သို့ ချီတက်လာလေတော့သည်။ ထိုသတင်းကို ကြားလျှင် စောလူးမင်းနှင့် ကျန်စစ်သားတို့သည် ငရမန်ကို တိုက်ရန် ပုဂံမှ စစ်ထွက်ခဲ့ပြီး ပြည်တော်သာကျွန်း၌ စခန်းချ နေကြသည်။ ကျန်စစ်သားက “ ဤနေရာမှာ တပ်စွဲထားပြီး တိုက်ကွက်သာမှ ထွက်တိုက်ကြပါမည်၊ ” ဟု အကြံပြုသည်။

ငရမန်သည် ဆင်ရုပ်ကြီးကို ပြုလုပ်၍ ရွံ့ညွန်ထဲ၌ ထားပြီးလျှင် မိုးမလင်းမီ အချိန်တွင် စောလူးမင်းထံသို့ စစ်ရေးမြှုလာ၏။ စောလူးမင်းသည် မိမိစစ်သည်တို့ကို နှိုး၍ လိုက်လန် တိုက်ခိုက်သည်။ ကျန်စစ်သား၏ စီမံမှုကို မနာခံဘဲ ဆင်ဖြင့် လိုက်၍ တိုက်ရာ မှောရီပိုးဝါး အချိန်၌ ရွံ့ညွန်ပြင်က ဆင်ကို တကယ့်ဆင် မှတ်သဖြင့် အပြေးဝင်တိုက်သည်။ မိမိဆင်တော် သန်မြန်စွာသည် ရွံ့ညွန်ထဲ၌ နစ်လေတော့သည်။ စောလူး၏ စစ်သည်များ ဖရိုဖရဲဖြစ်ကာ ကွဲပြားကုန်ကြသည်။ စောလူးမင်းသည် ညောင်ပင်ခေါင်းအတွင်း ပုန်းအောင်းနေရသည်။ ထမင်းသုံးနပ်မျှ မစားဘဲ နေရ၏။ ထမင်းဆာလွန်းသဖြင့် ငရမန်တပ်မှ တပ်သားတစ်ယောက်၏ ထမင်းထုပ်ကို ပတ္တမြားလက်စွပ်နှင့် လဲ၍ စားရလေသည်။

ငရမန်သည် ထိုတပ်သားထံမှ သတင်းရသောကြောင့် စောလူးမင်းကို လာရောက် ဖမ်းဆီး၍ ချုပ်နှောင်ထားလေသည်။ ထိုအခါ ကျန်စစ်သားသည် စောလူးမင်းကို ကယ်တင်ရန် ညအချိန်တွင် တပ်တွင်းသို့ ခိုးဝင်ပြီးနောက် စောလူးမင်းကို ကျောပိုး၍ ထွက်ပြေးလာခဲ့သည်။ စောလူးမင်းသည် ကျန်စစ်သား၏ စေတနာကို မယုံကြည်၍ “ ကျန်စစ်သား ငါ့ကို ခိုးပြီ၊ ” ဟု အော်ဟစ်တော့သည်။

ကျန်စစ်သားသည် စောလူးကို ပစ်ချလိုက်ပြီး ”မင်းဆိုးမင်းညစ်၊ ရန်သူ့လက်မှာ ခွေးလို ဝက်လို သေရစ်ပေတော့၊ ” ဟု ပြောကာ ရှောင်တခင် ထွက်ပြေးသွားရလေသည်။

ငရမန်လည်း စောလူးရှိလျှင် အရေးအခင်း ဖြစ်လာနိုင်သဖြင့် အနုရာဓအေရပ်၌ သတ်ပစ်လိုက်လေတော့သည်။ စောလူးမင်းသည် အပျက်စကားအတွက် အသက်သေခဲ့ရလေပြီ။

ထို့ကြောင့် မကောင်းမှု အမှန်၊ မကောင်းကျိုးကို ဇကန်ဖြစ်စေသော နှုတ်ပြောကံ စရိုက်ဆိုး တရားကို ရှောင်ရှားကြကုန်ရာ၏။ ။

# ရမ္မက်ဘိဇ္ဈာ ရှောင်ကြဉ်ပါ

သူတစ်ပါး၏ ပစ္စည်းဥစ္စာတို့ကို မတရား ရယူရန် ကြံစည်မှုသည် မကောင်းသော စရိုက်တစ်ခု ဖြစ်၏။ ဤစရိုက်သည် စိတ်အတွေးဖြင့် ကြံတွေး ပြုလုပ်ရသောကြောင့် အတွေးကံ (မနောကံ) အစု၌ ပါဝင်ပေသည်။ အလိုရမ္မက်ကို အကြောင်းပြု၍ ဖြစ်ပေါ်လာရ၏။ ပါဠိဘာသာအားဖြင့် 'အဘိဇ္ဈာ' ဟု ခေါ်ဆိုပါသည်။ ဤရမ္မက်အဘိဇ္ဈာမှ ရှောင်ကြဉ်ရသော ကျင့်ဝတ်သည်လည်း လူသား၏ စိတ်ပိုင်းဆိုင်ရာ ကျင့်ဝတ် ဖြစ်ပေသည်။

## အတွေးမူလ ပဓာန

ဤကျင့်ဝတ် ပညတ်ချက်သည် စီးပွားရေးနှင့် ပတ်သက်၍ မလိုလားအပ်သော ပဋိပက္ခများ မဖြစ်ပေါ်စေရန် ကြိုတင်၍ ပြဋ္ဌာန်းထားသော ကျင့်ဝတ်ဖြစ်သည်။ လူသားတို့သည် သူတစ်ပါး ပစ္စည်းတို့ကို မတရားမှုဖြင့် ရယူကြရာ၌ အတွေးကံ ကြံစည်မှုက အစပြုကြရသည်။ မတရား ရယူရေးအတွက် နည်းအမျိုးမျိုးဖြင့် ကြံစည်ရသည်။ ကြံစည်ပြီးမှ ရရှိအောင် ဆောင်ရွက်ရသည်။

သူခိုးတစ်ယောက်သည် မည်သည့်နည်းဖြင့် ခိုးယူရမည်ဟု ရှေးဦးစွာ ကြံစည်ရသည်။ ဓားပြသည်လည်း မည်သို့ တိုက်ခိုက်ရမည်ဟု ရှေးဦးစွာ ကြံစည် တွေးတောရသည်။ ပြီးမှ ခိုးကြရသည်။ တိုက်ကြရသည်။ ထို့ကြောင့် သူတစ်ပါး ပစ္စည်းကို မတရား ရယူရာ၌ တွေးတောကံသည် အခြေခံမူလ ပဓာနကျလေသည်။

## စီးပွားရှာကြ လူ့ဘဝ

လူသားတို့သည် ဘဝတစ်ခုကို ရရှိလာပြီးနောက် ဘဝတည်တံ့မှုအတွက် စားဝတ်နေမှုတို့ဖြင့် ဖြည့်ဆည်းပေးကြရ၏။ စား ဝတ် နေမှု ပြည့်စုံစေရန် စီးပွားဥစ္စာကို ရှာဖွေကြရသည်။ လူသားတို့သည် ဤလုပ်ငန်းကို မွေးရာပါ တာဝန်အရ လုပ်ကိုင် ဆောင်ရွက်နေကြရလေသည်။

ဤသို့ လုပ်ကိုင်ကြရာတွင် မိမိအကျိုးစီးပွား ရရှိဖို့အတွက် အခြားသူ၏ အကျိုးစီးပွားကို မထိခိုက်စေရပေ။ မိမိအကျိုးစီးပွားကို မှန်ကန်သော အသက်မွေးမှုဖြင့် ရှာဖွေကြရန် လိုအပ်လှ၏။ မတရားသော နည်းဖြင့် ကြံစည်၍ စီးပွားရှာထားပြီဆိုလျှင် မတရားမှုကို ခံရသူကလည်း ကျေနပ်မှု မရှိနိုင်ပေ။ မိမိကိုယ်တိုင်လည်း မသန့်စင်သော ပစ္စည်းကို ကြည့်၍ ချမ်းမြေ့ခြင်း မရှိနိုင်ချေ။

လူ့လောက၌ မသန့်ရှင်းသော အဘိဇ္ဈာညာဉ်ဖြင့် စီးပွားရှာချင်သူတို့လည်း ရှိနေကြသည်။ ထိုသူတို့သည် တစ်ပါးသူထံမှ ပစ္စည်းဥစ္စာတို့ကို မတရား ရယူဖို့ကိုပင် အမြဲတမ်း ကြံစည်နေတတ်ကြ၏။ လိမ်လည်သော ညာဉ်ရှိသူသည် လိမ်လည်ဖို့ကိုပင် ကြံစည်စဉ်းစား နေတတ်၏။ ခိုးတတ်သော ညာဉ်ရှိသူသည် ခိုးဖို့ကိုပင် စဉ်းစားနေတတ်၏။ ဤညာဉ်ဆိုးကို ဖျောက်ဖျက်ရန် ခဲယဉ်းလှပေသည်။ ထိုလူမျိုး၏ မျက်နှာသည် မည်မျှပင် ကြည်သာ ချိုမြနေသော်လည်း စိတ်ဓာတ်မှာကား ကြောက်မက်ဖွယ် ကောင်းလှ၏။ ဤစိတ်ဓာတ်မျိုး ရှိသူကို ပေါင်းသင်းခြင်း မပြုရန် လောကနီတိကျမ်း၌ ဤသို့ တားမြစ်ထားပါသည်။

– "သူ၏ မျက်နှာသည် ပဒုမ္မာကြာကဲ့သို့ ကြည်သာ ရွှင်လန်းလှပါ၏။
– သူ၏ မျက်နှာသည် စန္ဒကူးနံ့ကဲ့သို့ အေးချမ်းသယာလှပါ၏။
– သူ၏ နှလုံးသားမှာမူ အဆိပ်ကဲ့သို ရှိ၏။
ဤသဘောရှိသူကို မမှီဝဲရာ။ "

## ရောင့်ရဲနိုင်မှ ချမ်းသာရ

ယနေ့ခေတ်သည် ရှေးအခါကနှင့် မတူတော့ပေ။ လူသုံးကုန် ပစ္စည်းများ အမျိုးမျိုး ပေါ်ပေါက်လျက် ရှိ၏။ အီလက်ထရောနစ် လူသုံးကုန် ပစ္စည်းများ၊ စက်မှုဆိုင်ရာ လူသုံးပစ္စည်းများနှင့် အခြား လူသုံးပစ္စည်း များစွာတို့မှာ တစ်လတစ်မျိုး မရိုးအောင် ပေါ်လာနေ၏။ ဤပစ္စည်းများကို လိုချင်တတ်မက်မှုသည် လူကျင့်တရားကို ပျက်ပြားစေ၏။ ဝင်ငွေရှိသူတို့အတွက် အကြောင်းမဟုတ်သော်လည်း ဝင်ငွေနည်းသော မိသားစုတို့မှာ ဒုက္ခရောက်ကြရသည်။ လိုချင်ရမ္မက်ကို မတားဆီးနိုင်သူတို့မှာ အဘိဇ္ဈာနည်းဖြင့် ကြံစည်၍ ရှာမှီးကြသည်။ မတရားမှုဖြင့် ရယူလာကြသည်။ ဤနည်းဖြင့် လူ့ကျင့်ဝတ်ကို ဖောက်ဖျက်နေသူတွေလည်း ဒုနှင့်ဒေးပင်။

ယနေ့ခေတ်တွင် ဗုဒ္ဓဘုရား ဟောကြားသော သန္တုဋ္ဌိမင်္ဂလာခေါ် ရောင့်ရဲမှုကို ကျင့်သုံးတတ်မှ သင့်မြတ်သော ကာလဖြစ်၏။ ပေါ်သမျှ ခေတ်ပစ္စည်းတွေကို အလိုရမ္မက်ကြီးနေလျှင်ကား စိတ်ဆင်းရဲနေရမည်သာ ဖြစ်သည်။ လိုတာမရသော ဒုက္ခ၏ ဖိစီးမှုကို ခံကြရပေမည်။ အလိုရမ္မက်၏ ဖိအားပေးမှုကို ခံယူနေရလျှင် ရမ္မက်စိတ်သည် ဘယ်တော့မှ အဆုံးမသတ်နိုင်ပေ။ ရလေလိုလေ အိုတဏှာ၊ လူ့အလို နတ်မလိုက်နိုင် ဆိုသောစကားများသည် ရမ္မက်စိတ်၏ သဘောတရားကို ညွှန်းဆိုထားချက်များ ဖြစ်ပေသည်။

## ကျန်စစ်သားနှင့် ဘုရင့်နောင်

ကျန်စစ်သားနှင့် ဘုရင့်နောင်တို့သည် မြန်မာရာဇဝင်တွင် ထင်ရှားသော မင်းနှစ်ပါး ဖြစ်သည်။ သူတို့သည် ဘုရင့်သားတော်များ မဟုတ်ဘဲ အရပ်သားဘဝမှ ကြိုးစားခဲ့ကြသဖြင့် မင်းဖြစ်ကြသူများတည်း။

ကျန်စစ်သားသည် ရေစကြိုမြို့နယ်၊ ချင်းတွင်းမြစ် အနောက်ဘက်ကမ်းရှိ ဝါယာရွာသား ဖြစ်ပြီး၊ ဘုရင့်နောင်မှာ ရေစကြိုမြို့နယ်၊ ချင်းတွင်းမြစ် အရှေ့ဘက်ရှိ ငတရော်ရွာသား ဖြစ်သည်။ ( သူတို့ နှစ်ဦး၏ အထိမ်းအမှတ် ပစ္စည်းများ နှစ်ရွာလုံး၌ ယနေ့တိုင် ရှိနေပေသည်။)

စောလူးမင်းကို ငရမန်က ဖမ်းဆီးထားသောအခါ ပုဂံပြည်သူ မှူးမတ်တို့က ကျန်စစ်သားကို မင်းလုပ်ပါရန် ပန်ကြားကြ၏။ သို့သော်လည်း ကျန်စစ်သားသည် စောလူမင်း ရှိနေသေးသဖြင့် မင်းအဖြစ်ကို လက်မခံခဲ့ပေ။ အကယ်၍ လက်ခံလိုက်လျှင် စောလူးမင်း၏ နန်းစည်းစိမ်ကို အဘိဇ္ဈာညာဉ်ဖြင့် ကြံစည်၍ လုယူရာ ရောက်ပေလိမ့်မည်။ ထို့ကြောင့် စောလူးမင်းကိုပင် ပြန်လည်၍ နန်းတင်ရန် ဆန္ဒရှိသဖြင့် စောလူးမင်းကို သွားရောက် ခိုးယူ၍ ကယ်တင်ခဲ့သည်။ သို့သော်လည်း စောလူမင်းက အကယ်မခံသဖြင့် အသက်သေခဲ့ရသည် မဟုတ်လော။

ကျန်စစ်သားသည် စောလူးမင်း မရှိမှ ထီးနန်းကို လက်ခံ၍ အုပ်ချုပ်ခဲ့ပါသည်။ မြန်မာရာဇဝင်တွင် ကျန်စစ်သားမင်းသည် အဘိဇ္ဈာညာဉ်ကို ရှောင်ကြဉ်သော မင်းတစ်ပါးအဖြစ် မှတ်တမ်းတင်ရပါသည်။

## တပင်ရွှေထီးနှင့် ဘုရင့်နောင်

တပင်ရွှေထီးမင်းသည် ပေါ်တူဂီလူမျိုး ဘုရင်ဂျီကုလား တစ်ယောက်ကို ကိုယ်လုပ်တော် တစ်ယောက်နှင့် ထိမ်းမြားပေးကာ အပါးတော်၌ ခစားစေခဲ့သည်။ အပါးတော်မြဲကုလားသည် အရက်ကို အကောင်းစား ချက်၍ ဘုရင်အား ဆက်သသည်။ ဘုရင်သည် ကုလားဆက်သော အရက်ကို သောက်ရာ အကြိုက်တွေ့သွားခဲ့သည်။ ထို့ကြောင့် အရက်ကို အမြဲတမ်း ချက်၍ ဆက်သစေခဲ့သည်။

ဘုရင်သည် အရက်မူးနေချိန်တွင် တိုင်းရေးပြည်မှုကို စီမံခန့်ခွဲ၏။ အရက်မူးနေသဖြင့် မှန်ကန်စွာ မဆုံးဖြတ်နိုင်ချေ။ “ မင်းမယား သူ့ပေး၊ သူ့မယား မင်းယူ၊ ”စသည်ဖြင့် မအေပ်မရာ

သည်ကိုလည်း ပြုလုပ်သည်။ မလိုလားသူတို့၏ ကုန်တိုက်စကားကိုလည်း ဆင်ခြင်နိုင်မှု မရှိတော့။ ဤသူသည် ပုန်ကန်ဖို့ ကြံစည်နေပါသည်ဟု ဆိုလျှင် စိစစ်ခြင်း မပြုဘဲ ကွပ်မျက်ပစ်လေတော့သည်။

ဤသို့ ပြဖြန်များသော ဘုရင့်နောင်ကျော်ထင်နော်ရထာက " သေရည်သောက်သော အကျင့်ဟာ ဧကရာဇ်မင်းတို့ အကျင့်မဟုတ်ပါ၊ ပယ်တော်မူမှ သင့်ပါမည်၊ "ဟု အဖန်တလဲလဲ လျှော်တင်သည်။

ထိုအခါ တပင်ရွှေထီးက " ငါ သေရည်နှင့် အကျွမ်းဝင်နေပြီ။ စွဲလမ်းနေပြီ၊ မဖြတ်နိုင်တော့ပါ၊ ပြည်အလုံးကိုလည်း ဘုရင့်နောင်သာ စီရင်ပါတော့၊ ငါ့ကို မလျှောက်နှင့်၊ ငါသည် နန်းတော်ထဲမှာ သေရည်အရက်နှင့်ပဲ ပျော်ပျော်နေတော့မည်၊ " ဟု ပြောလေသည်။

ဤအမိန့်အတိုင်း ပြည်ရေးရွာမှုကို ဘုရင့်နောင်က ကွပ်ကဲနေရသည်။ သို့သော်လည်း ဘုရင်သည် တစ်ခါတစ်ရံတွင် အမြင်မကြည်သော အမတ်တို့ကို သတ်ဖြတ်ရန် မူးမူးဖြင့် အမိန့်ပေးတတ်သေးသည်။ ထိုအမတ်မျိုးကို ဘုရင်နောင်က သိမ်းဝှက်ထားပြီး နောက်မှ လွတ်မြောက်စေရသည်။

ဤသို့ မူးရူးရိုင်းမိုက်နေသဖြင့် မွန် မြန်မာ ရှမ်းအမတ်တို့ စုရုံးတိုင်ပင်ပြီးလျှင် " ယခု အတိုင်းဆိုလျှင် ပြည်ရွာငြိမ်ဝပ်နိုင်မည် မဟုတ်တော့ပါ၊ ညီတော်မင်းကို လုံခြုံအောင် ထားပြီးလျှင် အရှင်ဘုရင့်နောင် နန်းတက်တော်မူပါ၊ ကျွန်ုပ်တို့သည် အရှင့်အမှုတော်ကို ထမ်းပါတော့မည်၊ " ဟု လျှောက်ကြသည်။

ထိုအခါ ဘုရင့်နောင်က " အစ်ကိုတို့– ကျွန်ုပ်တို့မှာ ဘဝရှင်မင်းတရားရဲ့ ကျေးဇူးသစ္စာ ရှိပါသည်၊ သည်စကားကို ကျွန်ုပ်သာ ကြားပါစေ၊ အခြားသူ မကြားပါစေနှင့်၊ ဘုရားရှင် တရားတော်မှာလည်း မတော်မမှန် ကျင့်သောသူသည် အနှစ်တစ်ရာ နေရသည်ထက် တော်မှန် ဖြောင့်စွာ တစ်နေ့နေရသည်က ထိုက်တန်သည်ဟု ဟောတော်မူပါသည်၊ နန်းရပ်ကို လုယူရမည့် မသင့်သော အကြံကို မကြံသင့်ပါ၊ အစ်ကိုတို့အတွက် ကိုယ်ရေးပြဿနာရှိလျှင် ကျွန်ုပ်က တာဝန်ယူပါသည်၊ အစ်ကိုတို့ စားမြဲ ကျေးလက်စည်းစိမ်နှင့် ငြိမ်သက်စွာ နေကြပါ၊ " ဟု ဖျောင်းဖျ၍ ပြောဆိုရလေသည်။

ဘုရင့်နောင်သည် ထီးနန်းရရန် ဘက်ပေါင်းစုံက ထောက်ခံနေပါလျက် သူတစ်ပါး၏ ထီးနန်းစည်းစိမ်ကို မရယူခဲ့ပေ။ ဘုရင့်နောင်သည်လည်း အဘိဇ္ဈာညာဉ်ကို ရှောင်ကြဉ်သော မင်းတစ်ပါးအဖြစ် မှတ်တမ်းတင်ရပါသည်။ ကျန်စစ်သားနှင့် ဘုရင့်နောင်တို့သည် အာဏာရမ္မက်ကို ငမ်းငမ်းတက် လိုချင်သူများ မဟုတ်ကြောင်း ရာဇဝင်သက်သေ စာအမွေဖြင့် သိရှိရပါသည်။

ပဒေသရာဇ်ခေတ်တွင် ပေါ်ပေါက်ခဲ့သော မင်းတို့သည် များသောအားဖြင့် ထီးနန်းကို လိုချင်ကြ၏။ အာဏာကို မက်မောကြ၏။ ထို့ကြောင့်ပင် မင်းစည်းစိမ်ကို ရရှိရေးအတွက် အဘိဇ္ဈာ ညာဉ်ဖြင့် ယှဉ်ခဲ့ကြလေသည်။

## အာဏာရမ္မက် ငမ်းငမ်းတက်သူများ

နရသူသည် ခမည်းတော် အလောင်းစည်သူကို သတ်၍ နန်းရပ်ကို သိမ်းပိုက်ကာ အာဏာကို လုယူခဲ့သည်။ နရပတိစည်သူသည် နောင်တော် မင်းယဉ်နရသိင်္ခကို သတ်၍ လည်းကောင်း၊ နရသီဟပတေ့သည် သီဟသူကို သတ်၍လည်းကောင်း၊ တစ်စီးရှင်မင်းသည် နောင်တော်တို့ကို သတ်၍လည်းကောင်း၊ ရွှေတောင်တက်မင်းသည် ခမည်းတော် တရုတ်ပြေးမင်းကို ထောင်သွင်း၍လည်းကောင်း၊ သတိုးမင်းဖျားသည် ပထွေးတော် နရပတိကို သတ်၍လည်းကောင်း၊ မင်းရဲဒိဗ္ဗသည် ခမည်းတော် အနောက်ဘက်လွန်မင်းကို သတ်၍လည်းကောင်း၊ ပြည်မင်းသည် နော်တော် ပင်းတလဲမင်းကို သတ်၍လည်းကောင်း၊ ဘိုးတော်ဦးဝိုင်းသည် စဉ့်ကူးမင်းကို သတ်၍လည်းကောင်း၊ သာယာဝတီမင်းသည် နောင်တော် ဖန်နန်းရှင်မင်းကို ထီးနန်းမှ ချ၍

လည်းကောင်း၊ မင်းတုန်းမင်းသည် နောင်တော် ပုဂံမင်းကို နန်းချ၍လည်းကောင်း၊ သီပေါမင်းသည် ညီတော် နောင်တော် ၄၀–ကျော်တို့ကို သတ်၍လည်းကောင်း ထီးနန်းကို သိမ်းပိုက်ကာ အာဏာကို လုယူခဲ့ကြလေသည်။

ဤမင်းတို့သည် အာဏာကို လုယူသော နည်းဖြင့် မင်းဖြစ်ခဲ့ကြပါသည်။ အာဏာလိုချင်သဖြင့် လုယူသော အခြား မင်းညီမင်းသားတို့လည်း များစွာ ရှိပါသည်။ အချို့ အာဏာလုပွဲမှာ မအောင်မြင်သဖြင့် အသက်ကိုပင် စတေးသွားရသူများလည်း ရှိပါသည်။ ထိုအထဲတွင် ရှင်တရုပ်၏ နန်းလုပွဲသည် ထင်ရှားပါသည်။

## ရှင်တရုပ်၏ နန်းလုပွဲ

အမြင့်မြို့စား ရှင်တရုပ်သည် သာလွန်မင်းတရား၏ သားတော်ဖြစ်သည်။ ရှင်တရုပ်သည် ခမည်းတော်၏ နန်းရပ်ထီးဖြူကို လုယူလိုသဖြင့် နောက်လိုက်တို့ကို စုဝေးကာ ၁၀၀၉–ခု၊ တော်သလင်းလပြည့်ကျော် ၅–ရက်၊ ဗုဒ္ဓဟူးနေ့၊ နံနက် လေးချက်တီး အချိန်တွင် နန်းတွင်းသို့ ဝင်သည်။ မြေနန်းအရှေ့သို့ ရောက်လျှင် သေနပ်သံ ပေးသည်။ တိုက်စည် တီးသည်။ အသံကြားသဖြင့် စုံစမ်းရာ ရှင်တရုပ်၏ ပုန်ကန်မှုဖြစ်ကြောင်း သိရသည်။

သာလွန်မင်းသည် မမျှော်လင့်ဘဲ ဖြစ်လာသောကြောင့် ကြံရာမသိ ဖြစ်ကာ လေးထပ်ကျောင်းဆီသို့ ထွက်ပြေးခဲ့ရသည်။ ထိုအကြောင်းကို စံကျောင်းဆရာတော် သိသဖြင့် သံဃာတော် ၁၅၀၀–ကျော်တို့ကို တုတ်တော်ဝှေး ကိုင်စေ၍ ကျောင်းတံခါး လေးမျက်နှာ၌ ချကာ စောင့်ရှောက်ပေးရသည်။ ထိုနောက် နန်းတွင်းရှိ အမှုထမ်းတို့လည်း ကျောင်းတော်သို့ လိုက်လာပြီး ရှင်တရုပ်ရန်ကို ကာဆီးနေကြလေသည်။

တစ်လခန့် ကြာသောအခါ ဘုရင့်သစ္စာတော်ခံ မင်းညီမင်းသား မှူးမတ်တို့သည် ရှင်တရုပ်ရန်ကို ဖြိုခွင်း၍ ပြန်လှန်တိုက်ခိုက်ကြသည်။ ရှင်အရုပ်သည် မြို့တော်အနောက်တံခါးသို့ ဆင်ဖြင့်သွားရောက်ရာတွင် မြို့ထိပ်မှ သေနပ်လုလင်က ပစ်ခတ်သဖြင့် ဆင်ပေါ်မှာပင် သေဆုံးရလေသည်။ ထို့နောင်မှ သာလွန်မင်းတရားသည် နန်းတော်သို့ ပြန်ကာ အေးချမ်းစွာ စိုးစံရလေသည်။

ရှင်တရုပ်သည် ထီးနန်းစည်းစိမ်ကို လိုချင်သောကြောင့် အဘိဇ္ဈာညာဉ်ဖြင့် ကြံစည်ပြီးလျှင် ခမည်းတော်၏ ထီးနန်းကို လုယူခဲ့၏။ သို့သော်လည်း သူ၏ မကောင်းမှုကံသည် မအောင်မြင်ဖြစ်ကာ မျက်မှောက်ဘဝ၌ပင် သေပွဲဝင်ခဲ့ရလေသည်။

ထို့ကြောင့် မကောင်းမှု အမှန်၊ မကောင်းကျိုးကို ဧကန်ဖြစ်စေသော အဘိဇ္ဈာကံ စရိုက်ဆိုးတရားကို ရှောင်ရှားကြကုန်ရာ၏။ ။

# ဖျက်စိတ်ဝင်လာ ရှောင်ကြဉ်ပါ

သူတစ်ပါးအကျိုး ပျက်စီးစေရန် ကြံစည်သော အဖျက်စိတ်မျိုးကို စိတ်အတွေး၌ မမွေးမြူရခြင်းသည်လည်း လူသား၏ ကျင့်ဝတ်တစ်ပါး ဖြစ်ပါသည်။ ဤအဖျက်စိတ်သည်လည်း အတွေးကံ (မနောကံ) အစု၌ ပါဝင်ပေသည်။ ဤပျက်စေလိုသော စိတ်ကို ပါဠိဘာသာဖြင့် 'ဗျာပါဒစိတ်' ဟု ခေါ်သည်။ ဗျာပါဒ၏ အခြေခံသည် ဒေါသစိတ်ပင် ဖြစ်ပေသည်။

## ကံနှစ်ပါး၏ ခြားနားချက်

ဤတွင် အဘိဇ္ဈာနှင့် ဗျာပါဒကံတို့မှာ ထူးခြားချက် ရှိပါသည်။ အဘိဇ္ဈာသည် သူတစ်ပါး စည်းစိမ်ဥစ္စာကို ရယူလို၍ မတရားကြံစည်ခြင်း ဖြစ်ပါသည်။ ဗျာပါဒကား ပစ္စည်းကို ရယူလိုစိတ် မရှိဘဲ တစ်ပါးလူ ပျက်စီးမှုသည် အဓိကဖြစ်သည်။

ဤကံနှစ်ပါးသည် အခြေခံအားဖြင့် ခြားနားသော်လည်း သေချာစွာ လေ့လာသောအခါ အကျိုးဆက်တရားမှာ ခြားနားခြင်း မရှိကြပေ။ သူတစ်ပါး စည်းစိမ်ဥစ္စာကို ရယူရန် ကြံစည်၍ ကြိုးစား ဆောင်ရွက်သောအခါ သူတစ်ပါး အကျိုးစီးပွားလည်း ပျက်စီးကြရသည်။ သူတစ်ပါး အကျိုးပျက်စေလို၍ ဖျက်ဆီးပစ်သော အခါ၌လည်း တစ်ပါးလူအတွက် အကျိုးပျက်ရသည်သာ ဖြစ်ပါသည်။ ထို့ကြောင့် ကံနှစ်ပါး၏ အကျိုးဆက်သည် ထူးခြားချက် မရှိဟု ဆိုရခြင်း ဖြစ်ပေသည်။

ကွန်ပျူတာဆရာ တစ်ယောက်သည် ကွန်ပျူတာပစ္စည်း အသစ်လဲလှယ်ပေးမည်ဟု ပြောကာ ကွန်ပျူတာပိုင်ရှင်ထံက ငွေ ၁၇၀,၀၀၀–ကျပ်ကို ယူဆောင်သွား၏။ သို့သော်လည်း ပစ္စည်းကို လဲလှယ်မပေးဘဲ အဘိဇ္ဈာနည်းဖြင့် ငွေကို အပိုင်စီးသွားတော့သည်။

လူတစ်ယောက်သည် မိမိအမုန်းပွားသော လူ၏ ငရုတ်စိုက်ခင်း တစ်ခင်းလုံးကို ဓားဖြင့် ရမ်းကာ ဗျာပါဒနည်းဖြင့် ဖျက်ဆီးသွားပါသည်။ ကွန်ပျူတာပိုင်ရှင်နှင့် ငရုတ်စိုက်ခင်း ပိုင်ရှင်တို့သည် ဖြစ်စဉ်မတူသော်လည်း ဆုံးရှုံးမှုသည် ညီမျှခြင်း ရှိပေသည်။

## အမုန်းဖြစ်ရာ အင်္ဂါ ၁၀–ပါး

ဗျာပါဒကံ၏ အခြေခံကို လေ့လာလျှင် အမုန်းရန်သည် အဓိကကျပါသည်။ အများအားဖြင့် အမုန်းစိတ်ကြောင့် အဖျက်စိတ် ဝင်လာရပါသည်။ အဖျက်စိတ်သည် ဒေါသဖြစ်၏။ ဒေါသဟူသော အဖျက်စိတ်ကြောင့်လည်း ပျက်စီးကုန်ကြရလေသည်။

အဖျက်စိတ် ဝင်လာရခြင်းသည်လည်း အကြောင်းမဲ့ မဟုတ်ပေ။ ဒေါသဖြစ်ရာ အမုန်းအင်္ဂါ ၁၀–ပါးမျှ ရှိပေသည်။

၁။ သူသည် မိမိ၏ အကျိုးမဲ့ကို ပြုခဲ့ဖူးသည်။

၂။ ယခုလည်း ပြုဆဲ ဖြစ်သည်။

၃။ နောင်လည်း ပြုလိမ့်ဦးမည်။

၄။ သူသည် မိမိ ချစ်သူ၏ အကျိုးမဲ့ကို ပြုခဲ့ဖူးပြီ။

၅။ ယခုလည်း ပြုဆဲ ဖြစ်သည်။

၆။ နောင်လည်း ပြုလိမ့်ဦးမည်၊

၇။ သူသည် မိမိ မုန်းသူ၏ အကျိုးစီးပွားကို ပြုခဲ့ဖူးပြီ။

၈။ ယခုလည်း ပြုဆဲ ဖြစ်သည်။

၉။ နောင်လည်း ပြုလိမ့်ဦးမည်။

၁၀။ အရာမဟုတ်သည်၌ အမုန်းပွားကာ ဒေါသဖြစ်တတ်ခြင်းကို ခေါ်သည်။ ပါဠိဘာသာဖြင့်

‘ အဋ္ဌာနကောပ ’ ဟု ခေါ်သည်။

- မိုးသည် ရွာနိုင်ရန်ကောဟု ဒေါသဖြစ်ခြင်း ၊
- မိုးသည် ခေါင်နိုင်ရန်ကောဟု ဒေါသဖြစ်ခြင်း ၊
- နေသည် ပူနိုင်ရန်ကောဟု ဒေါသဖြစ်ခြင်း ၊
- လေသည် တိုက်နိုင်ရန်ကောဟု ဒေါသဖြစ်ခြင်း–

စသော ဒေါသဖြစ်ခြင်းမျိုးကို ခေါ်ဆိုပေသည်။ အချို့လူတို့သည် ပစ္စည်းတစ်ခုကို ယူဆောင်လာစဉ် မတော်တဆ လွတ်ကျသွား၏။ ဤသည်ကို အသာအယာ ကောက်ယူခြင်း မပြုဘဲ “ ကျအုံးဟာ” ဟု ပြောကာ ပစ္စည်းကို မြေပေါ်သို့ နှစ်ခါလောက် ပစ်ချလိုက်သူတို့လည်း ရှိသည်။ ဤဒေါသမျိုးမှာ မဖြစ်သင့်သည်၌ ဖြစ်ပေါ်လာသော ဒေါသစိတ်မျိုး ဖြစ်ပေသည်။

## လူ၌ပါလာ အဖျက်ဝါသနာ

လူသည် မိုးရွာလွန်း၍ ဒေါသဖြစ်ရခြင်း၊ နေပူလွန်း၍ ဒေါသဖြစ်ရခြင်း စသည်တို့မှာ မိမိတို့ မလိုအပ်သောကြောင့် ဒေါသစိတ် ဖြစ်လာရသည်။ မိုးရွာလွန်းသဖြင့် အလုပ်အကိုင် မလုပ်ကြရသောကြောင့် ဒေါသစိတ် ဖြစ်ထိုက်၏။ နေပူလွန်းသဖြင့် ပူအိုက်သောကြောင့် ဒေါသ ဖြစ်ထိုက်၏။

ဤသို့ မဟုတ်ဘဲ ဝါသနာဖြင့် အဖျက်စိတ် ဝင်တတ်သော လူမျိုးလည်း ရှိနေပေသည်။ ဤဝါသနာမျိုးသည် မိမိအတွက်လည်း အကျိုးမရှိ။ တစ်ပါးသူ အတွက်လည်း အကျိုးပျက်စီးမှုနှင့် ကြုံကြရသည်။ ဤလိုလူမျိုးသည် တွေ့ရာနေရာ၊ ရောက်ရာအရပ်တို့၌ အဖျက်ဝါသနာအတိုင်း ဖျက်ဆီးပစ်တတ်သည်။

အညာအရပ်တွင် ခရီးသွားသူတို့ နားခိုရန် စရပ်ကြီးများ ရှိကြသည်။ ခရီးသွားများ၊ နွား လှည်းများ နားခိုကြရ၏။ ထိုအထဲတွင် အချို့နားခိုသူတို့သည် စရပ်ကို ဓားဖြင့် ခုတ်ထစ် သွားတတ်ကြသည်။ စရပ်ခါးပန်း ပျဉ်ချောင်းလည်း အကောင်းမရှိပေ။ ဤကဲ့သို့ အဖျက်ဝါသနာဖြင့် ပျက်စီးစေသော လူများလည်း ရှိပေသည်။

အချို့လူတို့သည် သွားရင်း လာရင်း ပစ္စည်းလေးများ တွေ့လျှင် ရိုက်ထု၍ ဖျက်ဆီးသွား တတ်ကြသည်။ ဥပမာအားဖြင့် ပုလင်းအကောင်းကို တွေ့လျှင် ကောက်၍ ရိုက်ခွဲပစ်လိုက်သည်။ လက်လှမ်းမီသော သစ်ပင်ဆိုလျှင် ဆွဲငင်၍ ချိုးဖဲ့သွားတတ်သည်။ ပန်းအလှပင် ဆိုလျှင်လည်း အရွက်ကို ဆွဲဖြတ်သွားတတ်၏။ အပွင့်ကို ချူးချေသွားတတ်၏။ ဤသို့စသည်ဖြင့် အသေးအဖွဲ ညာဉ်ကလေးများ ရှိနေတတ်သည်။ ဤအဖျက်ညာဉ်မျိုးကို ဒေါသဟု ပြောရန်လည်း ခက်ခဲပေသည်။ အဖျက်ဝါသနာ၊ အဖျက်စရိုက်ဟု ပြောနိုင်ပါသည်။ အဖျက်ဝါသနာသည် အမုန်း တရားကြောင့် မဟုတ်သော်လည်း ပျက်စီးမှု အကျိုးတရားမှာမူ အတူတူပင် ဖြစ်သည်။ ထို့ကြောင့် ဝါသနာစရိုက်ဖြင့် ပျက်စီးစေမှုကိုလည်း ရှောင်ရှားအပ်လေသည်။

အဖျက်ဝါသနာ အဖျက်စရိုက် ရှိသူသည် ဘဝတိုးတက်မှုလည်း မရရှိနိုင်သော လူမျိုး ဖြစ်သည်။ သူသည် အရာရာကို အဖျက်ညာဉ်ဖြင့် ပြုလုပ်တတ်သောကြောင့် မိမိဘဝ တိုးတက်မှုကိုလည်း မကြည့်မြင်တတ်တော့ပေ။ မိမိဘဝကိုလည်း အပျက်အမြင်ဖြင့် ကြည့်၍ အပျက် လုပ်ငန်းကိုသာ လုပ်ဆောင်မိနေတော့သည်။ ပျက်ပျက်စီးစီး အကျိုးတရားကိုသာ ရရှိ ခံစားရလေတော့သည်။

## အမုန်းနောက်မှာ အဖျက်ပါ

- အဘိဇ္ဈာကံသည် လောဘရမ္မက်ကို အခြေခံ၏။

– ဗျာပါဒကံသည် ဒေါသအဖျက်ကို အခြေခံ၏။

ဒေါသအဖျက်သည် လောဘရမ္မက်ထက် ဆိုးရွားလှသည်။ ဒေသအဖျက်စိတ် ဝင်လာပြီဆိုလျှင် အမှားအမှန်ကို ဝေဖန် ပိုင်းခြားနိုင်ခြင်း မရှိတော့ပေ။ အကယ်၍ မိမိအကျိုးစီးပွားကို ချေဖျက်ဖူးသူအား တွေ့မြင်လိုက်လျှင် လက်စားချေလိုစိတ်က တလိပ်လိပ် တက်လာသည်။ နှလုံးအိမ်၌ ပူလောင်မှု ပြင်းပြလာသည်။ ဒေါသစိတ်က ထိပ်တက်လာသဖြင့် အဖျက်လုပ်ငန်းကို ကြိုးပမ်းဆောင်ရွက်တော့သည်။ ဤတွင် ဘဝပျက်ခြင်း၊ စီးပွားပျက်ခြင်းဟူသော ဆိုးကျိုးများ ဖြစ်ပေါ်လာရတော့သည်။ ထိုအထဲတွင် အသေခံ ဗုန်းခွဲမှုမျိုးကား မိမိရော သူတစ်ပါးပါ နှစ်ဦးသားတို့ကို ထူးခြားစွာ ပျက်စီးစေသောကြောင့် အလွန်ဆိုးရွားလှသော ဗျာပါဒကံ အမျိုးအစား ဖြစ်လေသည်။

## အမုန်းပွားသည့် မိဖုရားရှင်ဘို့မယ်

မိဖုရား ရှင်ဘို့မယ်သည် အင်းဝခေတ် ရာဇဝင်တွင် ထင်ရှားသူ ဖြစ်သည်။ အမုန်းပွားရာ၌လည်းကောင်း၊ အတ္တကြီးရာ၊ မာနကြီးရာ၌လည်းကောင်း နှစ်ဦး မရှိပေ။ သူမသည် အင်းဝမင်း နှစ်ပါးကို အမုန်းဓာတ်ဖြင့် သတ်ဖြတ်ခဲ့သူတည်း။

သက္ကရာဇ် ၇၈၃–ခုနှစ်တွင် သီဟသူသည် မိဖုရားခေါင်ကြီး စောမင်းလှနှင့် အင်းဝ ထီးနန်းကို စိုးစံသည်။ နန်းတက်ပြီးနောက် ခမည်းတော် မင်းခေါင်လက်ထက်က မိဖုရား ရှင်ဘို့မယ်ကိုလည်း ထပ်မံ၍ မိဖုရားမြှောက်သည်။

သီဟသူမင်းသည် နန်းတွင်းအခြေအနေအရ စောမင်းလှကို မိဖုရားခေါင်ကြီး တင်မြှောက်ခဲ့ရသော်လည်း ရှင်ဘို့မယ်လောက် အချစ်မပိုခဲ့ပေ။ ထိုအချိန်က ရှင်ဘို့မယ်သည် မိမိကို အချစ်ပိုသော သီဟသူအား ကြည်ဖြူမြတ်နိုးနိုင်ခဲ့သည်။ မိဖုရားခေါင်ကြီး စောမင်းလှသည် သီဟသူမင်းက ရှင်ဘို့မယ်ကို အချစ်ပိုကာ ရှင်ဘို့မယ်နှင့်သာ ပျော်ပါးနေသဖြင့် စိတ်နာကာ နန်းတွင်းမှာ မနေဘဲ ရွှေစေတီ အနောက်ဘက်၌ တန်ဆောင်းကြီး ဆောက်၍ နေလေသည်။

ထိုစဉ် သီဟသူမင်းသည် စစ်ရေးကိစ္စအတွက် အောက်ပြည်သို့ စုန်ဆင်းခဲ့သည်။ အောက်ပြည်ရောက်လျှင် ရာဇာဓိရာဇ်၏ သမီးတော် ရှင်စောပုကို ဆက်သခြင်း ခံရသည်။ သီဟသူသည် မိဖုရားရှင်စောပုကို ခေါ်ဆောင်၍ အင်းဝသို့ ပြန်လာခဲ့သည်။ နေပြည်တော်သို့ ရောက်လျှင် ရှင်စောပုကို ဘွဲ့ထူးများ ပေးအပ်ပြီး အဆောင်အယောင် များစွာဖြင့် ချီးမြှောက်ထားသည်။ သီဟသူမင်းသည် ရှင်စောပုနှင့်သာ အချိန်ရှိသရွေ့ ကြည်နူးနေတော့သည်။

ဤဖြစ်ရပ်ကို မကျေနပ်သူကား မိဖုရားရှင်ဘို့မယ်တည်း။ ရှင်ဘို့မယ်သည် မိဖုရား အသစ်ကလေး ရှင်စောပုနှင့် အပျော်ဆိုက်နေရမည်လားဟု မကျေမနပ်ဖြစ်ကာ သီဟသူမင်းကို သတ်ပစ်ရန် အကြံယူတော့သည်။

ရှင်ဘို့မယ်သည် အုန်းဘောင်လယ်သန်ဘွား အထံသို့ စေလွှတ်၍ " သီဟသူသည် အောင်ပင်လယ် အရပ်၌ ပျော်ပါးနေပါသည်။ အလစ်ကို ကြည့်၍ လုပ်ကြံပါ။ သီဟသူ မရှိလျှင် အင်းဝထီးနန်းကို တက်၍ မင်းပြုစေရပါမည်၊ "ဟု အမှာပါးလိုက်၏။

ဤစကားအရ လယ်သန်ဘွားလည်း အလုံးအရင်းနှင့် ချီလာပြီးနောက် ညအချိန်တွင် တော်ထဲ၌ ပုန်းနေပြီး အလစ်တွင် ဝင်ရောက် တိုက်ခိုက်သည်။ သီဟသူသည် ဆင်စီး၍ တိုက်သော်လည်း ဆင်သည် ညွန်နစ်သွား၏။ သီဟသူမင်းမှာလည်း မြားသုံးချက် သင့်ကာ အနိစ္စရောက်ရလေသည်။

သီဟသူ ဆုံးသည့်နောက် အင်းဝတပ်တို့သည် လယ်သန်ဘွားကို တိုက်ထုတ်နိုင်သဖြင့် ရှင်ဘို့မယ် အလိုကျ ဖြစ်မလာခဲ့ပေ။

မှူးမတ်တို့သည် အင်းဝထီးနန်းကို သီဟသူ၏သားတော် မင်းလှငယ်အား အပ်နှင်းကြ၏။

ဤကိစ္စကို ရှင်ဘို့မယ်က လုံးဝ မကျေနပ်ပေ။ ထို့ကြောင့် မိမိနှင့် တစ်ချိန်က ချစ်ကြိုက်ခဲ့ဖူးသူ ကလေးကျေးတောင်ညို အထံသို့ စစ်ချီလာပါရန် စေခိုင်းလိုက်၏။ ရောက်လျှင် ဘုရင်ကလေး မင်းလှငယ်ကို ရှင်ဘို့မယ်က အဆိပ်ခပ်၍ သတ်ပစ်လိုက်သည်။ ပြီးနောက် ကလေးကျေးတောင်ညို မင်းသားကို နန်းတင်လေသည်။ မိဖုရားကား ရှင်ဘို့မယ်ပင်တည်း။

မြန်မာရာဇဝင်တွင် ဘုရင်နှစ်ပါးကို အမုန်းဖက်၍ အဖျက်စိတ်ဖြင့် သတ်ဖြတ်နိုင်သူမှာ မိဖုရားရှင်ဘို့မယ် တစ်ဦးသာ ရှိပေသည်။ ရှင်ဘို့မယ်၏ ဗျာပါဒအဖျက်စိတ်သည် ရာဇဝင် စာမျက်နှာများတွင် အမည်းစက် စွန်းထင်ရစ်လေသည်။

## အဖျက်စိတ်ကြောင့် အသက်သေရသူ

သက္ကရာဇ် ၈၄၂–ခုနှစ်တွင် ဒုတိယဘုရင်မင်းခေါင် နန်းတက်သည်။ မင်းခေါင်သည် မိမိ သားတော်ကို မဟာသီဟသူရဘွဲ့ဖြင့် မင်းမြှောက်၍ နန်းထက်တွင် မင်းနှစ်ပါး အပြိုင်မင်းပြု နေကြသည်။ မင်းခေါင်သည် ထူးခြားသော မင်းနှစ်ပါးစနစ်ကို ထူထောင်ထား၏။

မင်းနှစ်ပါးတွင် သားတော်မင်းသည် ၈၆၂–ခု၊ တပေါင်းလပြည့်ကျော် ၁–ရက်နေ့တွင် အနိစ္စ ရောက်သည်။ ခမည်းတော်မင်းခေါင်လည်း တန်ခူးလပြည့်ကျော် ၅–ရက်နေ့တွင် အနိစ္စ ရောက်ပြန်သည်။ မင်းနှစ်ပါးသည် ၃၄–ရက်သာ ကွာခြားကြ၏။

မင်းနှစ်ပါး မရှိလျှင် မင်းခေါင်၏ သားတော်အငယ် နရပတိသည် ထီးနန်းကို ဆက်ခံ၏။ ထိုအချိန်တွင် မင်းပြိုင်လုပ်ခဲ့သော မဟာသီဟသူရမှာလည်း သားတော် ရွှေနော်ရထာ ကျန်ရစ်သည်။ ရွှေနော်ရထာ၏ ကျွန်များသည် ရွှေနော်ရထာကိုပင် နန်းတင်လိုကြ၏။ နရပတိကို သတ်၍ ရွှေနော်ရထာကို နန်းတင်ရန် အဖျက်ဉာဏ်ဖြင့် အကြံထုတ်နေကြသည်။

တစ်နေ့တွင် ရွှေနော်ရထာ၏ကျွန် ငသောကြာသည် နရပတိမင်း အမှတ်မဲ့ နေချိန်၌ ဓားဖြင့် လှမ်းခုတ်သည်။ သို့ရာတွင် ဘုရင်ကို မခုတ်မိဘဲ ထီးဖြူရိုးကို ခုတ်မိ၏။ ထိုစဉ် ရေနံ့သာစား ငရွှေကျိုင်းက ရုတ်တရက် ထ၍ ငသောကြာကို သိမ်းဖက်ထားလိုက်သည်။ ငသောကြာက ရုန်းသော်လည်း လွတ်မပေး။ နှစ်ဦးသား လုံးထွေးနေကြစဉ် ငရွှေကျိုင်းက “ ငသောကြာ လွတ်လျှင် အရှင်မင်းမြတ် ဒုက္ခရောက်ပါလိမ့်မည်၊ နှစ်ဦးလုံးကို လုပ်ကြံတော်မူပါ၊ ” ဟု လျှောက်သည် နရပတိမင်းသည် ငရွှေကျိုင်းကို လွတ်အောင် ရှောင်၍ ငသောကြာကိုပင် ရွေး၍ ဓားဖြင့် ခုတ်သည်။ ငသောကြာလည်း နန်းထက်မှာပင် သေပွဲဝင်ရတော့သည်။

ဤကိစ္စနှင့် ပတ်သက်၍ ဆက်လက် စစ်မေးရာ ကြံရာပါ ရွှေနော်ရထာ၏ ကျေးကျွန်တို့ကို သတ်ဖြတ်သည်။ ရွှေနော်ရထာကိုလည်း ရေချ၍ သတ်လိုက်လေသည်။ ငသောကြာ၏ အဖျက်စိတ်ကြောင့် အသက်များစွာ သေဆုံးကြရလေသည်။

ထို့ကြောင့် မကောင်းမှု အမုန်၊ မကောင်းကျိုးကို ဇောန်ဖြစ်စေသော ဗျာပါဒကံ စရိုက်ဆိုး တရားကို ရှောင်ရှားကြကုန်ရာ၏။　။

# ယူမှားမိစ္ဆာ ရှောင်ကြဉ်ပါ

မှားသော အမြင်ကို ကြဉ်၍ မှန်ကန်သော အယူအမြင်ကို စင်ကြယ်စွာ ယုံကြည်ရခြင်း သည်လည်း လူသားကျင့်ဝတ်တစ်ပါး ဖြစ်သည်။ မှန်ကန်စွာ ယုံကြည်မှုသည် အတွေးစိတ်၌ ပါဝင်သဖြင့် အတွေးကံ (မနောကံ) အစု၌ ပါဝင်ပေသည်။

အယူအမြင် မှန်ကန်မှုသည် အရာဌာန ကျယ်ဝန်းလှပါသည်။ ဗုဒ္ဓဝါဒနှင့် ပတ်သက်၍ အယူအမြင် ရှုပ်ထွေးခြင်း မရှိသော်လည်း အခြားဘာသာတွေကို လေ့လာသောအခါ အယူအဆ များစွာကို တွေ့ရှိကြရသည်။ ဗုဒ္ဓလက်ထက်တွင် ထင်ရှားသော အယူဝါဒပေါင်း ၆၂–ပါးမျှ ရှိသည်။ ထို့ပြင် ကျင့်စဉ်အမှား (ပါသဏ္ဍ) များလည်း ၉၆–ပါးမျှ ရှိနေလေသည်။ ဤအယူအမြင်နှင့် ကျင့်စဉ်တို့သည် အများအားဖြင့် အတ္တဝါဒကို အခြေခံထားကြပေသည်။ ဤအမှားကံ အယူများကို 'မိစ္ဆာဒိဋ္ဌိ' ဟု ခေါ်ဆိုရပါသည်။

ဤနေရာတွင် ကံသဘောတရားကို ပဓာနထား၍ ရေးသားနေသည် ဖြစ်ရာ ကံနှင့် ပတ်သက်သော အမြင်တို့ကို ရွေးနုတ်၍ ရေးသားရပါမည်။

ဗုဒ္ဓဝါဒ သဘောတရားအားဖြင့် ကံဆိုသည်မှာ ပြုလုပ်အပ်သော ကောင်းမှု မကောင်းမှု တရားများ ဖြစ်သည်။ ထိုကောင်းမှု မကောင်းမှုကို ပြုလုပ်ရန် စေ့ဆော်ချက် (စေတနာ)သည် ကံကို ဖြစ်စေသော အကြောင်းတရား ဖြစ်၏။ ထိုအကြောင်းတရားသည် ဧကန်မုချ အကျိုးတရားကို ရရှိ ဖြစ်ပေါ်စေပါသည်။ ဗုဒ္ဓဝါဒ အမြင်သည် စေ့ဆော်ချက် (စေတနာ) ကြောင့်ဖြစ်သော အလုပ် (ကမ္မ) နှင့် အကျိုးဆက် (ကမ္မဝိပါက) ကို လက်ခံယုံကြည်ထားလေသည်။

ဗုဒ္ဓဘုရား လက်ထက်တွင် ကံသဘောတရားနှင့် စပ်လျဉ်း၍ ခြားနားခြင်း သုံးရပ် ရှိနေပါသည်။ ထိုကံကို မိစ္ဆာဒိဋ္ဌိကံဟု ခေါ်ဆိုရပါသည်။ မိစ္ဆာဒိဋ္ဌိကံ သုံးမျိုးကို အောက်တွင် တွေ့မြင်နိုင်ပါသည်။

## ၁။ ကံပယ်ဝါဒ အကိရိယ

အချို့ ပုဂ္ဂိုလ်တို့သည် ကောင်းမှု မကောင်းမှုကံ ဆိုသည်မှာ မရှိ။ ကောင်းမှု မကောင်းမှုကို ပြုသော်လည်း ပြုသည် မမည်။ သတ်ခြင်း၊ ခိုးခြင်းကြောင့်လည်း အကုသိုလ် မဖြစ်။ လှူဒါန်းခြင်း၊ သီလဆောက်တည်ခြင်းကြောင့်လည်း ကုသိုလ် မဖြစ်။ ကိုသိုလ် အကုသိုလ်ဟူသည် အမှန် တကယ်အားဖြင့် မရှိ။ လူသားတို့၏ သတ်မှတ်ချက် အရသာလျှင် ပြောဆိုနေကြခြင်း ဖြစ်သည် ဟု ယူဆကြသည်။ ဤအယူဝါဒမျိုးကို 'အကိရိယဒိဋ္ဌိ' ဟု ခေါ်ဆိုပါသည်။ ကံကို ပယ်သော ဝါဒဖြစ်၏။ ဗုဒ္ဓလက်ထက်က ပူရဏကဿပဂိုဏ်းဆရာကြီးတို့ ယူသောဝါဒ ဖြစ်သည်။

## ၂။ အကြောင်းပယ်ဝါဒ အဟေတုက

သတ္တဝါ မှန်သမျှသည် အကြာင်းတရားမဲ့စွာ ဖြစ်ပေါ်လာကြ၏။ ညစ်ညူးစေရန်၊ စင်ကြယ်စေရန်လည်း အကြောင်းမရှိ။ ချမ်းသာခြင်း၊ ဆင်းရဲခြင်းဆိုသည်မှာလည်း အကြောင်းတရား မရှိ။ သူ့အချိန်ရောက်လျှင် အလိုအလျောက်ပင် ဆင်းရဲကြရ၏။ ချမ်းသာကြရ၏။ ဖြစ်ချိန်တန်လျှင် ဖြစ်ရ၏။ ပျက်ချိန်တန်လျှင် ပျက်ရ၏။ ဘယ်အကြောင်းကြောင့်မျှ ဖြစ်ပျက်ရသည် မဟုတ်။ အယုတ်ဆုံး သံသရာမှ လွတ်မြောက်ရေးသည်ပင် အကြောင်းတရား မရှိပေ။ သူ့အချိန်စေ့က အလိုအလျောက် လွတ်မြောက်မည်ဟု ယုံကြည်ယူဆကြသည်။

ဤအယူဝါဒကို 'အဟေတုကဒိဋ္ဌိ' ဟု ခေါ်ဆိုပါသည်။ ကံအကြောင်းကို ပယ်သောဝါဒ ဖြစ်၏။ ဗုဒ္ဓလက်ထက်က မက္ခလိဂေါသာလဂိုဏ်းဆရာကြီးတို့ ယူသော အယူဝါဒ ဖြစ်ပေသည်။

## ၃။ အကျိုးပယ်ဝါဒ နတ္ထိက

လောက၌ ကောင်းမှုကံ မကောင်းမှုကံ ဆိုသည်မှာ တည်ရှိနေသည်ဟု လက်ခံသည်။ သို့သော်လည်း ထိုကောင်းမှုကံ မကောင်းမှုကံတို့၏ အကျိုးသက်ရောက်မှုကား မရှိပေ။ ကောင်းမှုကြောင့်လည်း ကောင်းကျိုး မရ။ မကောင်းမှုကြောင့်လည်း မကောင်းကျိုး မရ။ မိဘကို ပြုစုလုပ်ကျွေးခြင်းသည်လည်း အကျိုး မရှိ။ ပြစ်မှား စော်ကားသော်လည်း အကျိုးမရ။ ဂုဏ်ရှိသူ မရှိသူ၊ အာဏာရှိသူ မရှိသူ၊ စီးပွားရှိသူ မရှိသူ အတူတူသာ ဖြစ်သည်။ မသေမီအတွင်း၌သာ ဂုဏ်သတင်း ရှိ၏။ သင်္ချိုင်းရောက်လျှင် နိဂုံးချုပ်၏။ လူတိုင်းသည် ပုခက်နှင့် ခေါင်းအကြား၌သာ ဘဝရှိသည်။ အားလုံးသော ပုဂ္ဂိုလ်တို့သည် သေလျှင် ပြတ်၍ မြေခတ်နှင့် ပေါင်းသွားတော့သည်။

ဤအယူဝါဒကို 'နတ္ထိကဒိဋ္ဌိ 'ဟု ခေါ်ဆိုပါသည်။ ကံ၏ အကျိုးတရားကို ပယ်သောဝါဒ ဖြစ်သည်။ ဗုဒ္ဓလက်ထက်က အဇိတကေသကမ္ဗလဂိုဏ်းဆရာကြီးတို့ ယူသော အယူဝါဒ ဖြစ်သည်။

ဤတွင် ဗြာဟ္မဏဝါဒက သတ်မှတ်ထားသော နတ္ထိကဒိဋ္ဌိနှင့် ခြားနားပါသည်။ ဗြာဟ္မဏဝါဒတွင် ဝေဒကျမ်းကို ကဲ့ရဲ့ပြစ်တင်သူအား နတ္ထိကဒိဋ္ဌိဟု သတ်မှတ်ထားပါသည်။ ဤအဆိုအတိုင်း ပြောရလျှင် ဝေဒကျမ်းကို မယုံကြည်သူတိုင်း နတ္ထိကဒိဋ္ဌိ ဖြစ်ရပေတော့မည်။

## ကြောင်းကျိုးမြင်သိ သမ္မာဒိဋ္ဌိ

ဖော်ပြပါ ဒိဋ္ဌိသုံးပါး သဘောတရားကို ကြည့်လျှင် ဗုဒ္ဓဘုရား၏ ကမ္မအမြင်နှင့် ခြားနားနေသည်ကို တွေ့ရပါမည်။ ဗုဒ္ဓ၏ ကံလမ်းစဉ်တွင် ကံကိုလည်း ယုံကြည်၏။ ကံ၏ အကျိုးတရားကိုလည်း ယုံကြည်၏။ ဤယုံကြည်မှုကို 'ကမ္မဿကတာသမ္မာဒိဋ္ဌိ 'ဟု ခေါ်ဆိုပါသည်။

ဤကမ္မဿကတာသမ္မာဒိဋ္ဌိမျိုးကို ဗုဒ္ဓလက်ထက်က ဗြာဟ္မဏဘာသာဝင်တို့လည်း ယုံကြည်ကြပါသည်။ သို့သော် သူတို့သည် အတ္တဝါဒဖြင့် ခံယူကြသော အယူအမြင်များ ဖြစ်၏။ ဗုဒ္ဓဝါဒကမူ အနတ္တအမြင်ဖြင့် ခံယူထားသော သမ္မာဒိဋ္ဌိအယူ ဖြစ်ပေသည်။

ကမ္မဿကတာသမ္မာဒိဋ္ဌိကို ' ကြောင်းကျိုးအမြင် 'ဟု မြန်မာဘာသာဖြင့် ခေါ်ဆိုနိုင်ပါသည်။ ကျောင်းကျိုးဖြစ်စဉ် သဘောတရားမှာ ဗုဒ္ဓအမြင်ဖြင့် ဖြစ်စေ၊ ဗြာဟ္မဏအမြင်ဖြင့် ဖြစ်စေ၊ သိပ္ပံအမြင်ဖြင့် ဖြစ်စေ လက်ခံကြရပါမည်။ ဤဖြစ်စဉ် သဘောတရားသည် လောကသဘာဝ၏ နိယာမသဘောတရားဟုလည်း ဆိုနိုင်ပါသည်။ ပြုလုပ်မှုနှင့် ဖြစ်ပေါ်မှု အကျိုးဆက်သည် ကမ္ဘာတည်သရွေ့ မှန်ကန်နေမည့် ထာဝရသစ္စာတရား ဖြစ်ပေသည်။

ဗုဒ္ဓဘာသာဝင် တစ်ဦးသည် ဗုဒ္ဓဘုရား ဟောကြားသော ကြောင်းကျိုးဖြစ်စဉ် ဓမ္မအမြင်ကို စင်ကြယ်စွာ သိမြင်ကြရပါမည်။ ယုံကြည်လက်ခံကြရပါမည်။ သို့မှသာ စင်ကြယ်သော ဗုဒ္ဓဘာသာဝင် ဖြစ်လာပါလိမ့်မည်။ ဤသို့ မဟုတ်ဘဲ သာသနာတော်နှင့် အံမဝင်၊ တရားတော်နှင့် ဆန့်ကျင်သော အယူအမြင်တို့ကို လက်ခံနေပါလျှင် စင်ကြယ်သော ဗုဒ္ဓဘာသာဝင် မဖြစ်နိုင်တော့ပါချေ။

## သာသနာ့ပြင်ပ အယူအဆများ

မြန်မာနိုင်ငံသည် ဗုဒ္ဓသာသနာကို ဗဟိုပြု၍ ကိုးကွယ်မှု ပြုခဲ့ကြသည်မှာ နှစ်ပေါင်း ၁၀၀၀– ခန့် ရှိခဲ့ပြီ။ ခေတ်အဆက်ဆက်၌ သာသနာ့ပြင်ပ ဖြစ်သော ယုံကြည်မှုများလည်း တွယ်ကပ်မှီခိုလာခဲ့၏။ ဤပြင်ပ ယုံကြည်မှုများမှာ အများအားဖြင့် အိန္ဒိယကပင် သယ်ဆောင်လာခဲ့သော အယူအဆများ ဖြစ်သည်။ ဤအယူအဆများထဲတွင် –

– နတ်ယုံကြည်မှု ၊
– ဗေဒင် ယတြာ ယုံကြည်မှု ၊

– ဘိုးတော် မယ်တော် ယုံကြည်မှု–
စသည်တို့သည် လူကြိုက်များ၍ ခေတ်စားပေသည်။

နတ်ယုံကြည်မှုတွင် သိကြားနတ်မှအပ အခြားနတ်များသည် မြန်မာပြည်တွင်းဖြစ် နတ်များ ဖြစ်၏။ ထိုနတ်များကို ယုံကြည်သဖြင့် ကိုးကွယ်ဆည်းကပ်နေသူတွေလည်း အမြောက်အမြား ရှိသည်။ လိုအင်ဆန္ဒ ပြည့်ဝမှုကို နတ်က စောင်မနိုင်သည်ဟု ယူဆပြီး ကိုးကွယ်နေကြသည်။ နတ်ဝင်သည်တို့ကလည်း အထက်က တင်ပြခဲ့သည့်အတိုင်း ဗိုက်နာသည်ကို မြင်းဖြူရှင်က ခွာဖြင့် ကန်သောကြောင့်ဟု ကြံဖန်၍ အဖြေပေးနည်းမျိုးဖြင့် ဟောကြားကြသည်။ ကြောင်းကျိုးဖြစ်စဉ် အံမဝင်သော ယုတ္တိမဲ့ အဖြေများသာ ဖြစ်ပေသည်။

အချို့ ဗေဒင်ယုံကြည်သူတို့ကလည်း ပြဿနာရှိတိုင်း ဗေဒင်မေး၍ ယတြာချေကြသည်။ ဗေဒင်လုပ်ငန်းသည် လူသားတို့၏ ပြဿနာ အဝဝကို ဂဏန်းသင်္ချာဖြင့် အဖြေရှာကာ မရေရာသော ဟောကိန်းတို့ဖြင့် ဖြေရှင်း ပေးနေခြင်း ဖြစ်၏။ ကမ္မဿကတာသမ္မာဒိဋ္ဌိအမြင်ဖြင့် ဆင်ခြင်လျှင် ယုံချင်ဖွယ်ရာ မရှိချေ။

ဘိုးတော် မယ်တော် ယုံကြည်သူတို့ကလည်း မိမိတို့ ဂိုဏ်းဆရာထံသို့ ချဉ်းကပ်၍ ပြဿနာအရပ်ရပ်ကို အဆုံးအဖြတ် ခံယူကြ၏။ ၎င်းတို့ကလည်း မေးလာသော ပြဿနာရပ်ကို ဓာတ်စီး၍ ဟောပြကြသည်။

နတ်ဆရာ၊ ဓာတ်ဆရာ၊ ဗေဒင်ဆရာတို့၏ ဟောကြားချက်များကို လေ့လာသောအခါ "ညောင်ဦးကမ်းပါးပြို စမွှာနဂိုရ် နွားမပေါင်ကျိုး " ဆိုသော စကားကဲ့သို့ ကြောင်းကျိုးမညီ မဆီလျော်သော ဟောဆိုချက်များ ဖြစ်ကြောင်း တွေ့ရှိရလေသည်။

မြန်မာနိုင်ငံတွင် သာသနာ့ပြင်ပဖြစ်သော အယူအဆများမှာ အလွန်များပြားလှပါသည်။ လူတို့သည် အယူအဆ များစွာထဲက ရှောင်စရာ အဖုံဖုံ၊ ဆောင်စရာ အစုံစုံတို့ကို နည်းမျိုးစုံဖြင့် လိုက်နာဆောင်ရွက်နေကြသည်။ အလွန်အိုဟောင်း ဆွေးမြေ့သော အယူအဆတို့ကို တော်မလှန် နိုင်ဘဲ လက်ခံနေကြ၏။ ဤအယူအဆတို့ကို တော်မလှန်နိုင်သော နိုင်ငံတို့သည် ခေတ်နောက် ကျန်၍ နေရစ်မည်သာ ဖြစ်လေသည်။

## ဗုဒ္ဓဘာသာ အင်္ဂါငါးပါး

ဗုဒ္ဓဘုရားသည် မိမိဘာသာကို သက်ဝင် ယုံကြည်သူတို့အတွက် ဥပဒေသ ငါးချက်ကို သတ်မှတ်ပေးထားသည်။

၁။ ယုံကြည်မှု သဒ္ဓါတရား ရှိရမည်။

၂။ စောင့်ထိန်းမှု သီလရှိရမည်။

၃။ ကောတုဟလ မင်္ဂလာကို မယုံကြည်ရ။

၄။ ကံကိုသာ ယုံကြည်ရမည်။

၅။ သာသနာတော် ပြင်ပ ကိုးကွယ်မှုကို မရှာမှီးရ။

၁။ ယုံကြည်မှု သဒ္ဓါတရား ဆိုသည်မှာ ဗုဒ္ဓဘုရား၊ ဗုဒ္ဓဘုရား၏ တရားဓမ္မနှင့် သံဃာတော် ဟူသော ရတနာမြတ် သုံးပါးကို ယုံကြည်သူ ဖြစ်ရပါမည်။

၂။ စောင့်ထိန်းမှု သီလမှာ ဗုဒ္ဓဘာသာက သတ်မှတ်ထားသော ကျင့်ဝတ်သီလကို စောင့်ထိန်းသူ ဖြစ်ရပါမည်။

၃။ ကောတုဟလ မင်္ဂလာဆိုသည် အတိတ် နိမိတ်၊ အိပ်မက်ဖတ်ခြင်း၊ ရက်ရာဇာ၊ ပြဿဒါး၊ နေကြတ်၊ လကြတ်စသော ဗေဒင်အယူ အမူအကျင့်တို့၌ ယုံကြည်မှုကို ဆိုလိုပါသည်။ ထိုယုံကြည်မှု မျိုးကို ရှောင်ကြဉ်ရပါမည်။

၄။ ကံကိုသာ ယုံကြည်ခြင်း ဆိုသည်မှာ မိမိပြုလုပ်မှုနှင့် ပြုလုပ်မှု၏ အကျိုးဆက်တရားဖြစ်သော ကမ္မဿကတာသမ္မာဒိဋ္ဌိကိုသာ ယုံကြည်ရပါမည်။ အခြားယုံကြည်မှုမျိုးကို မယုံကြည်ရဟု ဆိုလိုပါသည်။

၅။ သာသနာ့ပြင်ပ ကိုးကွယ်မှုမှာ နတ်၊ သိကြား၊ ဗြဟ္မာ၊ ဂြိုဟ်နတ်၊ ထွက်ရပ်ပေါက်၊ ဘိုးတော်၊ မယ်တော်၊ ဝိဇ္ဇာစသော ကိုးကွယ်မှုတို့ကို ရှောင်ကြဉ်ရပါမည်။

ကောတုဟလ မင်္ဂလာနှင့် သာသနာပြင်ပ ကိုးကွယ်မှုများသည် မိစ္ဆာဒိဋ္ဌိအင်အားကို ကျယ်ပွားစေပြီး လူသား၏ အကျိုးတရားတို့ကိုလည်း ပျက်ပြားစေပါသည်။ ထို့ကြောင့် ဗုဒ္ဓဘုရားဟောကြားသော ဉပါသကာ ဂုဏ်ရည် ငါးချက်နှင့် လျော်ညီစွာ ကျင့်သုံးနေထိုင်ရန်လိုအပ်ပေသည်။

- ကောင်းကျိုးဖြစ်အောင် ကောင်းမှုကို ဆောင်ရပါမည်။
- မကောင်းကျိုး မဖြစ်အောင် မကောင်းမှုကို ရှောင်ရပါမည်။

မကောင်းမှုကို မရှောင်သဖြင့် မကောင်းကျိုးကို ဆောင်ယူသွားရသော ပုဂ္ဂိုလ်တစ်ယောက်အကြောင်းကို ရာဇဝင် စာမျက်နှာ၌ သင်ခန်းစာ ယူနိုင်ပါသည်။

## အယူမှောက်မှား သိုဟန်ဘွား

သက္ကရာဇ် ၈၈၈–ခုနှစ်တွင် အင်းဝ၌ သိုဟန်ဘွား မင်းလုပ်သည်။ သိုဟန်ဘွားသည် ရက်စက် ကြမ်းကြုတ်၏။ ရတနာသုံးပါးကိုလည်း မရိုသေ။ စေတီပုထိုးများကိုလည်း ဉစ္စာပစ္စည်းများ ထားရာဟူ၍ တူးဖြိုပြီး ဌာပနာထားသော ရွှေငွေတို့ကို ယူသည်။

ရဟန်းသံဃာတို့ကိုလည်း သားမယား မရှိဘဲ တပည့်တပန်း အခြွေအရံတို့ကို ဆည်းပူးကြသည်။ ပုန်ကန်သောင်းကျန်းနိုင်သည်ဟု ယူဆသောကြောင့် ၉၀၁–ခုတွင် တောင်ပလုလယ်ပြင်၌ မဏ္ဍပ်ကြီး ဆောက်၍ ဆွမ်းလုပ်ကျွေးမည့်ဟန်နှင့် စစ်ကိုင်း၊ ပင်းယ၊ အင်းဝပတ်လည်ရှိ ရဟန်းသံဃာတို့ကို ပင့်ခေါ်သည်။ သံဃာတွေ ရောက်လျှင် ဆင်မြင်းဗိုလ်ပါ ဝန်းရံလျက် သတ်ဖြတ်လေတော့သည်။

ပင့်သံဃာ ၁၃၀၀–ကျော်အနက် အချို့ရဟန်းတော်တို့မှာ သနားသူတို့က လွှတ်ပေးသဖြင့် လွတ်မြောက်ကြသည်။ လွတ်မြောက်သော သံဃာတို့သည် ပြည်၊ တောင်ငူစသော ဒေသအသီးသီးသို့ ပြေးရှောင်ကုန်ကြရသည်။

တောင်ပလူသတ်ပွဲတွင် ရဟန်းသံဃာတော် ၃၆၀–ကျော် ပျံတော်မူရသည်။ ထိုအထဲတွင် ကျမ်းတတ်ဆရာတော် ၃၀–ကျော် ပါဝင်ပေသည်။ သိုဟန်ဘွားသည် ကျောင်းကန်တို့၌ ရှိသော စာပေတို့ကိုလည်း ယူဆောင်၍ မီးရှို့ဖျက်ဆီးလေသည်။

ဤကဲ့သို့ ဘက်စုံ ဆိုးသွမ်းနေသော သိုဟန်ဘွားကို သည်းမခံနိုင်ကြသောကြောင့် မှူးမတ်တို့တိုင်ပင်ပြီးလျှင် မင်းကြီးရန်နောင်က လုပ်ကြံသတ်ဖြတ်လိုက်လေသည်။ သိုဟန်ဘွားသည် မိစ္ဆာဒိဋ္ဌိကံကြောင့် မျက်မှောက်ဘဝ၌ပင် လုပ်ကြံ သတ်ဖြတ်ခြင်း ခံခဲ့ရလေသည်။

ထို့ကြောင့် မကောင်းမှု အမှန်၊ မကောင်းကျိုးကို ဧကန်ဖြစ်စေသော မိစ္ဆာဒိဋ္ဌိကံ စရိုက်ဆိုးတရားကို ရှောင်ရှားကြကုန်ရာ၏။ ။

# မူးယစ်သေစာ ရှောင်ကြဉ်ပါ

သေရည်အရက်ကို မသောက်ဘဲ ရှောင်ကြဉ်ရသော ကျင့်ဝတ်သည်လည်း လူသား၏ ကျင့်ဝတ်တစ်ပါး ဖြစ်သည်။ ဤကျင့်ဝတ်သည် ဒုစရိုက် ၁၀–ပါး အယုတ်တရား၌ မပါဝင်ပေ။ သို့သော်လည်း လူသားတို့၏ နိစ္စသီလခေါ် ငါးပါးသီလ၌ ပါဝင်နေသော ကျင့်ဝတ်ဖြစ်သည်။ သေရည်အရက် သောက်သုံးမှုသည် ကံသုံးပါးအစုတွင် ကာယကံအစု၌ ပါဝင်ပေသည်။ သေရည်သောက်မှုသည် ဒုစရိုက်အားလုံးကို ပြုလုပ်ရန် စေ့ဆော်ပေးနိုင်သဖြင့် အလွန်အပြစ်ကြီး လှပေသည်။

ရှေးခေတ်ကမူ သေရည်အရက်သာ ရှိခဲ့သော်လည်း ယခုခေတ်တွင်မူ မူယစ်ပစ္စည်း အမျိုးမျိုး ရှိနေပြီ။ ဘိန်း၊ ဘင်း၊ ကစော်၊ လော်စာ၊ ကုတ်ကင်း၊ ဆေးခြောက်၊ မာဖီယာ၊ ဘိန်းဖြူ၊ စိတ်ကြွဆေးစသည်ဖြင့် အမျိုးအမည်များစွာ ပေါ်ပေါက်နေ၏။ မူးယစ်ပစ္စည်း အားလုံးသည် ဤကျင့်ဝတ်သိက္ခာပုဒ်၌ အကျုံးဝင် ပတ်သက်ပါသည်။ ပဉ္စသီလကျင့်ဝတ်ကို ပြဋ္ဌာန်းစဉ်က ဘိန်းဖြူကဲ့သို့ မူးယစ်ပစ္စည်းများ မပေါ်သေးပါ။ သေရည်သာလျှင် တွင်ကျယ်စွာ အသုံးပြုလျက် ရှိပါသည်။ သေရည်သည် ဗုဒ္ဓလက်ထက် မတိုင်မီကပင် ပေါ်ပေါက်ခဲ့ပါသည်။

## သေရည်အစ ပထမ

သေရည်သည် မည်သည့်အချိန်က စ၍ ပေါ်ပေါက်ခဲ့သည်ဟု ဗုဒ္ဓစာပေတို့၌ မတွေ့ရပေ။ သို့သော်လည်း သေရည်သမိုင်း အစကိုမူ  ကုမ္ဘဇာတ်၌ တွေ့ရှိရ၏။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း နန်းစံစဉ် ဟိမဝန္တာမှ သစ်ပင်ကြီး တစ်ပင်တွင် ခက်မကြီး သုံးခုဆုံရာ၌ အခေါင်းကြီးတစ်ခု ရှိသည်။ မိုးရာသီတွင် ထိုအခါင်းကြီးအတွင်း၌ ရေပြည့်နေ တတ်သည်။ အနီးတွင် ရှိသော သစ်ပင်တို့မှ သစ်သီးများသည် ထိုအခေါင်းထဲသို့ ကြွေကျ တတ်သည်။ ကျေးငှက်တို့ စားသော စပါးနှံအစေ့များလည်း ကျရောက်ပြန်သည်။ ရက်ရှည်သော အခါ အခေါင်းထဲက ရေသည် နေပူရှိန်ကြောင့် ကျက်လာသည်။ ထက်သော သေရည်ဖြစ်လာသည်။ ငှက်များသည် ထိုသေရည်ကို သောက်ကြလျှင် မူးယစ်၍ သစ်ပင်ခြေရင်းသို့ လိမ့်ကျကုန်ကြသည်။

ယင်းအဖြစ်ကို တွေ့ရသော ကာသိတိုင်းသား မုဆိုးသည် ထိုသေရည်ကို အနည်းငယ် ယူ၍ သောက်ကြည့်သည်။ မူးယစ်သော အရသာကို ခံစားရသည်။ မုဆိုးသည် ထိုသေရည်ကို ဝရုဏရသေ့ထံ ယူသွားကာ နှစ်ဦးသား သောက်ကြသည်။ သစ်ပင်ရင်းသို့ ကျလာသော ငှက်များကို သတ်၍ အမြည်းလုပ် စားကြသည်။

သူတို့သည် သေရည်ကို ဝါးကျည်တောက်ဖြင့် ထည့်၍ မြို့စွန်မင်းထံ ဆက်သရာ မင်းသည်လည်း သေရည်ကို အလွန်ကြိုက်သွားသည်။ ထိုမြို့၌ပင် သေရည်ကို ပြုလုပ်၍ သောက်သုံးကြရာ တစ်မြို့လုံး သေရည်သမားတွေ ဖြစ်ကုန်ကြသည်။ ထိုမှတစ်ဆင့် ဗာရာဏသီ စသော မြို့များသို့ ကူးစက်သွားရာ နေရာဒေသအနှံ့ ကျယ်ပြန့် သွားလေသည်။

ခေတ်သစ် သုတေသနပညာရှင်တို့ကမူ သေရည်သမိုင်းအစကို ကျောက်ခေတ်သစ်ကဟု အဆိုပြုထားကြပါသည်။ ဘီစီ ၇၀၀၀–ကာလတွင် လူသားတို့သည် စိုက်ပျိုးရေးကို တွင်ကျယ်စွာ လုပ်ကိုင်လာကြပါသည်။ စိုက်ပျိုးသီးနှံတို့မှာ ဂျုံ၊ စပါး၊ ဗာလီနှင့် ပြောင်းတို့ ဖြစ်၏။ ယင်းတို့ကို စိုက်ပျိုး၍ ရရှိလာသော သီးနှံတို့ကို ကြိတ်ဆုံဖြင့် ကြိတ်ကာ အမှုန့်ပြုလုပ်ကြ၏။ ထိုအမှုန့်ဖြင့် ပေါင်မုန့်ကို ပြုလုပ်ကြသည်။ ပေါင်မုန့်ပြုလုပ်ရန်အတွက် အချဉ်ဖောက်ခြင်း၊ ပေါင်းအိုးတွင် ထည့်၍ ဖုတ်ခြင်းစသော အမှုတို့ကို ပြုလုပ်ရ၏။ ဤသို့ ဂျုံမှုန့်ကို အချဉ်ဖောက်ရာမှ သေရည်ကို ပြုလုပ် တတ်လာခဲ့လေသည်။

ဘီစီ ၃၀၀၀–ပြည်နှစ်သို့ ရောက်သောအခါတွင် ဥရောပတိုက်နှင့် အာရှတိုက်တို့၌ သေရည်အရက်သည် လူမှုရေးလောကအတွက် လိုအပ်သော အဖျော်ယမကာ တစ်ရပ်အဖြစ် ရောက်ရှိလာခဲ့လေသည်။

ဗုဒ္ဓဘုရားလက်ထက် ရောက်သောအခါတွင် သေရည်နှင့် ပတ်သက်သော လုပ်ငန်းများ ကျယ်ပွားနေပြီ။ သုရာခေါ် သေရည်ပြုလုပ်ပုံ ငါးမျိုးရှိသည်။ မေရယခေါ် စိမ်ရည်ပြုလုပ်ပုံလည်း ငါးမျိုးပင် ရှိသည်။ အားလုံးသည် မူးယစ်ရည်များသာ ဖြစ်ပေသည်။

ဤမူးယစ်သေရည်သည် လူမှုရေးလောက၏ အသုံးအဆောင်တစ်ရပ် ဖြစ်နေသော်လည်း လူသား၏ ဘဝကို ပျက်စီးစေသော ယမကာတစ်မျိုး ဖြစ်သည်။ ယစ်ရေရည် အစွဲကြောင့် ဘဝပျက်ကာ အသက်သေကြရသော လူများကို မျက်စိအောက်တွင် မြင်တွေ့နေကြရသည် မဟုတ်လော။

## မူးယစ်သောက်စား ခြောက်ပါးဖြစ်

မူးယစ်သေစာ သောက်စားခြင်းကြောင့် မျက်မှောက်ဘဝ၌ပင် အပြစ်ခြောက်ပါး ဒုက္ခများကို ခံစာရနိုင်ကြောင်း ဘုရားရှင်က ဒီဃနိကာယ်၊ ပါထေယျဝဂ်၊ သိင်္ဂါလသုတ်၌ ဟောကြားထားခဲ့ပါသည်။

၁။ စီးပွားဥစ္စာ ပျက်စီးကုန်ခန်းခြင်း။ ။ သေရည်သည် အလကားရသည် မဟုတ်။ တန်ဖိုးပေး၍ ဝယ်ယူသောက်သုံးရ၏။ နေ့စဉ် သောက်သုံးနေသူသည် နေ့စဉ် ငွေကုန်နေရသည်။ ထို့ပြင် မူးယစ်နေသောကြောင့် မိမိပစ္စည်းဥစ္စာကိုလည်း ကောင်းမွန်စွာ ထိန်းသိမ်း စောင့်ရှောက်နိုင်ခြင်း မရှိတော့ပေ။ ခိုးသူတို့ ရန်ကြောင့်လည်း ကုန်ခန်းရပြန်သည်။ ထိုကြောင့် သေသောက်သမားသည် အဘက်ဘက်မှ စီးပွားဆုတ်ယုတ်ရန်အကြောင်း ရှိလေသည်။

၂။ ခိုက်ရန်များခြင်း။ ။ အရက်သောက်သူသည် မူလစိတ်ကို မရရှိနိုင်တော့။ စိတ်ဖောက်ပြန်လာပြီး ရမ်းကားလိုစိတ် ဖြစ်လာသည်။ တိုက်ခိုက်လိုစိတ်ဖြင့် ရန်စတတ်သည်။ ၎င်းနောက် လူအချင်းချင်း ခိုက်ရန် ဖြစ်ပွားရလေသည်။

၃။ ရောဂါဖြစ်ခြင်း။ ။ အရက်သည် လူသားကို ရောဂါဘယ ဖြစ်စေသည်။ အရက်ကြောင့် ဖြစ်သော ရောဂါမှာ များပြားလှသည်။ အချို့သည် အရက်ရောဂါကြောင့် သေဆုံးကုန်ကြသည်။ အရက်သောက်လျှင် သေမည်ဟု သိသော်လည်း မဖြတ်နိုင်ဘဲ အသေခံ၍ သောက်သုံးသွားကြလေသည်။

၄။ ကျော်စောသတင်းမဲ့ခြင်း။ ။ လူသည် မည်မျှပင် ပညာတတ်သည်ဖြစ်စေ၊ အရက်စွဲနေပြီဆိုလျှင် ‘ အရက်သမား ’ ဟူသော နာမည်ဆိုးက အခြားဂုဏ်သတင်းကို ချေဖျက်ပစ်လိုက်၏။ ပတ်ဝန်းကျင်ကလည်း အရေးမထားဘဲ မလေးစားကြတော့ပေ။ အိမ်ကိုလာလျှင်ပင် စကားလက်ခံ၍ မပြောလိုကြတော့ချေ။

၅။ အရှက်အကြောက် ကင်းခြင်း။ ။ အရက်သောက်လျှင် အရှက်အကြောက်ဟူ၍ မရှိတော့။ ပြောရဲ ဆိုရဲ ဆဲရဲ ဆူရဲ ဖြစ်လာသည်။ ပတ်ဝန်းကျင်ကိုလည်း ဂရုမစိုက်။ မိမိကိုယ်ကိုလည်း ဂရုမစိုက်။ အဝတ်မပါ ကိုယ်ချည်းလည်း သွားရဲသည်။ ရှက်ကြောက်မှု မရှိတော့ချေ။

၆။ အသိပညာနည်းခြင်း။ ။ အသိပညာဟူသည် သတိနှင့် သညာကို အမှီပြု၍ ဖြစ်ပေါ်လာရ၏။ မူးယစ်သေစာကို မှီဝဲသူသည် သတိကိုလည်း မေ့လျော့စေ၏။ သညာကိုလည်း ဆုတ်ယုတ်စေ၏။ ထိုအခါ အသိပညာသည်လည်း အားပျော့ယုတ်လျော့ သွားရလေသည်။

သေရည်သောက်စား မူးယစ်သမားသည် ဘက်ပေါင်းစုံက ကျဆုံးစေသဖြင့် ဗုဒ္ဓဘုရားက မူးယစ်စေသော ပစ္စည်းတို့ကို ရှောင်ကြဉ်နိုင်ရန် အပြစ်စုံပြ၍ ဆုံးမတော်မူခြင်း ဖြစ်လေသည်။

အရက်ကို စွဲလမ်းစွာ သောက်သဖြင့် ကျန်းမာရေးဆိုင်ရာ ဆိုးကျိုးများကို ကျန်းမာရေး ဝန်ကြီးဌာနကလည်း အောက်ပါအတိုင်း ကျေညာချက် ထုတ်ပြန်ထားပါသည်။

## အရက်ကြောင့်ဖြစ်သည် ရောဂါများ

အရက်ကို လွန်ကျွံစွာနှင့် စွဲလမ်းစွာ သောက်သုံးခြင်းကြောင့် ဖြစ်ပွားတတ်သော ရောဂါများမှာ–

– အသည်း ရောင်ခြင်း ၊
– အသည်း ခြောက်ခြင်း ၊
– သွေးအန်ခြင်း ၊
– အစာအိမ်ရောဂါ ဖြစ်ခြင်း ၊
– နှလုံးရောဂါ ဖြစ်ခြင်း ၊
– ဦးနှောက်နှင့် အာရုံကြော ထိခိုက်ခြင်း ၊
– စိတ်ရောဂါ ဖြစ်ခြင်း စသည်တို့ ဖြစ်ပါသည်။

အရက်ကြောင့် ဖြစ်တတ်သော စိတ်ရောဂါများမှာ–

၁။ ကယောင်ကတမ်း ဖြစ်ခြင်း၊ ကြောက်လန့်ခြင်း၊ အချိန်၊ နာရီ၊ နေရာ၊ လူ ခန့်မှန်းနိုင်စွမ်း မရှိခြင်း၊ ကြောက်စရာ၊ လန့်စရာတို့ကို မြင်ရခြင်း၊ အသံဗလံများ ကြားရခြင်း၊ ပိုးမွှားများ ခန္ဓာကိုယ်ပေါ် ရွစိရွစိ သွားသလို ခံစားရခြင်း၊ လက်တုန်ရောဂါ ဖြစ်တတ်ခြင်း၊

၂။ အရက်အလွန်အကျွံ သောက်သည့်အခါတွင် လူမရှိဘဲ နားထဲတွင် ခေါ်သံများ၊ ခြိမ်းခြောက်သံများ၊ စော်ကားမော်ကားသံများ ကြားနေရတတ်ခြင်း၊

၃။ အတက်ကြီးရောဂါ ဖြစ်ခြင်း၊ (ဝက်ရူးပြန်ရောဂါကဲ့သို့ တက်ခြင်း၊ )

၄။ စိတ်ဓာတ်ကျ ရောဂါဖြစ်ခြင်း၊

၅။ စိတ်ဖောက်ပြန်ခြင်း၊

၆။ ဦးနှောက်ချို့ယွင်းခြင်း၊

၇။ အရက်နှင့် မတည့်သူများသည် အရက်အနည်းငယ် သောက်ရုံဖြင့် ရုတ်တရက် စိတ်ဖောက်ပြန်တတ်ခြင်း၊

၈။ မိမိဇနီးကို အထင်အမြင်လွဲမှားခြင်းများ ဖြစ်တတ်ခြင်း၊

၉။ အရက်ကြောင့် ရာဇဝတ်မှုများ ကျူးလွန်သည်အထိ ဖြစ်တတ်ခြင်း၊

အထက်ပါ ဆိုးကျိုးများကို မခံစားရစေရန် အရက်သောက်သုံးခြင်း၊ အထူးသဖြင့် အလွန်အကျွံ သောက်သုံးခြင်း၊ အရက်ကို စွဲလမ်းစွာ သောက်သုံးခြင်းတို့မှ ရှောင်ကြဉ်ကြရန် တိုက်တွန်းအပ်ပါသည်။ အရက်စွဲရောဂါ ဖြစ်ပွားပါက စိတ်ကျန်းမာရေး ဆေးရုံနှင့် ကုသရေး ဌာနများတွင် စနစ်တကျ ကုသမှု ခံယူကြပါရန် အသိပေး နှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## သေရည်သောက်၍ အသက်ပျောက်သူများ

မင်းရဲကျော်စွာသည် မြန်မာရာဇဝင်တွင် ထင်ရှားသော စစ်သူရဲကောင်းတစ်ဦး ဖြစ်သည်။ ဘုရင့်မင်းခေါင်၏ သားတော် အိမ်ရှေ့ဥပရာဇာလည်း ဖြစ်ပေသည်။

မင်းရဲကျော်စွာသည် စစ်ရေးပညာ ကျွမ်းကျင်လှသော်လည်း သေအရက်ကိုမူ မပြတ် သောက်သုံးတတ်သည်။ သူသာ အရက်ကြိုက်သူ မဟုတ်။ သူ၏ ဆင်တော် ငချစ်ခိုင်ကိုလည်း

တစ်နေ့လျှင် အရက်နှစ်အင် တိုက်လေ့ရှိသည်။ ဆင်ကြီးလည်း အရက်စွဲနေသည်ဟု ဆိုရမည်။

၇၇၈–ခုနှစ်တွင် မင်းရဲကျော်စွာသည် ရာဇာဓိရာဇ်ကို တိုက်ခိုက်ရန် စစ်သည်ဗိုလ်ပါ တို့နှင့်အတူ အောက်ပြည်သို့ စုန်ဆင်းခဲ့သည်။ ရာဇာဓိရာဇ်သည်လည်း မင်းရဲကျော်စွာ တပ်ကို ဝန်းရံလာသည်။ ဤကိစ္စကို မင်းရဲကျော်စွာ သိသဖြင့် ချက်ချင်းတိုက်ခိုက်ရန် ပြင်ဆင်တော့သည်။ မှူးမတ်တို့က " အရှင့်သား ထွက်တော် မမူပါနှင့်ဦး၊ လူသူဆင်မြင်း မစုရုံးမိသေးပါ၊ " ဟု လျှောက်တင်ကြသည်။

မင်းရဲကျော်စွာသည် မှူးမတ်တို့၏ စကားကို နားမထောင်တော့ပေ။ ထိုနေ့တွင် ခါတိုင်းထက် အရက်ကို ပို၍ သောက်သည်။ ဆင်တော်ကိုလည်း ခါတိုင်းထက် ပို၍ အရက် သုံးအင် တိုက်သည်။ ပြီးနောက် ဖွတ်ထွက်၍ တိုက်တော့သည်။ ဤစစ်ပွဲတွင် ဆင်ပေါ်က လိမ့်ကျပြီးနောက် ရာဇာဓိရာဇ်၏ လက်ချက်ဖြင့် အသက်သေခဲ့ရလေသည်။ မင်းရဲကျော်စွာသည် ဤစစ်ပွဲတွင် အမူးလွန်သဖြင့် မှူးမတ်တို့ စကားကို နားမဝင် မဆင်ခြင်နိုင်ဘဲ တိုက်ခိုက်သဖြင့် ကျဆုံးခဲ့ရခြင်း ဖြစ်ပေသည်။

## ဘေးမမြင်သည့် တပင်ရွှေထီး

တပင်ရွှေထီးမင်းသည် ပေါ်တူဂီလူမျိုး ဘုရင်ဂျီကုလား တစ်ယောက်ကို သူကောင်းပြု ထား၏။ ထိုကုလားက အရက်ကို ချက်၍ ဆက်သရာမှ အရက်စွဲဝေဒနာ ဖြစ်လာခဲ့သည်။ နေ့စဉ် အရက်မသောက်ရလျှင် မနေနိုင်တော့ပေ။

၉၉၁–ခုနှစ်တွင် သမိန်ထောရာမ ဆိုသူက သံလျင်ကို အခြေပြု၍ ပုန်ကန်မှု ဖြစ်ပွား သည်။ ထိုပုန်ကန်မှုကို ဖြိုဖျက်ရန် ဘုရင့်နောင်သည် ချီတက်၍ ဒလတွင် စခန်းချ နေရသည်။

ဘုရင့်နောင် မရှိချိန်တွင် တပင်ရွှေထီးမင်းသည် ယာယီရှိသည်ဆို၍ ကသာတပ်သို့ ပြောင်း၍ စံနေသည်။ ထိုအခါ စစ်တောင်းစား သမိန်စောထွတ်သည် ထီးနန်းကို လုယူရန်အတွက် မိမိညီတော်သူ လက်ဝဲဓားမှူးအား လုပ်ကြံခိုင်း၏။

၉၉၂–ခု၊ ကဆုန်လပြည့်ကျော် ၁–ရက်နေ့ ညတွင် တပင်ရွှေထီးသည် အရက်မူးပြီး သလွန်ထက်၌ အိပ်ပျော်နေစဉ် လက်ဝဲဓားမှူးက ဦးခေါင်းကို ဓားဖြင့် ခုတ်၍ လုပ်ကြံလေသည်။ တပင်ရွှေထီးသည် အရက်မူးလွန်သဖြင့် ဆင်ခြင်မှု မရှိဘဲ နေရာမှ လုပ်ကြံခံရခြင်း ဖြစ်လေသည်။

## အရက်မူးသည့် စဥ့်ကူးဘုရင်

သက္ကရာဇ် ၁၁၃၈–ခုနှစ်တွင် စဥ့်ကူးမင်း နန်းတက်သည်။ ထိုမင်းသည်လည်း သေရည် ကြိုက်သော မင်းဖြစ်သည်။ မင်းသည် ငယ်ရွယ်သူ ဖြစ်၍ ငယ်သော မှူးမတ်တို့နှင့်သာ သောက်စားမူးယစ်၍ အချိန်ကုန် နေတတ်သည်။

တစ်ခါတစ်ရံ နန်းမြို့ အပြင်ဘက်သို့ ထွက်၍ သောက်စားနေတတ်သည်။ ထိုအခါမျိုးတွင် ညဥ့်အချိန်မတော်မှလည်း ပြန်ရောက်လာတတ်သည်။ ဤဖြစ်စဉ်ကြောင့်ပင် စဉ့်ကူးမင်းအတွက် ထီးနန်းလည်း ဆုံးရှုံးရသည်။ အသက်လည်း သေဆုံးရသည်။

၁၁၄၃–ခုနှစ်တွင် စဥ့်ကူးမင်းသည် အညာသီဟတောသို့ ဘုရားဖူးသွားစဉ် ဖောင်းကားစား မောင်မောင်သည် နောက်ပါလူစုနှင့် ညအချိန်တွင် ရောက်လာ၏။ စဥ့်ကူးမင်း လှေလျင်နှင့် ရောက်လာလေဟန် ပြော၍ မြို့တံခါးကို ဖွင့်ခိုင်းသည်။ တံခါးမှူးတို့ကလည်း ခါတိုင်း ဘုရင်မင်းမြတ် ရောက်လာတတ်သဖြင့် တံခါးကို ဖွင့်ပေးကြ၏။ မောင်မောင်နှင့် အဖွဲ့သည် ထီးနန်းကို သိမ်းပိုက်၍ လုယူလိုက်တော့သည်။

ဖောင်းကားစား မောင်မောင်သည် ထီးနန်းကို သိမ်းပိုက်၍ ၇-ရက်မျှ ရှိသောအခါ ဗဒုံမင်းသားက ထပ်မံ၍ လုပြန်သည်။ ဗဒုံမင်းသည် ထီးနန်းကို လုယူသိမ်းပိုက်ပြီးနောက် ဖောင်းကားစားနှင့် စဥ့်ကူးမင်းတို့ကို ကွပ်မျက်သုတ်သင်လေသည်။ စဥ့်ကူးမင်းသည်လည်း အရက်ကို အကြောင်းခံ၍ ကံကုန်ခဲ့ရခြင်း ဖြစ်ပေသည်။

ထို့ကြောင့် မကောင်းမှု အမှန်၊ မကောင်းကျိုးကို ဧကန်ဖြစ်စေသော မူးယစ်ကံ စရိုက်ဆိုးတရားကို ရှောင်ရှားကြကုန်ရာ၏။ ။

( ပြီးပါပြီ )

**ဘုန်းနွယ် (ရေစကြို)**
( ၂ ၊ ၁၀ ၊ ၂၀၀၄ )